mgyoe.com

# ရွှေဥဒေါင်း

# သိန်းထိုက်နှင့် ဂျေမ်းနက်ရှိတ်ဘွန်း





mgyoe.com



ရွှေဥဒေါင်း

သိန်းထိုက်
နှင့်
ဂဠုန်နက်ရှိုကြား

SOD0018
2,800.00 KS

mgyoe.com
mgyoe.com

mgyoe.com

သိန်းထိုက်နှင့်ဂျွန်နက်ဂိုဏ်း၊ ရွှေဥဒေါင်း
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၂၈၈ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ နိုဝင်ဘာလ၊ ဆဋ္ဌမအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၇ စိတ်ကူးချိုချို၏ ပဌမအကြိမ်မူ။

ရောင်းဈေး ၂၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# သိန်းထိုက်
# နှင့်
# ဂဠုန်နက်ဂိုဏ်း
# ရွှေညဒေါင်း

စတုတ္ထအကြိမ်၊ ၂၀၁၃

mgyoe.com

mgyoe.com
mgyoe.com

.mgyoe.com

# သိန်းထိုက်

ရွှေဥဒေါင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့၌ မြန်မာဘုရင်တို့အနက် နောက်ဆုံးဘုရင်ဖြစ်ပေသည့် အရှင်သီပေါမင်းအား အင်္ဂလိပ်အစိုးရတို့က လက်ရစိုးပိုင် အနိုင်အထက် လက်နက်တည်းဟူသော ခွန်အားဖြင့် စွန့်စားတိုက်ခိုက်ရခြင်းမျှလည်းမရှိ၊ ချောင်ချိလွယ်ကူစွာ တစ်ပြည်တစ်ရွာသို့ ဖမ်းဆီးခေါ်ဆောင်၍ သွားပြီးသည့်နောက်၊ တစ်လကျော်ခန့်မျှကြာရှိသည်ဖြစ်၍ တစ်နေ့သော ညနေခင်းအချိန်တွင် (၂၀)ခန့်မျှသော လူတစ်စုတို့သည် မြင်းတစ်စီးစီနှင့် ဧရာဝတီမြစ်လက်တက်ဖြစ်သော ရွှေလီမြစ်ကမ်းပါးတစ်လျှောက်မှ အထက်မြစ်ညာသို့ လျင်မြန်စွာ စီးနင်းသွားလာလျက်ရှိပေ၏။ ထိုသူတို့မှာ သေနတ်ကိုယ်စီထမ်းလျက်ရှိသည့်ပြင် ဓားလွတ်တို့ကိုလည်း ကိုယ်စီလွယ်လျက် ခါးတွင်လည်း ဓားမြှောင်တို့ဖြင့် ထိုးလျက်ရှိလေရာ၊ ၎င်းတို့အနက် အဆက်အကွင်းကျနေ၍ ဖောင်းဝတ်ရောင်မြင်းကြီးကိုစီးနင်းလျက် ရှေ့ဆုံးမှ သွားလာသောသူသည်ကား လူသာမညတို့ထက် ခက်ထန်ခန့်ညားသော အမူအရာရှိခြင်းဖြင့်လည်းကောင်း၊ သန့်ရှင်းဖြူစင်သော ရုပ်လက္ခဏာရှိခြင်းဖြင့်လည်းကောင်း၊ မွန်ရည်တင့်တယ်ရှုချင်ဖွယ်ရှိသော အဆင်းသဏ္ဌာန်ရှိခြင်းဖြင့်လည်းကောင်း၊ အလွန်တရာ တောက်ပကြည်လင်လျက် အမျက်ထွက်သောအခါတို့၌လည်း မီးတဖျပ်ဖျပ် ထွက်ဘိသကဲ့သို့ရှိသော မျက်လုံးတို့ဖြင့်လည်းကောင်း၊ ထိုသူသည် ဤလူစုအနက်တွင် အကြီးအမှူးဖြစ်၍ သာမညအမျိုးအနွယ်မဟုတ်ကြောင်း ထင်ရှားပေသည့်ပြင် မိမိဆောင်ရွက်ရန် ကိစ္စတို့၌လည်း အနှောင့်အယှက် အကန့်အကွက်တို့နှင့် တွေ့ရှိသည့်အခါ၌လည်း မိမိ၏အသက်ကိုလည်းကောင်း၊ သူတစ်ပါး၏ အသက်ကိုလည်းကောင်း အဏုမြူခန့်မျှ ပမာဏမပြုဘဲ ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်မည့်သူတစ်

mgyoe.com

mgyoe.com


ယောက်ဖြစ်ကြောင်းကို မြင်ရသူတိုင်းတို့၏ စိတ်၌ပင် ထင်ရှားစွာ ဖြစ်ပေါ်လောက်ပေ၏။ စင်စစ်သော်ကား ထိုလူတစ်စုတို့မှာ တောပုန်းဓားပြတစ်စု ဖြစ်ကြ၍ ထိုသူမှာ ဓားပြကြီးဖြစ်ပေရာ၊ အမည်မှာ ဘိုတောက်ထွန်းဟူ၍ ခေါ်တွင်ခဲ့လေ၏။

ဘိုတောက်ထွန်းမှာ မြန်မာဘုရင် လက်ထက်တော်၌ များစွာ သူကောင်းပြုခြင်းခံရသော ဝန်တစ်ပါး၏ သားဖြစ်ပေရာ၊ ငယ်စဉ်အခါကပင် ခက်ထန်ကြမ်းကြုတ်သော စိတ်သဘောရှိ၍ လူဆိုးသူခိုးတို့နှင့် ပေါင်းသင်းခြင်း၌လည်းကောင်း။ ခိုက်ရန်ဖြစ်ပွားခြင်း၌လည်းကောင်း၊ အလွန်တရာ အထုံဝါသနာပါရှိခဲ့သည့်အပြင် နှစ်ကြိမ်တိုင်တိုင် လူသတ်မှုမှ မိဘဂုဏ်ဒြပ်ကြောင့် လွတ်လပ်ခြင်း ရပြီးသည့်နောက် တတိယအကြိမ်တွင် မိမိတို့နှင့် ဂုဏ်ရည်တူဖြစ်သော အခြားဝန်တစ်ပါး၏ သားကို ရည်းစားလုမှုနှင့် ပတ်သက်၍ ရတ်တရက် သတ်ဖြတ်လိုက်သည့်အမှု၌ကား အမိအဖတို့မှာ ကယ်နိုင်ဖွယ်ရာ မဖြစ်လေရာ၊ ဘိုတောက်ထွန်းမှာ အမိဖြစ်သူထံမှ စရိတ်ငွေကြေး အနည်းငယ်နှင့် အဖ၏ မြင်းတစ်စီးကို စီးနင်းပြီးလျှင် အတင်းထွက်ပြေးခဲ့ရလေသည်။ အဖဝန်မင်းမှာ သား၏ပြစ်မှုကြောင့် ရာထူးမှ ထုတ်နုတ်လျှော့ချခြင်း ခံရလေရာ ဘိုတောက်ထွန်းမှာ မိဘရပ်ထံသို့ ပြန်လည်သွားရောက်ခြင်းမရှိဘဲ၊ အထုံဝါသနာ ပါရှိရင်းဖြစ်သော လုယက် တိုက်ခိုက်မှုဖြင့် အသက်မွေးမြူခဲ့လေရာ၊ အထက်မြစ်ညာတစ်လွှားတို့၌ ဘိုတောက်ထွန်းဟူသောအမည်ကို ကြားရလျှင် လူတိုင်းပင်လျှင် ဖိမ့်ဖိမ့်တုန်မျှ ကြောက်ရွံ့ကြရလေ၏။

၎င်းဘိုတောက်ထွန်းသည် အထက်မြစ်ညာတစ်လွှားတို့၌ ကျေးရွာဇနပုဒ်တို့မှစ၍ မြို့သိမ်မြို့ငယ်တို့၌ပင်လျှင် ဝင်ရောက်တိုက်ခိုက်ဖန် များလှသဖြင့် ခြေရာချင်း ထပ်လုဘနန်း ရှိပြီဖြစ်သောကြောင့် အင်္ဂလိပ်အစိုးရတို့သည် မြန်မာပြည်အထက်ပိုင်းကို သိမ်းပိုက်ယူငင်ပြီးသည့်အခါတွင် တစ်ခုသောသတင်းကို ရရှိချက်အရ၊ ၎င်းဘိုတောက်ထွန်းသည် မိမိ၏ နောက်ပါဓားပြ (၂၀)တို့နှင့် မိုးမိတ် ရှမ်းနယ်သို့ ချီတက်ခြင်း ဖြစ်လေသည်။

တစ်ခုသော တောစခန်းသို့ ဆိုက်ရောက်ကြလေလျှင် မြင်းစီးဓားပြတို့သည် မိမိတို့ လမ်းခရီးတွင် ပစ်ခတ်ရရှိခဲ့သော တောကောင်တို့၏ အသားများကို ချက်ပြုတ်စားသောက်ကြပြီးနောက် ဘူးတောင်းငယ်များနှင့် ထည့်ထားသော တောအရက်များကို ယစ်မူးအောင် သောက်စားကြပြီးလျှင် မီးပုံကြီးတစ်ခု၏အနီးတွင် ဝိုင်းဖွဲ့ကာ အိပ်ကြလေရာ ဘိုတောက်ထွန်းမှာမူကား တပည့်ငယ်သားတို့ ရတ်တရက် ဆောက်လုပ်ကြသော သစ်ခက်တဲအတွင်း ကွပ်ပျစ်ငယ်တစ်ခုပေါ်၌ လဲလျောင်းလျက် အသက်အရွယ် အတော်အတန် ကြီးရင့်သော ငယ်သား (၂)

mgyoe.com

mgyoe.com


ယောက် (၃)ယောက်တို့နှင့် မိမိတို့ လမ်းခရီးအစီအစဉ်ကို တိုင်ပင်ဆွေးနွေးလျက် ရှိကြလေသည်။

သန်းခေါင်အချိန်နီးလေလျှင် ယနေ့ညသည် မည်သူ၏ အလှည့်ဖြစ်သည်ကို မေးမြန်း၍ အလှည့်ကျသူ နှစ်ယောက်တို့အား တဲအနီး၌ ကင်းစောင့်စေသည် ဖြစ်ရာ ဘိုတောက်ထွန်းသည် ချမ်းအေးသည့် ရာသီပင် ဖြစ်သော်ငြားလည်း မိမိ အိပ်ရာမှ မကြာမကြာထ၍ ကင်းစောင့်တို့သည် အိပ်၍နေကြသည် မနေကြသည်ကို ချောင်းမြောင်းကြည့်ရှုလေရာ၊ အကယ်၍ အိပ်ပျော်ခဲ့ပါလျှင် ကြီးစွာသော ပြစ်ဒဏ်ကို ပေးမည်ဖြစ်သောကြောင့် ကင်းသမားတို့မှာ ညဉ့်တစ်ဝက်ပတ်လုံး မိမိတို့အလှည့် မကုန်မချင်း အိပ်ပျော်ခြင်းမရှိဘဲ သန်းခေါင်ကျော်လွန်မှ အခြား ကင်းသမားနှစ်ယောက်တို့ကို နှိုး၍ အိပ်ရာသို့ ဝင်ကြရလေ၏။ ယင်းကဲ့သို့ နေ့အခါတိုင်း ခရီးသွားကြ၍ ညဉ့်တိုင်ရောက်သည့်အခါတိုင်း အစောင့်အရှောက်တို့ဖြင့် ကြီးကြပ်စောင့်ရှောက်ပြီးလျှင် ခရီးအစဉ်တစိုက် သွားလာကြလေရာ (၁၀)ရက်ခန့်မျှ ကြာလေလျှင် မိုးမိတ်နယ်စပ်ရှိ တစ်ခုသော ရွာငယ်ဇနပုဒ်သို့ ချဉ်းကပ်မိကြလေ၏။

ဘိုတောက်ထွန်းနှင့် ၎င်း၏ယောက်သား (၂၀)တို့လည်း ရှမ်းရွာငယ်နှင့် ခရီးတစ်တိုင်ခန့်မျှကွာဝေးသည့် တစ်ခုသောတောအုပ်၌ ရေးနည်းအတူ စခန်းချကြပြီးလျှင်၊ ချက်ပြုတ်စားသောက်ကြပြီးသည်နှင့် တစ်ပြိုင်နက် ငယ်သားအားလုံးတို့ကို စည်းရုံးခေါ်ငင်လျက် ပြောသည်မှာ

"ငါ၏ တပည့်များ၊ ငါသည် ဤရှမ်းပြည်နယ်သို့ လာရောက်ရခြင်း အကြောင်းရင်းမူလမှာ မိုးမိတ်နယ် မိုးမိတ်မြို့ကြီး၏ အလယ်၌ အဓိကရ နတ်စင်ကြီးတစ်ခုရှိသည်ဟု ငါကြားရ၏။ ၎င်းနတ်စင်၌ ရှမ်းလူမျိုးတို့သည် နှစ်စဉ်မပြတ် ဤလဤနေ့၌ နတ်ပွဲသဘင်ကျင်းပမြဲဖြစ်ရာ ၎င်းနတ်စင်ရှိ တစ်ခုသောနတ်ရုပ်၏ မျက်လုံးတို့မှာ တစ်လုံးကား ပတ္တမြား၊ တစ်လုံးကား နီလာဖြစ်သည်ဟူ၍လည်း ငါကြားရ၏။ ၎င်းနတ်ရုပ်ကြီးမှာ အခါခပ်သိမ်းတို့၌မူ စော်ဘွား၏ ဟော်အတွင်း၌သာလျှင် သိမ်းဆည်း၍ထားသည်ဖြစ်ရာ နတ်ပွဲတိုင် ရောက်သည့်အခါမှ ၎င်းနတ်စင်သို့ (၃)ရက်မျှ ရွှေ့ပြောင်း၍ အစောင့်အကြပ်တို့နှင့် စောင့်ကြပ်ဝိုင်းရံလျက် ရှိသည်ဟု ငါကြားရပေသည်။ နက်ဖြန်သည်ကား နတ်ပွဲသဘင်ကျင်းပမည့်နေ့ဖြစ်၍ နံနက်စောစောမှပင် နတ်ရုပ်ကို နတ်စင်သို့ရွှေ့ပြောင်း၍ နက်ဖြန်ညဉ့်၌ကား နတ်စင်၏အတွင်း၌ပင် ထင်ရှားစွာထားသို၍ ကောင်းမွန်စွာ စောင့်ကြပ်ထိန်းသိမ်းလျက် ရှိပေလိမ့်မည်။ နတ်ရုပ်၏ တစ်ဖက်သောမျက်စိမှ ပတ္တမြားသည် အဖိုး တစ်သိန်းမျှထိုက်တန်သည်ဖြစ်၍ ရှမ်းဘာသာဖြင့် "သိန်းထိုက်" ဟု ခေါ်ဝေါ်ကြ

mgyoe.com

mgyoe.com

ကြောင်းကို ငါကြားရဖူး၏။ အခြားတစ်ဖက်သောမျက်လုံးမှ နီလာသည်ကား အသပြာတစ်သောင်းမျှ ထိုက်တန်သည်ဟု ပြောကြ၏။ သို့ဖြစ်၍ ငါတို့နက်ဖြန် ညဉ့်တွင် နတ်စင်ကို အတင်းဝင်ရောက်၍ နတ်ရုပ်မှ မျက်စိနှစ်လုံးကို ဖောက်ယူရန် လာရောက်ခဲ့ခြင်း ဖြစ်ပေသည်။

အထက်ပါစကားတို့ကို ငယ်သားများကြားရလေလျှင် အချို့သောသူတို့မှာ လူမည်မျှကို တိုက်ခိုက်ရသည်ဖြစ်စေ၊ ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိဖြစ်သော်လည်း နတ်ရုပ်၏မျက်စိကို ဖောက်၍ယူခြင်းငှာမူ အလွန်တရာကြောက်မက်ဖွယ်ကောင်းလှသည်ဟု ထင်မှတ်ကြသဖြင့် ညည်းတွားကြသည့်အသံကို ဘိုတောက်ထွန်းကြားရလေလျှင် မြေကြီးကို ဖနောင့်ဖြင့် ဆောင့်လျက် ...

“ဘာလဲကွဲ့။ မင်းတို့ ယခုညည်းတွားကြတာ၊ ယောက်ျားလား၊ မိန်းမလား၊ ယောက်ျား အာဇာနည်တွေရယ်လို့ သွေးစည်းပြီး ထားလိုက်တာ၊ ယခုမှ မိန်းမတွေမှန်း ငါသိရသကိုး။ နတ်ရုပ်ကို လူကလုပ်သလား။ လူကို နတ်ရုပ်က လုပ်သလား။ ပြောကြစမ်း။ ဒင်းတို့ကို သည်လိုပြောလို့ မဖြစ်ဘူး။ ကိုင်း ... ကြောက်တဲ့အကောင်၊ ထစမ်း ...”

ဟုပြောလျက် သေနတ်ကို ကိုင်စွဲလေလျှင် ငယ်သားတို့မှာ နတ်ကို ကြောက်သည်ထက် ဘိုတောက်ထွန်းကို သာ၍ ကြောက်ကြသည် ဖြစ်သောကြောင့် မည်သူမျှ မထဝံ့ဘဲ၊ ပြားပြားဝပ်လျက် ရှိသည်တွင် တစ်ဦးသောသူက မိမိတို့ ဝန်ခံချက်အရ၊ ဆရာနှင့် သွားရမည်ဆိုလျှင် နတ်ရုပ်ကိုမျှမက သိကြားရုပ်၏ မျက်စိကိုလည်းကောင်း၊ ဗြဟ္မာရုပ်၏ မျက်စိကိုလည်းကောင်း ဖောက်ဝံ့ကြပါကြောင်းနှင့် ပြောဆိုလေ၏။

ထိုအခါမှ ဘိုတောက်ထွန်းက “သည်လိုမှပေါ့ကွယ်၊ ဆရာ့ တပည့်တွေကပဲ ကြောက်မွေးပါ ဇာဂနာနဲ့ နတ်မယ်ဆိုသမဟုတ်လား။ ကိုင်း – ကိုင်း။ ညဉ့်လဲနက်ပြီ၊ အိပ်ကြပေတော့။ ငါ့တပည့်များ သည်ကနေ့ည ရှမ်းနယ်ထဲကို ရောက်လာခဲ့ကြပြီ။ တစ်လှည့်မှာ ကင်းစောင့် (၄)ယောက် စောင့်ကြကွယ့်နော်” ဟု အမိန့်ပေးပြီးနောက် မိမိ၏ သစ်ခက်တဲထဲသို့ ဝင်လေ၏။

နက်ဖြန် သန်းခေါင်အချိန်ခန့်မျှ ရှိလေလျှင် မိုးမိတ်မြို့အတွင်း နတ်စင်ကြီး၌ (၂၀)ခန့်မျှသော ရှမ်းလူမျိုးတို့သည် လက်နက်အပြည့်အစုံတို့နှင့် နတ်စင်၏ အပြင်မှ စောင့်ကြပ်ရင်း အိပ်လျက်ရှိကြရာ၊ နတ်စင်၏ အနီး၌ကား ၁၀ယောက်မျှသော ရှမ်းတို့သည် အိပ်ကြလျက် နတ်ရုပ်၏ အနီး၌ကား ရှမ်းလူကြီး ၃ ယောက်တို့သည် မီးခွက်တစ်ခုကို ထွန်းညှိ၍ မအိပ်ဘဲ စောင့်ကြပ်လျက် ရှိကြလေ၏။
mgyoe.com

mgyoe.com

ယင်းကဲ့သို့ ရှိကြသည့် နတ်စင်၏ အပြင်မှ ကင်းစောင့်တစ်ယောက်သည် မသင်္ကာသော အသံတစ်ခုကို ကြားသည်နှင့် အနီး၌ရှိသော မိမိ၏ အဖော်အား နှိုးမည်အပြုတွင် အေးစက်စက်ရှိသော အရာတစ်ခုသည် မိမိ၏ပါးနှင့် ထိမိသည်နှင့် ကြည့်လိုက်ရာ သေနတ်တစ်လက်၏ ပြောင်းဝဖြစ်ကြောင်း သိသည်နှင့် တစ်ပြိုင်နက် လူတစ်ယောက်သည် တစ်ဖက်သောလက်နှင့် ဆိတ်ဆိတ်နေရန်ပြလျက်၊ ဆိတ်ဆိတ်မနေခဲ့လျှင် ပစ်လိုက်မည်ဟူသောအနေဖြင့် အခြားလက်နှင့် သေနတ်ခလုတ်ကို ဖြုတ်မည် ပြုနေသည်ကို မြင်ရလေလျှင် ထိုရှမ်းမှာ ကြက်သေသေလျက် ရှိနေလေ၏။ ထိုအတောအတွင်း၌ လူတစ်စုတို့သည် အခြားကင်းစောင့်များကို လက်ဖြင့် ဖြည်းညင်းစွာ လှုပ်နှိုး၍ နိုးသည်နှင့်တပြိုင်နက် သေနတ်ပြောင်းဝကိုသာလျှင် တစ်ယောက်စီ တွေ့မြင်ကြရလေရာ၊ မိနစ်ဝက်ခန့်မျှအတွင်းတွင် ရှမ်းလူမျိုးတစ်ယောက်လျှင် ဓားပြတစ်ယောက်ကျ သေနတ်နှင့် တေ့ပြီး ဖြစ်လေ၏။ ထိုကဲ့သို့ စီးနင်းမိသည့်အခါမှ ဘိုတောက်ထွန်း၏ အမိန့်အတိုင်း မြန်မာဓားပြတစ်ယောက်လျှင် ရှမ်းကင်းစောင့် (၄)ယောက်မျှကို သေနတ်ဖြင့် ချိန်စေလျက် ၎င်းတို့၏ လက်နက်တို့ကိုကား ကျန်လူတို့က သိမ်းဆည်းပြီး ဖြစ်လေရာ၊ လက်နက်မရှိသော ရှမ်းကင်းစောင့် (၂၀)မျှကို ဓားပြ (၅)ယောက်မျှသာလျှင် စောင့်ကြပ်ကြလျက် ကျန် (၁၅)ယောက်နှင့် ဘိုတောက်ထွန်းတို့မှာ နတ်စင်တွင်းသို့ ဝင်ကြလေ၏။

နတ်စင်တွင်းသို့ ရောက်ကြလေလျှင် တစ်ဦးသော ရှမ်းကင်းစောင့်သည် နိုးလျက် ရှိသည်ဖြစ်သောကြောင့် ဓားပြတို့ကို မြင်သည်နှင့် တစ်ပြိုင်နက် မိမိ၏ အဖော်များအား နှိုးလေရာ၊ ဓားပြ (၁၆)ယောက်နှင့် ရှမ်းကင်းစောင့် (၁၀)ယောက်တို့သည် ဓားလက်နက်တို့နှင့် တိုက်ခိုက်ကြလေ၏။ ရှမ်းလူမျိုးတို့မှာ ဓားသိုင်း၊ လှံသိုင်း စသည်တို့၌ အတော်အတန် ကျွမ်းကျင်ခဲ့သည် မှန်သော်လည်း၊ ၎င်းတို့မှာ ဆရာသင်၍သာလျှင် တတ်မြောက်ကြရ၍၊ အကယ်စင်စစ် တိုက်ခိုက်ရဖူးသည်များ မရှိဖြစ်လေရာ၊ ဓားပြတို့မှာမူ မိမိတို့၏ လက်နက်ကို မကြာခဏ အသုံးချရသည် ဖြစ်၍၊ အလွန်တရာ ကျင်လည်လှသဖြင့် 'စာတွေ့နှင့် လက်တွေ့' ခြားနားဘိသကဲ့သို့ ခြားနားသည့်အပြင် အရေအတွက်မှာလည်း မြောက်မြားပိုမိုသည် ဖြစ်ပေရကား အခြား မြို့သူမြို့သားတို့ နိုးကြားမည်ကို စိုးရိမ်သဖြင့် သေနတ်များကိုမျှ အသုံးမပြုပဲ၊ ဓားလက်နက်ချင်းဖြင့်သာလျှင် အနိုင်ရအောင် တိုက်ခိုက်ကြလေ၏။

ဘိုတောက်ထွန်းမှာ တိုက်ခိုက်ခြင်း အဆုံးသို့တိုင်အောင် စောင့်ဆိုင်းခြင်း မပြုဘဲ မိမိ၏လူများသည် ရှမ်းကင်းစောင့်တို့အား နိုင်နင်းလောက်ပြီဟု သိသည်နှင့် တစ်ပြိုင်နက် ငယ်သားတစ်ယောက်ကိုခေါ်၍ နတ်ရုပ်ရှိရာသို့သွားပြီးလျှင် နတ်ရုပ်

mgyoe.com

mgyoe.com

အနီးမှ မိမိအား ခုတ်မည်ရွယ်နေသော ရှမ်းကြီးတစ်ယောက်အား ဓားမြှောင်နှင့်လည်းကောင်း၊ အခြားတစ်ယောက်အား ဓားလွတ်ဖြင့်လည်းကောင်း ပိုင်းပြီးနောက် နတ်ရုပ်၏ မျက်စိများကို လက်နှစ်ဖက်နှင့် ပိတ်လျက်ရှိသော ရှမ်းကြီးအား အနည်းငယ်မျှ ဆုတ်ဆိုင်းနှောင့်နှေးခြင်းမရှိဘဲ ရင်ဝကို ဓားမြှောင်နှင့် ထိုးလိုက်လေ၏။ ထိုအခါ ရှမ်းကြီးလည်း ပက်လက်လန်၍ လဲရာမှ "သိန်းထိုက်ကိုယူလျှင် နင်နှင့်တကွ နင့်ဆွေသားညာတိအားလုံး ငါ့ကျိန်စာသင့်စေသား"ဟု ရှမ်းဘာသာဖြင့် နှုတ်မှ ကျိန်ဆိုပြီးလျှင် အသက်ကုန်၍ သွားလေ၏။ ဘိုတောက်ထွန်းမှာမူ ရှမ်းကြီး၏စကားကို များစွာ ပမာဏမပြုဘဲ နတ်ရုပ်၏ မျက်စိနှစ်လုံးကို ဓားမြှောင်ဦးဖြင့် ထိုးဖောက်၍ 'သိန်းထိုက်'ပတ္တမြားနှင့် နီလာတို့ကို ယူခဲ့ပြီးလျှင် ရှမ်းကင်းစောင့်တို့ကို နိုင်နင်းပြီးစီးလျက်ရှိသော ငယ်သားများကို ခေါ်ငင်၍ မြို့သူမြို့သားစုရုံးဝိုင်းဝန်း၍ မလာရောက်မီ မြင်းများရှိရာသို့ လျင်မြန်စွာ ပြေးသွားကြပြီးနောက် တောခရီးတစ်လျှောက် မြင်းများကို အတင်းနှင်၍ စိုင်းလာကြလေကုန်၏။

ဘိုတောက်ထွန်းသည် 'သိန်းထိုက်'ပတ္တမြားကို ရှမ်းလူမျိုးတို့၏ လက်တွင်းမှ ဆောင်ကြဉ်းသည့်ကိစ္စတွင် အောင်မြင်ထမြောက်ခဲ့သည် မှန်သော်လည်း သေခါနီး ရှမ်းကြီး၏ ကျိန်စာသည် ၎င်းပတ္တမြားနှင့် ပတ်သက်၍ ထိုသူ၏ အနွယ်အဆက်တို့အား မည်မျှလောက် အတိဒုက္ခရောက်စေသည်ကိုလည်းကောင်း၊ ၎င်းပတ္တမြားကို လက်ဝယ်ထားသူတို့၌လည်း မည်သို့သော ပင်ပန်းဆင်းရဲခြင်းတို့နှင့် တွေ့ကြုံရသည်ကိုလည်းကောင်း၊ ဖတ်ရှုသူအပေါင်းတို့မှာ ဤစာ၏အဆုံး၌ ခန့်မှန်းတွေးထင်နိုင်ရန် ရှိကြပေ၏။ ထို့ပြင် ဤဝတ္ထုမှာ များစွာသော အခြားဝတ္ထုများကဲ့သို့ စာရေးဆရာ၏ စိတ်ကူးဉာဏ်အရ နေရာတိုင်းတို့၌ သိနိုင်၊ မြင်နိုင်၊ ကြားနိုင်၊ ရောက်နိုင်သည့်အနေဖြင့် ရေးသားဖော်ပြခြင်း မပြုမူ၍ ၎င်းဝတ္ထုသွားတွင် ပါဝင်သူတို့သည် မိမိတို့ကိုယ်တိုင် တွေ့မြင်ခဲ့သည်များကို မျက်မြင်ဒိဋ္ဌ သိရှိရသည့်အတိုင်းသာလျှင် ရေးသားဖော်ပြအံ့သည် ဖြစ်ပေသတည်း။

mgyoe.com

mgyoe.com

၁။

## မင်းကတော်ကြီး ဒေါ်သန့်စင်၏ အစေခံ ဦးကျောက်ခဲ မျက်မြင်ဒိဋ္ဌ တွေ့ရှိရသော အခြင်းအရာများ

ကျွန်တော် မောင်ကျောက်ခဲသည် မောင်သိန်းမောင်၏ တောင်းပန်ချက်အရ၊ ဤ 'သိန်းထိုက်'ပတ္တမြားအကြောင်းနှင့် စပ်လျဉ်း၍ ကျွန်ုပ် ကိုယ်တိုင် မျက်မြင်ဒိဋ္ဌ တွေ့ကြုံခဲ့ရသော အဖြစ်အပျက် အခြင်းအရာတို့ကို ဟုတ်တိုင်းမှန်ရာ ရေးသား ဖော်ပြရပေအံ့။ ထိုကဲ့သို့ ရေးသားဖော်ပြရာ ကျွန်ုပ်၏ သခင်မ မင်းကတော်ကြီး ဒေါ်သန့်စင်၏ အနွယ်အဆက်တို့ကို ရှေးဦးစွာ ရေးသားဖော်ပြရန် လိုပေသည် ဖြစ်ရာ ဖတ်ရှုသူ မိတ်ဆွေအပေါင်းတို့မှာလည်း ဤအနွယ်အဆက်ကို ကောင်းစွာ မှတ်သားမိမှသာလျှင် 'သိန်းထိုက်' ပတ္တမြား၏ ရှုပ်ထွေးသော အဖြစ်အပျက် အခြင်းအရာတို့ကို ကောင်းမွန်ရေလည်စွာ သိရှိနားလည်နိုင်ကြမည် ဖြစ်ပေသော ကြောင့် ဤနေရာ၌ အထူးဂရုပြု၍ ဖတ်ရှုကြရန် တောင်းပန်ရပါပေသည်။

ကျွန်ုပ်တို့၏အရှင် သီပေါဘုရင် လက်ထက်တော်၌ ဘုရင်မင်းမြတ်၏ အထူးသဖြင့် ချီးမြှင့်သူကောင်းပြုခြင်းကို ခံခဲ့ရပေသော ဝန်မင်း ဦးကံကောင်းဟူ၍ ရှိခဲ့လေရာ၊ ၎င်း၏ သားအကြီး မောင်တောက်ထွန်း၊ သားအငယ် မောင်ဘဝင်း ဟူ၍ သားနှစ်ယောက် ရရှိခဲ့လေ၏။ ၎င်းသားနှစ်ယောက်အနက် အကြီး မောင်တောက်ထွန်းမှာ ဝန်တစ်ဦး၏ သားကို သတ်ဖြတ်၍ ထွက်ပြေးတိမ်းရှောင် ပြုခဲ့သည်အတွက် မြန်မာမင်းတို့ ထုံးစံအရ သား၏ အပြစ်အတွက် အဖမှာလည်း မင်း၏ငြိုငြင်ခြင်းကို ခံရပြီးလျှင် ရာထူးမှ နုတ်ပယ်လျှောချခြင်းကို ခံခဲ့ရလေ၏။ သို့ပင် လျှောချနုတ်ပယ်ခြင်းကို ခံရငြားသော်လည်း ဦးကံကောင်းမှာ အမျိုးအနွယ် ၏ ကောင်းခြင်း၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခိုင်လုံခြင်းတို့ကြောင့် အင်္ဂလိပ်အစိုးရ၏ လက်ထက်၌ ဂုဏ်ဒြပ်သေးသိမ်သည်မရှိဘဲ သင့်တင့်လျောက်ပတ်စွာ နေထိုင်ခဲ့

mgyoe.com

mgyoe.com


သည်ဖြစ်ရာ သားအငယ် မောင်ဘဝင်းမှာလည်း အမိအဖတို့၏ အမွေအနှစ်ကို ဆက်ခံသိမ်းပိုက်၍ မိမိနှင့် ဂုဏ်ရည်တူ သတို့သမီးတစ်ယောက်နှင့် ထိမ်းမြားလက်ထပ်ပြီးလျှင် အရုပ်အဆင်း ပြေပြစ်တင့်တယ်ခြင်းနှင့် ပြည့်စုံသော သမီး ၃ ယောက်ကို ဖွားမြင်ခဲ့လေ၏။ ၎င်းသမီး ၃ ယောက်တို့အနက် အကြီးဖြစ်သူ မသန့်ယဉ်မှာ ပွဲစားကြီးတစ်ဦးနှင့်လည်းကောင်း၊ အလတ်ဒေါ်သန့်ခင်မှာ ရှေ့နေတစ်ယောက်နှင့်လည်းကောင်း၊ အငယ်ဒေါ်သန့်စင်မှာ မြို့အုပ်တစ်ယောက်နှင့်လည်းကောင်း၊ အမိအဖတို့က နေရာချထားသည့်အတိုင်း ကောင်းမွန်ချမ်းမြေ့စွာ စုံဖက်ပေါင်းဖော်ခဲ့ကြလေ၏။

ကျွန်ုပ်မှာ ဦးဘဝင်း၏အိမ်၌ ငယ်ရွယ်စဉ်အခါကစ၍ အစေခံအဖြစ်နှင့် နှစ်ပေါင်းများစွာ အမှုထမ်းရွက်ခဲ့သည်ဖြစ်ရာ မသန့်စင်မှာ ကျွန်ုပ်၏လက်ပေါ်တွင် ကြီးပြင်း၍ ကျွန်ုပ်အား အစေခံဟူ၍ သဘောမထားဘဲ ဦးရီး ဦးလေးကဲ့သို့ သဘောထားပြီးလျှင် မြို့အုပ်မင်း ဦးဘမော်နှင့် အကြောင်းဆုံစည်းကြသည့်အခါ၌လည်း ကျွန်ုပ်မှာ နောက်ပါငယ်ကျွန်အဖြစ်နှင့် ဦးဘဝင်း၏ အမှုထမ်းရွက်ခြင်းမှ မင်းကတော် မသန့်စင်နှင့်အတူ ပြောင်းရွှေ့လိုက်ပါသွားခဲ့ရလေ၏။ ဦးဘမော်မှာ အင်္ဂလိပ်မင်းတို့လက်အောက်တွင် အရာရှိအဖြစ်နှင့် ရှေးဦးစွာ ထမ်းရွက်ခဲ့ရသောသူ တစ်ယောက်ဖြစ်သည့်ပြင် အလုပ်ဝတ္တရားး၌ ကျေပွန်ခြင်း၊ ဉာဏ်ပညာထက်မြက်ခြင်းတို့နှင့် ပြည့်စုံသည်ဖြစ်၍ မြို့အုပ်ရာထူးမှသည် စစ်ကဲရာထူးသို့လည်းကောင်း၊ စစ်ကဲရာထူးမှသည် အရေးပိုင်မင်း ရာထူးသို့လည်းကောင်း ချီးမြှင့်ထားခြင်း ခံရပြီးသည့်နောက် တစ်လခန့်မျှ ကြာသည့်အခါတွင် 'ဘုန်းကြီးသော်လည်း သက်မရှည်'ဟူသော စကားကဲ့သို့ ကွယ်လွန်အနိစ္စ ရောက်ရာရလေ၏။

ဦးဘမော် သေဆုံးပြီးသည်နောက် မင်းကတော် ဒေါ်သန့်စင်မှာ အစိုးရမင်းတို့၏ လခအနက်မှ နှစ်ပေါင်းများစွာ သိုမှီးစုဆောင်းခဲ့သော ပစ္စည်းများအပြင် လင်သား၏ဘက်မှလည်း အမွေအနှစ် အမြောက်အမြားပင် ဆက်ခံရရှိသည် ဖြစ်ပေရကား ဥရောပတိုက်သားတို့နှင့် မခြားမနား ခမ်းနားတင့်တယ်စွာ ရန်ကုန်မြို့၊ ဗဟန်းရပ်ကွက်၌ ဥယျာဉ်ပန်းမာန် ဝင်းခြံနေအိမ်မှစ၍ ခမ်းနားသိုက်မြိုက်စွာ နေထိုင်လျက်ရှိခဲ့လေ၏။

မင်းကတော် ဒေါ်သန့်စင်မှာ အရေးပိုင်မင်း ကွယ်လွန်အနိစ္စရောက်ပြီးသည့်နောက် သားယောကျ်ား တစ်ဦးတစ်ယောက်မျှ မကျန်ရစ်ဘဲ မတင်ညွန့်အမည်ရှိ သမီးတစ်ယောက်တည်းသာလျှင် ကျန်ရှိခဲ့သည်ဖြစ်ရာ၊ မတင်ညွန့်မှာ ခေတ်ကာလအားလျော်စွာ အင်္ဂလိပ်ပညာ၌လည်းကောင်း၊ ဇာထိုးပန်းထိုး အစရှိသည့် ဂုဏ်

mgyoe.com

mgyee.com


သရေရှိ သတို့သမီးတို့ တတ်ရာအတတ်၌လည်းကောင်း၊ စန္ဒရားအစရှိသော အတီး အမှုတ်တို့၌ အတန်ငယ်မျှ တတ်မြောက်ခဲ့သည့်ပြင်၊ ဣန္ဒြေရှိခြင်းနှင့်လည်းကောင်း၊ ရှုမငြီးဖွယ် တင့်တယ်သော ရုပ်အဆင်းနှင့်လည်းကောင်း၊ တစ်ယောက်တည်းသော သမီးဖြစ်၍ စီးပွားဥစ္စာမြောက်မြားစွာ မျှော်လင့်ရန်ရှိခြင်းနှင့်လည်းကောင်း ပြည့်စုံခဲ့ သည်ဖြစ်ခြင်းကြောင့် ယောက်ျားပျိုအပေါင်းတို့မှာ မည်မျှပင် ကြွယ်ဝ၍၊ မည်မျှပင် ရာထူးကြီးမြင့်သည်ဖြစ်စေကာမူ မတင်ညွန့်နှင့် အကြောင်းဆက် ပေါင်းဖက်ခဲ့ရပါမူ အထူးပင် ကံဇာတာ ကောင်းလှသည်ဟု မှတ်ထင်ကြပေ၏။

မြန်မာသက္ကရာဇ် ၁၂၇....... ခုနှစ်၊ နတ်တော်လပြည့်နေ့တွင် အရေးပိုင်မင်း ဦးဘမော် ကွယ်လွန်အနိစ္စရောက်ခဲ့၍ ပြာသိုလပြည့်နေ့သည်ကား မတင်ညွန့်၏ မွေးဖွားရာနေ့ ဖြစ်လေရာ ထိုနေ့သည်ကား သက္ကရာဇ်အားဖြင့် မွေးနေ့ဖြစ်သည့်ပြင် နေ့အားဖြင့်လည်း ထပ်တူဖြစ်သောကြောင့် အချို့သောလူတို့၏ ဓလေ့ထုံးစံအတိုင်း မွေးနေ့နှင့် သက္ကရာဇ်နေ့ ထပ်သည့်အခါတို့၌ သံဃာ့ဒါန ဆွမ်းလုပ်ကျွေးခြင်း၊ ဘုရားကိုးဆူ ပူဇော်ခြင်း၊ ဆီမီးတစ်ထောင် ထွန်းခြင်း စသည်တို့ကို ပြုလုပ်မြဲဖြစ်၍ ၎င်းနေ့တွင် ကျွန်ုပ်တို့ မင်းကတော်ကြီးနေအိမ်၌ နံနက်အချိန်တွင် သံဃာတော် အပါး ၃၀ မျှကို ဆွမ်းလုပ်ကျွေးပြီးလျှင် ညဉ့်အခါ၌ ဘုရားကိုးဆူ ပူဇော်ခြင်း၊ ဆီမီးတစ်ထောင် ထွန်းညှိခြင်း၊ လာရောက်သူ ဧည့်ပရိသတ်တို့အား ဧည့်ခံကျွေး မွေးခြင်း စသည်တို့ကို ပြုလုပ်ရန် စီမံလျက် ရှိခဲ့လေ၏။

အဆိုပါ ပြာသိုလပြည့်နေ့ ညနေခင်းအချိန်ခန့်တွင် ကျွန်ုပ်တို့သည် ညအခါ၌ လာရောက်မည်ဖြစ်သော ဧည့်ပရိသတ်တို့အား ကျွေးမွေးဧည့်ခံရန် ပြင်ဆင်လျက် မင်းကတော်ကြီး သားအမိတို့မှာလည်း နေအိမ်အပေါ်ထပ်၌ ဧည့်ခံ ရန်အတွက် သင့်တင့်သော အဝတ်တို့ကို လဲလှယ်လျက်ရှိကြစဉ် အသက် ၇၀ ကျော် အရွယ်ခန့်မျှရှိသော အဘိုးကြီးတစ်ယောက်သည် မော်တော်ကားပေါ်မှ ဆင်းလာ၍ အိမ်တွင်းသို့ ဝင်လာသည်နှင့် ကျွန်ုပ်တို့သည် အိမ်အောက်ထပ်တွင် နေရာထိုင်ခင်းပေးလျက် ကိစ္စကို မေးမြန်းရာ အဘိုးကြီးက တူမများ၊ မြေးများနှင့် တွေ့လိုကြောင်း၊ မိမိ၏အမည်မှာ ဦးတောက်ထွန်းဖြစ်ကြောင်းနှင့် ပြောဆိုလေ၏။ ထိုအခါ ကျွန်ုပ်မှာ ဦးတောက်ထွန်းဆိုသူသည် မင်းကတော်ဒေါ်သန့်စင်၏ ဘကြီး ဖြစ်ကြောင်း ကြားရဖူးသော်လည်း တစ်ခါမျှ မမြင်ဖူးဘူးရသည် ဖြစ်သောကြောင့် ၎င်း၏ အင်္ကျီရုပ်ကို စောင်းပါးရိပ်ခြေမျှ အကဲခတ်ပြီးနောက် အိမ်ပေါ်သို့ တက်သွား၍ မင်းကတော်အား အကျိုးအကြောင်းကို ပြောပြလေ၏။ ထိုအခါ မင်းကတော်သည် တစ်သက်ပတ်လုံးအတွင်း ဤကဲ့သို့ အဘယ်အခါကမျှ ဒေါသမထွက်ဖူးဘဲ

mgyoe.com

mgyoe.com


လွန်မင်းစွာ အမျက်ထွက်သည့်အနေဖြင့် ကျွန်ုပ်ကိုပင် မောင်း၍ ထုတ်မည်ကဲ့သို့သော မျက်နှာထားနှင့် ကြည့်လျက် ...

"တစ်မျိုးလုံး နာမည်ပုပ်အောင်လုပ်တဲ့ ဦးတောက်ထွန်းလား။ သွား သွား။ သည်အိမ်ဟာ သူခိုးဓားပြ လက်ခံတဲ့အိမ် မဟုတ်ဘူးလို့ ပြောလိုက်။ တူမလုပ်တဲ့ သူကလည်း မတွေ့ချင်ဘူးတဲ့လို့။ မြေးကလည်း မအားဘူးတဲ့လို့ ပြောလိုက်ပါရှင်"

ဟု ပြောလေလျှင် ကျွန်ုပ်မှာ ဦးတောက်ထွန်းအကြောင်းကို ကြားဖူးသည်နှင့် ထိုကဲ့သို့သော စကားမျိုးကို ပြန်ကြားရန် မဝံ့သည်နှင့် မင်းကတော်အား တောင်းပန်ရာ မင်းကတော်က ...

"ရှင်က အကြံပေးနေဖို့ နေရာ မဟုတ်ပါဘူး။ ဦးကျောက်ခဲရယ်။ ကျွန်မခိုင်းသလိုသာ သွားပြီး ပြောလိုက်ပါ"

ဟု ပြောသည်တွင် ကျွန်ုပ်မှာ ကြောက်ရွံ့စွာနှင့် အိမ်အောက်သို့ ဆင်းလာခဲ့ရလေ၏။ အိမ်အောက်သို့ရောက်လျှင် ယခင်အတိုင်း ပြန်ကြားခဲ့သော် မတော်သည့်အဖြစ်ကို မြင်သည်နှင့် "မင်းကတော်နှင့် သမီး မတင်ညွန့်တို့မှာ မအားမလပ်သည်ဖြစ်ပါသောကြောင့် ဘကြီးဖြစ်သူနှင့် ယနေ့မတွေ့နိုင်သည့်အတွက် ဝမ်းနည်းပါကြောင်း" နှင့် ပြောဆိုလေလျှင် ကျွန်ုပ်မှာ အဘိုးကြီးသည် စိတ်ကြီးသော သူတစ်ယောက်ဖြစ်ကြောင်း ကြားဖူးသည်နှင့် ဒေါသအမျက် ချောင်းချောင်းထွက်ချေတော့မည်ဟု ထင်မှတ်မိရာ၊ အမှန်စင်စစ်မှာမူ အဘိုးကြီးသည် မိမိ၏ စိတ်ကိုချုပ်တည်း၍သာ ထားသည့်ဟန်ဖြင့် နှုတ်ခမ်းကို ကိုက်လျက် မီးတဖျပ်ဖျပ် ထွက်လုဘနန်းရှိသော မျက်စိဖြင့် ကျွန်ုပ်အား တစ်ချက်မျှ ကြည့်ပြီးလျှင် ...

"ကောင်းပြီ၊ ကောင်းပြီ။ ဒီကနေ့ ကျုပ်မြေးရဲ့ မွေးနေ့နော်။ ကျုပ်မှတ်ထားရပေမှာပ။ ကိုင်း ... သွားဦးမယ်" ဟု ပြောပြီးနောက် မော်တော်ကားနှင့် ပြန်သွားလေ၏။

■ ■ ■

mgyoe.com

mgyoe.com

## ၂။

အထက်ပါ အဖြစ်အပျက် ပြီးသည့်နောက် ၄ နှစ်ခန့်မျှ ကြာရှိပြီဖြစ်၍ မြန်မာသက္ကရာဇ် (၁၂၈ .......)ခုနှစ်၊ ပြာသိုလဆန်း(၁၁)ရက်နေ့တိုင် ရောက်ခဲ့ပြန်လေသော် မင်းကတော်ကြီး၏ သမီး မတင်ညွန့်မှာ (၁၉)နှစ်သမီးအရွယ်သို့ ရောက်ခဲ့လေရာ ၎င်းနေ့ ပြာသိုလပြည့်နေ့မှလည်း မတင်ညွန့်၏ မွေးနေ့နှင့် သက္ကရာဇ်သည် ထပ်တူထပ်မျှကျ ရှိပြန်လေရကား၊ ထိုနှစ်၌ မင်းကတော်ကြီးသည် သမီးအတွက် ခါတိုင်းနှစ်များကထက်ပင် ခမ်းနားတင့်တယ်စွာ သံဃာ့ဒါန ဆွမ်းလုပ်ကျွေးခြင်း၊ သူတောင်းစားတို့အား ငွေကြေး ပေးကမ်းစွန့်ကြဲခြင်း၊ ဘုရား၌ ဆီမီးထွန်းညှိပူဇော်ခြင်း အစရှိသည်တို့ကို ပြုလုပ်လိုသည်ဖြစ်သောကြောင့် လပြည့်နေ့ မတိုင်မီကပင်လျှင် ကြိုတင်၍ လှူဖွယ် တန်းဖွယ် ဝတ္ထုပစ္စည်းများကို ဝယ်ခြမ်း ပြင်ဆင်လျက် ရှိကြလေ၏။ ထို့အပြင် ရပ်ဝေး၌ နေထိုင်လျက်ရှိသော ဆွေမျိုး ညာတိတို့အားလည်း ဖိတ်ကြား၍ ထားသည်ဖြစ်သောကြောင့် နေအိမ်အခန်းများ၊ ခန်းဆီးများ စသည်တို့ကိုလည်း ကောင်းမွန်သပ်ရပ်စွာ ပြင်ဆင်လျက်ရှိရာ ၎င်း လဆန်း ၁၁ ရက်နေ့ ညနေခင်းအချိန်ခန့်တွင် ကျွန်ုပ်သည် နေအိမ်အရှေ့ ပန်း ဥယျာဉ်အတွင်းတွင် လမ်းရှောပင်များကို ကတ်ကြေးတစ်စင်းနှင့် ညှိလျက်ရှိစဉ် ရှမ်း လူမျိုး ၃ ယောက်တို့သည် မြန်မာလူမျိုး သူငယ်ကလေးတစ်ယောက်နှင့် အိမ်ဝင်း အတွင်းသို့လာ၍ ရှမ်းအိုးစည်တီးလျက် ရှိကြလေ၏။ ထိုအခါ ကျွန်ုပ်သည် ကောင်း စွာနားမလည်သည်ဖြစ်၍ ကိစ္စကို မေးမြန်းရာ ၎င်းတို့မှာ ရှမ်းမျက်လှည့်ဆရာများ ဖြစ်ကြောင်း ပြောဆိုသဖြင့် ကျွန်ုပ်က အိမ်ရှင်မင်းကတော်များ မရှိခိုက်ဖြစ်သဖြင့် မရှိကြောင်း ပြောလေလျှင် ရှမ်းမျက်လှည့်ဆရာတို့သည် အိမ်၏အပေါ်ထပ်ကို သေချာစွာကြည့်ပြီးနောက် ကျွန်ုပ်၏မျက်နှာကို တစ်ချက်မျှကြည့်၍ ဝင်းပြင်သို့ ထွက်သွားကြလေ၏။ ကျွန်ုပ်သည် ရှမ်းမျက်လှည့်ဆရာများကို ရန်ကုန်မြို့ပေါ်၌

mgyoe.com

mgyoe.com


မမြင်ဖူးသည်ဖြစ်၍ စိုက်ငေးလျက်ရှိစဉ်တွင် အစေခံ မစောရှင်သည် အိမ်နောက်မှ ပြေးလာ၍

"ဦးကျောက်ခဲ ရှမ်းကြီးတွေ ပြန်သွားကြပြီလား"

ဟု မေးသဖြင့် ပြန်သွားကြကြောင်း ကျွန်ုပ်က ပြန်ပြောသောအခါ စောရှင်က ...

"ရှမ်းကြီးတွေက ကျွန်မတို့ အိမ်သားတွေကို စောင့်ကြည့်နေတယ် ထင်တယ် ဦးကျောက်ခဲရဲ့"

ကျွန်ုပ် ။ ။ "ဘာပြုလို့လဲ ဟယ်။ ကောင်မလေးက မဟုတ်တရုပ်နဲ့"

ရှင် ။ ။ "မဟုတ်တရုပ် မဟုတ်ဘူးရှင့်။ ကျွန်မပြောဦးမယ်။ ကျွန်မက ဒေါ်တင်တို့အိမ်ကို အုန်းသီးဝယ်မယ်လို့ အိမ်နောက်ဖေး လမ်းကြားကလေးက ဖြတ်ပြီးသွားတော့၊ ရှမ်းကြီး (၃)ယောက်နဲ့ ကောင်လေးတစ်ယောက်နဲ့၊ ကျွန်မတို့အိမ်ကို လက်ညှိုးထိုးပြီးပြနေတာ ကျွန်မတွေ့ရတယ်။ ကြောက်တာနဲ့ လမ်းနံဘေးက အိမ်ပျက်ကြီးထဲ ဝင်ပုန်းနေပြီး ချောင်းကြည့်နေတာကို ဦးကျောက်ခဲရဲ့။ ကြည့်တော့လားလား။ ရှမ်း (၃)ယောက်နဲ့ ကောင်ကလေးဟာက အိမ်ပျက်ကြီးရှေ့ တည့်တည့်မှာရပ်တဲ့ပြီး ရှမ်းဆရာကြီး လုပ်တဲ့လူက ကောင်ကလေးခေါင်းကို လက်နဲ့သပ်လိုက်၊ ကျောကိုသပ်လိုက်၊ မိုးကိုလက်ညှိုးထိုးလိုက်၊ မြေကို ဖနောင့်နဲ့ ဆောင့်လိုက် လုပ်လေတော့၊ ကောင်ကလေးဟာ မတ်တတ်ရပ်ရင်း မျက်စိမှိတ်ပြီး သွားပါရောရှင်"

ကျွန်ုပ် ။ ။ "အိပ်ပျော်သွားတာလားဟဲ့"

ရှင် ။ ။ "အိပ်ပျော်သွားတာ မဟုတ်ဘူး။ နေဦး ကျွန်မပြောဦးမယ်။ ကောင်ကလေးက မျက်စိမှိတ်ပြီးသွားတော့ ရှမ်းဆရာကြီးက သူ့လွယ်အိတ်ထဲက မှန်ဝိုင်းကလေးတစ်ခုကို ထုတ်ပြီး ကောင်ကလေးကို ကြည့်စမ်း၊ ကြည့်စမ်းနဲ့ မြန်မာလိုပြောတော့၊ ကောင်ကလေးက မျက်စိကလေးနည်းနည်းဖွင့်ပြီး ကြည့်တယ်ရှင့်။ သည်တော့မှ ရှမ်းကြီးက မန္တလေးက လာမယ့်လူကို မြင်သလား၊ ကြည့်စမ်းတဲ့ရှင်။ သည်တော့ ကောင်ကလေးက မြင်ပါတယ်တဲ့ရှင်။ သည်တော့ ရှမ်းကြီးက သည်အိမ်ကို သူရောက်အောင်လာမလား၊ ကြည့်စမ်းတဲ့ရှင်။ သည်တော့ ကောင်ကလေးက သည်အိမ်ကို သူရောက်အောင် လာ

mgyoe.com

mgyoe.com


လိမ့်မယ်တဲ့ရှင်။ ပြီးတော့ ရှမ်းကြီးက သူလာရင် ဟိုဥစ္စာ ပါလိမ့်မလားတဲ့ မေးတော့ ကောင်ကလေးက ပါလိမ့်မယ်တဲ့ရှင့်။သည်တော့ ရှမ်းကြီးက သူဘယ်တော့ရောက်မလဲ သေသေချာချာ ကြည့်စမ်းလို့ မေးပြန်တော့ ကောင်ကလေးက မူးလှပြီဗျာ၊ မူးလှပြီဗျာ၊ တော်ပါတော့ဗျာနဲ့ ပြောလေတော့ ရှမ်းကြီးက မျက်နှာကို သူ့ဆေးရည်နဲ့ တောက်လိုက်တော့မှ ကောင်ကလေးလည်း မျက်စိကျယ်ပြီး လာပါလေရောရှင်။ ပြီးတော့မှ သူတို့လည်း အိမ်ရှေ့က လှည့်ပြီး အိမ်ထဲ ဝင်သွားရော ကျွန်မလည်း အိမ်နောက်ဖေးကပြေးပြီး ဝင်လာခဲ့ပါရောရှင်"

ဟု ပြောသောအခါ ကျွန်ုပ်မှာ စောရှင်ကို လွှတ်လိုက်ရလေ၏။

ယင်းကဲ့သို့ သူငယ်မ ကြောက်ရွံ့မည်ကိုစိုးသဖြင့် သင့်လျော်အောင်ပြော၍ လွှတ်လိုက်ရပါသော်လည်း ကျွန်ုပ်မှာ စဉ်းစားရန် အချက်တစ်ခုပေါ်ပေါက်၍ လာခဲ့ပေ၏။ အကြောင်းကိုဆိုသော် လပြည့်နေ့ အလှူပွဲသို့ လာရောက်မည့် ပရိသတ်များအနက် မင်းကတော် ဒေါ်သန့်စင်၏အစ်မ အမိန့်တော်ရကတော် ဒေါ်သန့်ခင်၏သား မောင်မြင့်ဖေသည် မန္တလေးမြို့မှ နက်ဖြန်လာရောက်မည်ဟု ကြေးနန်းရောက်ရှိပြီး ဖြစ်သောကြောင့် ဤရှမ်းများသည် မောင်မြင့်ဖေနှင့် မည်ကဲ့သို့ ဆက်သွယ်ခြင်းရှိ သည်များကို တွေးတောဆင်ခြင်မိလေ၏။ သို့ပင် ဆင်ခြင်စဉ်းစားပါသော်လည်း မည်သည့်နည်းနှင့်မျှ မပေါ်ပေါက်နိုင်ဘဲရှိသည်နှင့် ကျွန်ုပ်သည် ထိုညဉ့်ပတ်လုံး အိပ်မပျော်နိုင်ဘဲ အိပ်ရာ၌ လူးလိမ့်ကာ တွေးတောလျက် ရှိလေ၏။

နက်ဖြန် နံနက်တိုင်ရောက်လေလျှင် မန္တလေးမြို့မှ မောင်မြင့်ဖေသည် ညနေရထားနှင့် လာရောက်မည်ဟု ယမန်နေ့က ကြေးနန်းရပြီးမှ နံနက်ရထားနှင့် ပါလာ မည်ဖြစ်ကြောင်းကို ကြေးနန်းတစ်စောင်ထပ်၍ ရရှိပြန်ရာ မင်းကတော်ကြီး သားအမိနှစ်ယောက်မှာလည်း နံနက်စောစောကပင် ဈေးသို့ ဝယ်ခြမ်းရန်သွားရောက်ကြ သဖြင့် အိမ်တွင် မရှိခိုက်ဖြစ်သည်နှင့် ကျွန်ုပ်မှာ အစေခံတို့တွင် အကြီးအမှူးဖြစ်သည့်အတိုင်း ဆိုက်ကုလားအား ရထားကို ပြင်ဆင်စေပြီးလျှင် ဘူတာရုံသို့ သွားရောက်ကြိုဆိုလေ၏။ ရထားဆိုက်ပြီးလျှင် ကျွန်ုပ်သည် မောင်မြင့်ဖေ၏ပစ္စည်းများကို ကူလီများနှင့် ကြီးကြပ်၍ ရထားပေါ်သို့ တင်စေပြီးနောက် အတူတကွ ပြန်လာကြရာ မောင်မြင့်ဖေမှာ ဤ 'သိန်းထိုက်'ပတ္တမြားဏ် အတ္ထုပ္ပတ္တိတွင် အရေးကြီးသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပေသောကြောင့် ထိုသူ၏အကြောင်းကို အနည်းငယ် ရေးသားဖော်ပြရန် လိုပေ၏။

mgyoe.com

mgyoe.com


မောင်မြင့်ဖေမှာ အထက်တွင်ဖော်ပြခဲ့ပြီးသည့်အတိုင်း မင်းကတော်ကြီး၏ အစ်မအလတ်မှ မွေးဖွားၡ၍ မင်းကတော်ကြီးနှင့် တူဝရီးပင် တော်စပ်ခဲ့သည်ဖြစ်ရာ မောင်မြင့်ဖေ၏ ဖခင် ရှေ့နေကြီးမှာ ပစ္စည်းဥစ္စာနှင့် ပြည့်စုံခိုင်လုံသူတစ်ဦးဖြစ်၍ တစ်ယောက်တည်းသော သား မောင်မြင့်ဖေအား အင်္ဂလိပ်ပညာကို သင်ကြားစေပြီးနောက် ဘိလပ်မြို့တော်သို့ ဝတ်လုံတော်ရအတတ်ကို သင်ကြားရန် စေလွှတ်ခဲ့ပြီးသည် ဖြစ်သောကြောင့် မောင်မြင့်ဖေသည် စာမေးပွဲကို အောင်မြင်ခဲ့ပြီးနောက် မြန်မာပြည်သို့ ပြန်ရောက်သည်မှာ တစ်လကျော်ခန့်မျှသာလျှင် ရှိသေးချေ၏။ မောင်မြင့်ဖေသည် ဘိလပ်မြို့တော်သို့ မသွားရောက်မီကပင် မင်းကတော်ကြီး၏အိမ်သို့ ဝင်ထွက်သွားလာဖူးသည့်ပြင် ကျွန်ုပ်အားလည်း အစေခံဟူ၍ အမှတ်မထားဘဲ မိတ်ဆွေကဲ့သို့လည်းကောင်း၊ ဦးရီး ဘကြီးကဲ့သို့လည်းကောင်း သဘောထားပြီးလျှင် အလွန့်အလွန်တရာ ချစ်ကျွမ်းဝင်ခဲ့သည် ဖြစ်သောကြောင့် တိုင်ပင်ရန် ရှိသမျှကို ကျွန်ုပ်အားတိုင်ပင်လျက် ကျွန်ုပ်ကလည်း အရွယ်ကြီးရင့်သည့်အလျောက် သွန်သင်ဆုံးမရန်ရှိက ပြောဆို ဆုံးမလေ့ ရှိခဲ့ဖူးလေသည်။

ထိုအချိန်၌ မောင်မြင့်ဖေသည် အသက် ၂၅ နှစ် အရွယ်ခန့်မျှရှိ၍ ဉာဏ်ပညာ၏ ထက်မြက်ခြင်းနှင့်လည်းကောင်း၊ စိတ်သဘော၏ ကောင်းမွန်မြင့်မြတ်ခြင်းနှင့်လည်းကောင်း၊ အရုပ်အရည်၏ မွန်ရည်တင့်တယ်ခြင်းနှင့် လည်းကောင်း ပြည့်စုံသည် ဖြစ်ပေရကား မြန်မာလူမျိုး သူငယ်တို့အနက်တွင် ကြီးပွားရေးအတွက် မျှော်လင့်ရန် အများဆုံးဖြစ်သော သူငယ်တစ်ယောက်ဖြစ်သည်ဟု သမီးရှင်အပေါင်းတို့က ထင်မှတ်လောက်ပါသည်။ ထို့ပြင် ငယ်စဉ်အခါကလည်း မောင်မြင့်ဖေသည် မိမိ၏အဒေါ် မင်းကတော်ကြီးအိမ်သို့ ရံဖန်ရံခါ လာရောက်လည်ပတ်သည့်အခါ မတင်ညွှန့်နှင့်လည်း အလွန်တရာ ချစ်ခင်သင့်မြတ်ကြသည်ဖြစ်သောကြောင့် ၎င်းတို့နှစ်ဦးမှာ မောင်နှမတစ်ဝမ်းကွဲမျှ တော်စပ်သည်မှန်သော်လည်း 'ဆွေချင်းထပ်မြတ်' ဟူသော စကားပုံအရ အလွန်ပင် သင့်မြတ်လျောက်ပတ်လှသော သမီးခင်ပွန်းဖြစ်ကြမည့်အကြောင်းကို ကျွန်ုပ်၏စိတ်၌ ယုံကြည်စိတ်ချသည့်အတိုင်း ထမြောက်အောင်မြင်ပါစေဟူ၍လည်း မကြာခဏ ဆုတောင်းမိသည် မှန်ပေ၏။

ကျွန်ုပ်တို့သည် မြင်းရထားစီးနင်း၍သွားစဉ် မောင်မြင့်ဖေသည် ဘိလပ်မြို့တော်၌ နေထိုင်ခဲ့ရပုံ အကြောင်းများကိုလည်းကောင်း၊ မင်းကတော်ကြီး သားအမိတို့၏ အကြောင်းများကိုလည်းကောင်း၊ တစ်ဦးအားတစ်ဦး ပြောဆိုကြလျက် နေအိမ်သို့ ဆိုက်ရောက်လေလျှင် မောင်မြင့်ဖေအတွက် ပြင်ဆင်၍ထားသော အခန်း၌ ကောင်းမွန်စွာ နေရာထိုင်ခင်း ပေးပြီးနောက်၊ မင်းကတော်ကြီးတို့လည်း

mgyoe.com

mgyoe.com

မပြန်လာသေးသည်နှင့် အိမ်ရှေ့ဥယျာဉ်အတွင်း ခုံရှည်တစ်ခုပေါ်တွင်ထိုင်လျက် ထွေရာလေးပါး စကားတို့ကို ပြောဆိုနေရာမှ မောင်မြင့်ဖေက ...

"ဒါထက် ဦးကျောက်ခဲရယ်၊ ကျွန်တော် တိုင်ပင်စရာတစ်ခု ရှိပါတယ် ခင်ဗျာ။ ကျွန်တော်၏ စိတ်ထဲမှာ ခပ်လေးလေးရှိလေတော့ ဦးကျောက်ခဲကိုပဲ ဖွင့်ပြီး တိုင်ပင်ရမှာပဲ"

ကျွန်ုပ် ။ ။ "ဘာအကြောင်းများလဲ မောင်"

မြင့် ။ ။ "သည်လို ခင်ဗျ။ ကျွန်တော် ယခုလာခဲ့တဲ့ကိစ္စက မတင်ညွန့်ရဲ့ မွေးနေ့မှာ ပွဲလုပ်တဲ့အတွက် ကိစ္စသက်သက်မဟုတ်လှဘူး။ သည့်ပြင် အရေးကြီးတဲ့ ကိစ္စတစ်ခုရှိသေးတယ်။ ဒါထက် ကျွန်တော်တို့ အဘိုးတော်တဲ့ ဦးတောက်ထွန်းဆိုတာ ကြားဖူးတယ် မဟုတ်လား"

ကျွန်ုပ် ။ ။ "ငယ်စဉ်က တော်တော်ဆိုးတယ်လို့ ပြောကြတဲ့ ဦးတောက်ထွန်း မဟုတ်လား"

မြင့် ။ ။ "ဟုတ်တယ်ခင်ဗျ။ လွန်ခဲ့တဲ့ (၃)လလောက်က ဦးတောက်ထွန်း သေပါရောခင်ဗျ"

ကျွန်ုပ် ။ ။ "ဩော် ... ဟုတ်ကဲ့လား"

မြင့် ။ ။ "ဟုတ်တယ်ခင်ဗျ။ သေတော့ကာ သေခါနီးမှာ ကျွန်တော့် အဖေရော လူကြီးစုံရာနဲ့ခေါ်ပြီး မတင်ညွန့်ဖို့ ပတ္တမြား က တစ်လုံး၊ နီလာ က တစ်လုံး၊ အမွေ ပေးခဲ့တယ်ခင်ဗျ။ အမွေပေးပုံကလည်း တော်တော် ထူးဆန်းတယ်။ သည် ကျောက်နှစ်လုံးကို ကျွန်တော့် အဖေက ထိန်းသိမ်းပြီး ထားရမယ်တဲ့ခင်ဗျ။ ပြီးတော့မှ မတင်ညွန့် မွေးနေ့နဲ့ သက္ကရာဇ်နဲ့ ထပ်လို့မို့ မွေးနှစ်၊ မွေးလ၊ မွေးနေ့ ကြုံကြိုက်တဲ့အခါမှာ ဆွမ်းကျွေးခြင်း၊ ဘုရားကိုးဆူ ပူဇော်ခြင်း၊ ဆီမီး ထွန်းခြင်း စသည်တို့ကို ပြုလုပ်ပါလိမ့်မယ်တဲ့ ခင်ဗျ။ ပြုလုပ်တဲ့ နေ့ရက်တိုင် ရောက်တဲ့အခါမှ၊ သည်ကျောက် နှစ်လုံးကို ကျွန်တော့်ရဲ့အဖေ ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ယုံကြည်စိတ်ချလောက်တဲ့ လူတစ်ယောက်ဖြစ်စေ ကိုယ်တိုင်သွားပြီး အပ်ရမယ်တဲ့ခင်ဗျ။ သည် အတောအတွင်းမှာ သည်ကျောက်နှစ်လုံးကို ကျွန်တော့်အဖေ ကိုယ်တိုင် သိမ်းဆည်းပြီး၊ သည်အကြောင်းကို သူတို့အား စကား စပ်လို့တောင် မပြောရဘူးတဲ့ ခင်ဗျ"

ကျွန်ုပ် ။ ။ "တော်တော် ထူးဆန်းတဲ့ ပေးနည်းပေပဲဗျာ"

mgyoe.com

mgyoe.com


မြင့် ။ ။ "နေဦးခင်ဗျ။ ဒါနဲ့ ခု ပြာသိုလပြည့်နေ့မှာ မတင်ညွန့်ရဲ့ မွေးနှစ်၊ မွေးလ၊ မွေးနေ့ ကြုံကြိုက်ကြောင်း ကျွန်တော့်အဖေကကြားတော့ ကျွန်တော့်ကို ခေါ်ပြီး သည်အကြောင်း ပြောပြကာ သူကိုယ်တိုင် မသွားရောက်နိုင်တဲ့အတွက် ကျွန်တော်ကို စေလွှတ်လိုတဲ့အကြောင်း ကျောက်နှစ်လုံးမှာလည်း ဘဏ်တိုက်မှာ အပ်ပြီးထားလို့ ကျွန်တော် ပဲ အဖေလက်မှတ်နဲ့သွားပြီး ထုတ်ယူဖို့အကြောင်းကို ပြောတာကိုး ခင်ဗျ"

ကျွန်ုပ် ။ ။ "အင်း၊ ပြောစမ်းပါဦး မောင်ရယ်"

မြင့် ။ ။ "ဒါနဲ့ ကျွန်တော် မနေ့မနက်က ဘဏ်တိုက်သွားပြီး ကျောက်နှစ်လုံး ကို ထုတ်ယူလို့ ဘဏ်တိုက်အပြင် ထွက်လာတော့ အသားဖြူစပ်စပ် နဲ့ မြန်မာမဟုတ်၊ တရုတ်မဟုတ် လူတစ်ယောက်က ကျွန်တော့် အကဲကြည့်နေတာ ကျွန်တော် မြင်ရတာကိုး ခင်ဗျ"

ဟု ပြောသောအခါ ကျွန်ုပ်သည် ယခင်က ရှမ်း ၃ ယောက်ကို သတိရလာ သည်နှင့် ...

ကျွန်ုပ် ။ ။ "ရှမ်း နဲ့ မတူဘူးလား"

မြင့် ။ ။ "ဩော် ... ဟုတ်ပြီဗျို့ ...၊ ရှမ်း ပဲ ရှမ်းပဲ။ ယခုမှ ကျွန်တော် တွေးမိ တယ်"

ကျွန်ုပ် ။ ။ (စိတ်အားထက်သန်လာသည်နှင့်) "ပြောစမ်းပါမောင်၊ ပြောစမ်းပါ"

မြင့် ။ ။ "ဒါနဲ့ ကျွန်တော်က ရထားနဲ့ အိမ်ပြန်ပြီးလာတော့ သည်ရှမ်းက လည်း ကျွန်တော့်နောက်က ရထားတစ်စီးနဲ့ လိုက်လာတယ် ခင်ဗျ။ ဒါနဲ့ အိမ်ရောက်တော့ ရထားပေါ်ကဆင်းတော့လည်း ရှမ်းက ခပ် လှမ်းလှမ်းမှာ ရထားရပ်ပြီး ကျွန်တော်တို့အိမ်ကို စောင်းပါးရိပ်ခြည် ကြည့်နေတာကိုး ခင်ဗျ"

ကျွန်ုပ် ။ ။ "ပြောစမ်းပါဦး မောင်"

မြင့် ။ ။ "သည်တော့၊ ကျွန်တော်က စိတ်ထဲမှာ မသင်္ကာသော်လည်း နေ့ လည်ကြီးကြောင်တောင်မှာ ဘာမှ သူမတတ်နိုင်ပါဘူးဆိုပြီး အိမ် ခန်းထဲဝင်ကာ ကျောက်ထုပ်ကို ဖြေကြည့်တာကိုး ခင်ဗျ။ တကယ့် ခင်ဗျာ။ ကျွန်တော်ဖြင့် ဒီကျောက်နီမျိုး၊ သည်နီလာမျိုး မြင်ဖူးမှာ ထားလို့၊ ကြားတောင် မကြားဖူးပါဘူးခင်ဗျာ။ နီလိုက်တာကလည်း ရဲရဲတောက် ကြောက်မခန်းနီနီ ရှိလောက်ပါရဲ့ ခင်ဗျာ။ ဘယ့်

mgyoe.com

လောက်များ အဖိုးတန်မယ်တော့ ကျွန်တော် မပြောတတ်ဘူး။
ရက်ရက်စက်စက် နိုပါပေရဲ့ ခင်ဗျာ"

... ဟု ပြော၍ မောင်မြင့်ဖေသည် အင်္ကျီအိတ်မှ အဝတ်ငယ်တစ်ခုကို ထုတ်၍ ကျွန်ုပ်အားပြရာ၊ ကျွန်ုပ်မှာ စက္ကူဖြင့် ပတ်ထားသည်များကို ဖြည်၍ ငွမ်းများပေါ် လာသည်ကို မြင်လေလျှင်၊ ငွမ်းတို့မှာလည်း ရဲရဲနီလျက် ရှိလေ၏။ ထို့နောက်မှ ငွမ်းများကိုဖြည်၍ကြည့်ရာ ကျောက်နီမှာ မောင်မြင့်ဖေပြောသည့်အတိုင်း ရဲရဲနီလျက် အရည်တစ်စက် တစ်စက် ကျမည်ကဲ့သို့ရှိရာ နီလာမှာလည်း ပြောဖွယ်မရှိအောင် အရည်ကောင်းလှပေ၏။ ထို့နောက် ကျောက်များကို ပြန်အပ်၍၊

ကျွန်ုပ် ။ ။ "ဒါထက် ဆက်ပြီး ပြောစမ်းပါဦး မောင်"

မြင့် ။ ။ "ကျွန်တော်လည်း ကျောက်ကိုထုပ်ပြီး အင်္ကျီအိတ်မှာ တစ်ဖန်ပြန် ထည့်ပြီး အိမ်ရှေ့က ရှမ်းကိုကြည့်ပြန်တော့ ရှမ်းဟာက မုန့်စား ယောင်ယောင်၊ ဈေးဝယ်ယောင်ယောင် လုပ်ပြီး ကျွန်တော်တို့ အိမ် ရှေ့ကို တစ်ချက်တစ်ချက် လှမ်းပြီး ကြည့်မြဲတိုင်း ကြည့်နေတာ ကျွန်တော် မြင်ရတာကိုး ခင်ဗျ။ သည်တော့ ကျွန်တော်က ဧကန္တ သည်ရှမ်းဟာ အကြံတစ်ခုခု ရှိတယ်။ ကျောက်တွေ သည်အိမ် ရောက်တဲ့နေ့မှာမှ သူလာပြီး ချောင်းပုံထောက်တော့ သည်ကျောက် များအတွက် စိုးရိမ်ဖွယ်ရာ ရှိတယ်။ သည်တော့ ညကျအောင် သည်အိမ်မှာ ဆိုင်းငံ့နေလို့ မတော်ဘူး။ နေ့လယ် ရထားနဲ့ ရန်ကုန် ကို လိုက်မှ တော်မယ်လို့ အောက်မေ့ပြီး သူမမြင်အောင် တောင် ယောင်ယောင် မြောက်ယောင်ယောင်နဲ့ လုပ်ပြီး ညရထားကျအောင် မစောင့်ဘဲ နေ့လယ်ရထားနဲ့ လိုက်လာခဲ့လို့ ညနေမရောက်ဘဲ မနက် ခင်း ကျွန်တော် ရောက်လာခဲ့တာပဲ ဦးကျောက်ခဲရယ်"

ဟု ပြောလေလျှင် ကျွန်ုပ်မှာ မန္တလေးက ရှမ်းနှင့် ယမန်နေ့ကလာသော ရှမ်းမျက်လှည့်သမား ၃ ယောက်တို့မှာ ဧကန်မုချ ဆက်သွယ်ခြင်း ရှိရမည်ဟု အောက်မေ့သည်နှင့် များစွာထိတ်လန့်၍ အစေခံ မစောရှင်ပြောသော စကားများကို ပြန်ပြောင်းပြောပြလေရာ၊ ဖတ်ရှုသူ မိတ်ဆွေတို့မှာ သိရှိပြီး ဖြစ်သည်နှင့် ထပ်မံ ဖော်ပြရန် မလိုတော့ပေ။ စောရှင်တွေ့ခဲ့ရသော အဖြစ်အပျက်များကို မောင်မြင့်ဖေ ကြားသိရလေလျှင် ...

"ဟုတ်ပြီဗျို့ ... ဦးကျောက်ခဲရေ ... ဟုတ်ပြီ။ မန္တလေးက လာမယ့် လူဆိုတာ မုချ ကျွန်တော့်ကို ပြောတာပဲ။ ဟိုဟာ ပါသလားဆိုတာလည်း ဟိုဟာဆိုတာ

mgyoe.com

mgyoe.com

ကေန့ သည်ကျောက်နှစ်လုံးကို ပြောတာပဲ။ ဟုတ်ပြီဗျို့ ... ဟုတ်ပြီ။ သြော် ... ဒါထက် ဦးကျောက်ခဲ၊ သည်ကျောက်နှစ်လုံးအကြောင်းကိုကော ကြားဖူးသလား"

ကျွန်ုပ် ။ ။ "မကြားဖူးပေါင်ဗျာ"

ဟု ပြောလေလျှင် မောင်မြင့်ဖေသည် မိမိဖခင်ထံမှ ကြားသိခဲ့ရသည့် ကျောက်နှစ်လုံး၏ အတ္ထုပ္ပတ္တိနှင့်တကွ ဦးတောက်ထွန်း၏ အဖြစ်အပျက် အခြင်းအရာကို ပြန်ပြောလေ၏။ ထိုအခါ ကျွန်ုပ်ကလည်း လွန်ခဲ့သည့် ၄ နှစ်လောက်က ဦးတောက်ထွန်းသည် ဤအိမ်သို့ လာရောက်၍ တူမ မင်းကတော်က အတွေ့မခံသည်ဖြစ်၍ "မတင်ညွန့်၏ မွေးနေ့ကို မမေ့ပါ" ဟူ၍ ပြောသွားဖူးကြောင်းများကို ပြန်ပြောရလေ၏။

ကျွန်ုပ်ပြောသော စကားကို ကြားရလျှင် မောင်မြင့်ဖေသည် အတန်ကြာ စဉ်းစားစိတ်ကူး၍ နေပြီးနောက် ...။

မြင့် ။ ။ "သြော် ... တန်တော့ဗျို့။ ကျွန်တော် တစ်ခု စဉ်းစားမိပြီ၊ ကျွန်တော် စဉ်းစားမိတဲ့အတိုင်း ... မေးခွန်း ၃ ခွန်းကို ဖြေဆိုဖို့ အရေးကြီးတယ်"

ကျွန်ုပ် ။ ။ "ဘာမေးခွန်းများလဲ မောင်"

မြင့် ။ ။ "သည်လိုဗျ။ (၁)အချက်က ဤကျောက်လုံးနှစ်လုံးကို ပြန်၍ရရန်အတွက် မိုးမိတ်နယ် ရှမ်းများက အကြံအစည်ပြု၊ မပြု။ (၂)အချက်က ရှမ်းများသည် အကြံအစည်ပြုပြီးနောက် ဦးတောက်ထွန်း၏ နောက်သို့ လိုက်၊ မလိုက်။ (၃)အချက် ဦးတောက်ထွန်းသည် မိမိနောက်သို့ ရှမ်းများ တကောက်ကောက် လိုက်နေသည့်အကြောင်းကို သိ၊ မသိ။ အကယ်၍ သိရှိခဲ့လျှင် ဦးကျောက်ခဲ ပြောခဲ့သည့်အတိုင်း တူမအပေါ်၌ အငြိုးထားသည့်အတွက် မွေးကို အကြောင်းပြုပြီး ဒုက္ခဆင်းရဲ ရောက်ရလေအောင် ဤကျောက်နှစ်လုံးကို အမွေပေးခဲ့လေရော့သလားဗျာ။ ဦးကျောက်ခဲ ဘယ်လို သဘောရသလဲ"

ဟု မေးလေလျှင် ကျွန်ုပ်မှာ ဦးတောက်ထွန်း၏ ဆိုးသွမ်းညစ်ညမ်းကြောင်းကို ကြားရဖူးသည့်ပြင် ဆွေမျိုးညာတိ အမြောက်အမြား ရှိသည်အနက်မှ မတင်ညွန့်ကိုမှ ရွေးချယ်၍ အမွေပေးလျက် မတင်ညွန့်၏မိခင် မင်းကတော်ကြီးနှင့်လည်း အမျက်မကျေရှိခဲ့သည့်အကြောင်းကိုလည်း သိသည်နှင့် ဤကျောက်နှစ်လုံးသည်ကား အမွေမဟုတ်၊ 'အမွေ'ဖြစ်မည့်အကြောင်းကို တွေးထင်မိကြောင်း ပြောပြရလေ၏။

mgyoe.com

mgyoe.com



မြင့် ။ ။ "ထင်တာတော့ ဟုတ်ပြီဗျ။ ဘယ့်နှယ်လုပ်ကြမလဲ။ ကျွန်တော့် အဖေက မှာလိုက်ပုံကလည်း သည်ကျောက်နှစ်လုံးကို ဦးတောက် ထွန်း မှာတဲ့အတိုင်း မွေးနေ့ကျမှ ပေးရမယ်တဲ့ဗျ။ ယခုလဆန်း ၁၂ ရက်နေ့ဆိုတော့ ၃ ရက် လိုသေးတယ်။ သည် ၃ ရက်အတွင်း ကျွန်တော့်မှာ အင်မတန် တာဝန်ကြီးလေးတယ်။ ဘယ့်နှယ်လုပ် မလဲဗျ ... ဦးကျောက်ခဲ"

ကျွန်ုပ် ။ ။ "ဘယ့်နှယ် လုပ်ရမလဲဆိုတာ ဝတ်လုံတော်ရမင်း အဖေလုပ်တဲ့ အတိုင်း လုပ်ရုံပေါ့"

မြင့် ။ ။ "ဘယ်လိုလဲဗျ"

ကျွန်ုပ် ။ ။ သည်ရက်မတိုင်မီ ဘဏ်တိုက် တစ်တိုက်မှာ သွားပြီး အပ်ထားလျှင် ကျုပ်ဖြင့် အကောင်းဆုံးနည်းလမ်း ထင်တာပဲ"

မြင့် ။ ။ ထိုင်ရာမှ ရုတ်တရက်ထ၍ "နေရာကျလိုက်လေသဗျာ" သည်လောက်ကမှ ကျွန်တော်သတိမရဘူး။ ကိုင်း ... ပြောနေကြာ ရော့မယ်။ ခုသွားချေမယ်ဗျာ"

ဟု ပြောပြီးလျှင် မောင်မြင့်ဖေသည် ကျောက်ကိုထုပ်၍ ချိပ်တံဆိပ်နှိပ်ပြီး နောက် ဘဏ်တိုက်သို့အပ်ရန် ရထားတစ်စီးနှင့် မြို့တွင်းသို့ သွားလေ၏။

■ ■ ■

mgyoe.com

mgyoe.com

# ၃။

မင်းကတော်ကြီး သားအမိနှစ်ယောက်တို့သည် လှူဒါန်းရန် ပစ္စည်းများကို ဝယ်ခြမ်း၍ ပြန်လာကြပြီးသည်နောက် မောင်မြင့်ဖေလည်း ဘဏ်တိုက်မှ ပြန်ရောက်လာရာ မောင်မြင့်ဖေသည် ဘိလပ်မှ ပြန်လည်လာရောက်ခဲ့သည်မှစ၍ နှမများ၊ အဒေါ်များနှင့် မတွေ့ရသေးသည် ဖြစ်သောကြောင့် ဝမ်းသာအားရ နှုတ်ခွန်းဆက်သကြပြီးလျှင် မန္တလေးက ဆွေမျိုးများ အကြောင်းနှင့်တကွ ဘိလပ်မြို့တော်၌ နေထိုင်ခဲ့ရသည့်အကြောင်း ပြောဆိုလျက် ရှိကြလေ၏။ မောင်မြင့်ဖေနှင့် မတင်ညွန့်တို့မှာ ငယ်စဉ်အခါက မောင်ရင်းနှမကဲ့သို့ အရောတဝင် ခေါ်ငင်ပြောဆိုကြသော်လည်း နှစ်ပေါင်းအတန်ကြာ ကွဲကွာကြပြီးသည့်နောက် တစ်ယောက်နှင့်တစ်ယောက် ပြန်လည်တွေ့ဆုံကြရာတွင် နှစ်ဦးလုံးတို့သည် အရွယ်ရောက်ကြလျက် လူချောနှင့် မိန်းမချော ဖြစ်နေကြသည်အကြောင်းကို နှစ်ဦးစလုံးပင် သိရှိကြသည် ဖြစ်လေရကား ပထမ၌ အနည်းငယ် 'ရှန့်' လျက် စကား အတန်ငယ် ပြောမိကြ၍ လက်ဆုံဝင်သည့်အခါမှ ရှေးကကဲ့သို့ ချစ်ကျွမ်းဝင်ကြပြီးလျှင် အရောတဝင် ခေါ်ငင်ပြောဆိုခြင်းကို ပြုကြလေ၏။

ထိုနေ့၌ မောင်နှမနှစ်ယောက်တို့မှာ နှစ်ပေါင်းအတန်ကြာ ကွဲကွာခဲ့ကြသည် ဖြစ်သောကြောင့် တစ်ဦးအားတစ်ဦး ပြောဆိုရန် သတင်းများစွာ ရှိကြလေရာ အိမ်ရှေ့ခန်း၌လည်းအတူ၊ ဥယျာဉ်ထဲ၌လည်းအတူ၊ လမ်းလျှောက်ရာ၌လည်း အတူတွဲလျက် မခွဲခွာနိုင်အောင်ပင် ရှိကြသဖြင့် ကျွန်ုပ်မှာ တောင်းဖူးသည့် ဆုအတိုင်း ပြည့်ပါစေဟူ၍ ထပ်လောင်းတောင်းမိပြန်လေ၏။

ညနေခင်းအချိန်တိုင်ရောက်မှ ကျွန်ုပ်သည် မောင်မြင့်ဖေနှင့် နှစ်ယောက်တည်း တွေ့ရန် အခွင့်ကြုံသည်ဖြစ်၍ အကျိုးအကြောင်း မေးမြန်းရာ ကျောက်နှစ်လုံးမှာ

mgyoe.com

mgyoe.com


ရန်ကုန်မြို့၌ အကြီးအကျယ်ခိုင်လုံသော ဘဏ်တိုက်တစ်တိုက်တွင် အပ်နှံထားခဲ့ကြောင်းနှင့် ပြောဆိုသဖြင့် အတန်ငယ် စိတ်အေးခြင်းသို့ ရောက်ရလေ၏။

ငင်း ညဥ့် ၁၀ နာရီ အချိန်ခန့်တွင် ကျွန်ုပ်သည် အိပ်ရာသို့ ဝင်သော်လည်း ဦးတောက်ထွန်း၏ အကြောင်းကိုလည်းကောင်း၊ ပတ္တမြားတို့၏ အကြောင်းကိုလည်းကောင်း၊ ရှမ်းများ၏ အကြောင်းကိုလည်းကောင်း အကြိမ်ကြိမ် အဖန်ဖန် စိတ်ကူးမိသည်ဖြစ်၍ အိပ်မပျော်နိုင်ဘဲ ရှိသည်နှင့် အိမ်ပြင်သို့ ထွက်၍ ဥယျာဉ်၏ အတွင်း လသာသာတွင် တစ်ယောက်တည်း လမ်းလျှောက်လျက် ရှိလေ၏။ ထိုသို့ ရှိစဉ် အိမ်နောက်မှ ခွေးဟောင်သံကြားသည်နှင့် သွားရောက်ကြည့်ရှုမည် ပြုသည်တွင် မည်သည့်အကြောင်းကြောင့်မသိ၊ ရှမ်းများကို သတိရသည်နှင့် ရုတ်တရက် အထင်အရှား မသွားရောက်ဘဲ မှောင်ရိပ်မှ ခိုလျက် တရွေ့ရွေ့သွား၍ ချောင်းမြောင်း ကြည့်ရှုသည်တွင် အိမ်၏နောက်ဖေးရှိလမ်းကြား၌ လူ ၃ ယောက်တို့သည် ကလေးတစ်ယောက်ကို ဝိုင်း၍ ကြည့်နေသည်ကို တွေ့မြင်ရလေ၏။ ထိုအခါ ကျွန်ုပ်မှာ ဤသူများကား ရှမ်းများပင် ဖြစ်ဟန်တူ၏ဟု အောက်မေ့၍ ဆိုက်ကုလားနှင့် ကျွန်ုပ်၏ လက်အောက် အစေခံဖိုးဟန်ကို ခေါ်ပြီးလျှင် တုတ်တစ်ချောင်းစီနှင့် ပြေးသွားကြရာ ရှမ်းတို့မှာ ကျွန်ုပ်တို့ကို မြင်သည်နှင့်တစ်ပြိုင်နက် လျင်မြန်စွာ ထွက်ပြေးကြလေ၏။ ထိုအခါ ကျွန်ုပ်တို့မှာ ရှမ်းတို့အပေါ်၌ ဖွပ်စွဲရန် လုံလောက်စွာသော အချက်လည်း မရှိသည်နှင့် မီအောင် လိုက်နိုင်သော်လည်း မလိုက်ဘဲ ငင်းတို့ ရပ်၍နေသော နေရာသို့ရောက်သောအခါ ပြန်လာမည်ပြုရာ လရောင်တွင် ပြိုးပြိုး ပြောင်ပြောင်ရှိသော အရာဝတ္ထုတစ်ခုကို မြင်သည်နှင့် ကောက်ယူကြည့်ရှုသည်တွင် မှန်ဝိုင်းငယ်တစ်ခု ဖြစ်ကြောင်းကို တွေ့မြင်ရလေ၏။

ယင်းကဲ့သို့ တွေ့မြင်ရလေလျှင် ဤမှန်ဝိုင်းငယ်သည် စောရှင်ပြောသော မှန်ဝိုင်းငယ်ပင်ဖြစ်၍ လူ ၃ ယောက်မှာလည်း ရှမ်း ၃ ယောက်ပင်ဖြစ်မည်ဟု အမှန်မုချ တွေးဆမိလေလျှင် ထိုသူတို့သည် ဓကန်အကြံအစည်နှင့် လာရောက်သော ရှမ်းများဖြစ်ကြောင်း တွေးမိသော်လည်း ပတ္တမြားတို့မှာ အိမ်၌မရှိ ဘဏ်တိုက်သို့ ရောက်ပြီဖြစ်သောကြောင့် များစွာစိုးရိမ်ခြင်းမရှိဘဲ ဆိုက်ကုလားနှင့် ဘိုးဟန်တို့အား ...

"အလကားအကောင်တွေ ထင်ပါရဲ့ကွယ်"

ဟု ပြောပြီးနောက် အိမ်သို့ ပြန်လာကြလေ၏။ နံနက်လင်းသောအခါ ကျွန်ုပ်သည် ဤအကြောင်းကို မောင်မြင့်ဖေအား ပြောပြရာ မောင်မြင့်ဖေသည် အတန်ကြာအောင် တွေဝေစွာ ရှိနေပြီးနောက် ...

mgyoe.com

mgyoe.com


"ကျွန်တော်တို့ တွေးတာတော့ မလွဲဘူးဗျို့၊ ကေနှ နောင့်ယှက်မယ့် ရှမ်းတွေပဲ၊ ကျွန်တော်ဖြင့် အမှန်ပြောရရင် ပတ္တမြားအတွက်နဲ့ ပတ်သက်ပြီး မတင်ညွန့်အတွက် စိတ်လေးလိုက်တာဗျာ။ ကိုယ့်ဟာပိုင်များဖြစ်ရင် ဘယ့်လောက်ပဲ အဖိုးတန်တန် လွှင့်ပစ်လိုက်ပါပြီဗျာ"

ဟု ပြောပြီးနောက် မျက်နှာမသာမယာနှင့် မှိုင်လျက် ရှိနေလေ၏။ သို့ပင် ... စိတ်မကြည်မရွှင် ရှိပါသော်လည်း လူငယ်တို့မည်သည်မှာ ကြာရှည်စွာ စိတ်ညစ်ညူးနိုင်သည် မဟုတ်ဖြစ်သည့်အတိုင်း၊ မတင်ညွန့် နှင့် တွေ့ဆုံကြ၍ စကား ၄-၅ ခွန်းမျှ ပြောမိကြလေလျှင် ယခင်ရောက်လာစအခါကကဲ့သို့ ရွှင်ပျစွာ ရှိလျက် ၎င်းတို့နှစ်ယောက်သည် ထိုနေ့ တစ်နေ့ပတ်လုံး အိမ်ထောင်မှုများကို နေရာကျသည်ထက် ကျအောင် ကိုယ်တိုင် စီစဉ်ကြပြီးလျှင် ခန်းဆီးများ၊ လိုက်ကာများ၊ စားပွဲများ၊ ကုလားထိုင်များ၊ မှန်တင်ခုံများ စသည်တို့ကို တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းလျက်ရှိကြလေ၏။ ၎င်းနောက် မတင်ညွန့်၏ အိပ်ခန်းမှာ အနည်းငယ် မှောင်လျက် ရှိသည်ဟု နှစ်ဦးလုံး သဘောရသည်ဖြစ်၍ သဘော်ဆေးအဖြူ သုတ်ရသော် ကောင်းမွန်မည်ဟု အကြံရပြန်သည်နှင့် ဆေးသုတ်သမားများကို ငှားရမ်းပြီးနောက် လျင်မြန်စွာ ဆေးသုတ်ရန် အမိန့်ပေး၍ နှစ်ဦးလုံး စောင့်ကြပ် ကြည့်ရှုစီမံလျက် ရှိကြလေ၏။

လဆန်း ၁၄ ရက်နေ့တိုင် ရောက်လေလျှင် မင်းကတော်ကြီး၏ အစ်မကြီးဖြစ်သော ပွဲကတော်ကြီး ဒေါ်သန့်ရင်၏ သားသမီးတစ်စုတို့သည် မော်လမြိုင်မြို့မှ နံနက်ရထားနှင့် ပါလာကြ၍ ကျွန်ုပ်တို့၏ နေအိမ်သို့ မော်တော်ကားနှင့် ဆိုက်ရောက်လာကြလေ၏။ ၎င်းလူမှာ သားအကြီး မောင်တင်ဦး၊ သမီးအကြီး မမြကြည် နှင့် သမီးအငယ် မမြရီတို့ ဖြစ်လေရာ ၎င်းတို့အားလုံးမှာ ဖြူဖြူတုတ်တုတ်နှင့် လုံးကြီးပေါက်လှဖြစ်ကြ၍ အထူးသဖြင့် သားယောကျ်ား မောင်တင်ဦးမှာ လူချောလူယဉ် တစ်ယောက်ပင် ဖြစ်ပေ၏။

၎င်းတို့ ဆိုက်ရောက်လာကြလျှင် မောင်နှမ တစ်စုတို့သည် ဘုရားဖူးခြင်း၊ ကန်တော်ကြီးသို့ လည်ပတ်ခြင်း စသည်တို့ကို ပြုလုပ်ကြသဖြင့် တစ်နေ့လုံး အချိန်ကုန်ကြ၍ ညနေခင်းအချိန်တွင် မော်တော်ကားနှင့် ပြန်လာကြရာ ကျွန်ုပ်သည် အိမ်ရှေ့မှ ကြိုဆိုရင်း အကဲခတ်မိသည်တွင် မောင်မြင့်ဖေမှာ မဆိုစလောက်ကလေးမျှ မကြည်မရွှင်ရှိ၍ မောင်တင်ဦးနှင့် မတင်ညွန့်တို့မှာမူ အထူးသဖြင့် ချစ်ကျွမ်းဝင်သည့် အနေနှင့် ရှိကြ၍ မမြကြည်၊ မမြရီတို့ ညီအစ်မနှစ်ယောက်မှာလည်း ရွှင်ပျသော မျက်နှာထားများနှင့် မောင်မြင့်ဖေအား စကားပြောဆိုလျက် ရှိကြလေ၏။ ယင်း

mgyoe.com

mgyoe.com

ကဲ့သို့ တွေ့မြင်ရလေလျှင် ကျွန်ုပ်မှာ မောင်တင်ဦးအပေါ်၌ မုန်းထားသော စိတ် မရှိဖူးသည် ဖြစ်သော်လည်း ကျွန်ုပ်၏ တစ်သက်ပတ်လုံး တောင်းခဲ့သောဆုသည် ပျက်ပြားချေတော့မည်တကားဟု များစွာ စိုးရိမ်မကင်း ဖြစ်မိချေ၏။

မောင်တင်ဦးနှင့် မောင်မြင့်ဖေတို့မှာ အမေ ညီအစ်မမွေး ဖြစ်ကြ၍ အသက် အရွယ်မှာလည်း မောင်တင်ဦးက တစ်နှစ်မျှလောက် ကြီးခဲ့သည်ဖြစ်ရာ နှစ်ဦးလုံးမှာ မျက်လုံးပြူးပြူး၊ နှာတံပေါ်ပေါ်နှင့် မျက်နှာ၏ အနေအထားမှာလည်း အလွန်တရာ အဆင်တူလှ၍ ညီအစ်ကို အရင်းကဲ့သို့ပင် မှတ်လောက်သည်ဖြစ်လျက် မောင်မြင့် ဖေမှာ အသားညိုစိမ့်စိမ့်နှင့် ချောမော၍ မောင်တင်ဦးမှာ ဖြူဖြူစင်စင်နှင့် ချစ်ခင် လောက်ဖွယ် ရှိပေ၏။ မောင်တင်ဦးမှာ ကုန်သည်အမျိုးအနွယ် ဖြစ်သဖြင့် အင်္ဂလိပ် စာ ၁၀ တန်းမျှသာလျှင် သင်ကြားတတ်မြောက်ပြီးနောက် ဖခင်၏ လုပ်ငန်းကို နမူနာယူလျက် တစ်ပွဲတစ်လမ်းခွဲပြီးလျှင် ပွဲစားကလေး မောင်တင်ဦးဟူသော အမည်နှင့် အလွန်တရာ ထွန်းကား ကျော်ကြားလျက် ရှိပေ၏။ ထို့ပြင် မောင်တင်ဦး သည် အများနှင့် သက်ဆိုင်သော အလုပ်ဝတ္တရားတို့၌ ဆောင်ရွက်ရန် ဝါသနာပါ ရှိသည်ဖြစ်၍ ဆွမ်းကြီးလောင်းအသင်း၌ စက္ကရီတေရီ၊ စာဖတ်အသင်း၌ ဥက္ကဋ္ဌ၊ မြို့မဆိုင်ရာ အသင်းကြီး၌ ကော်မတီဝင်၊ နို့စို့သူငယ်များကို ကာကွယ်စောင့်ရှောက် မှုအသင်း၌ ဒုတိယချယ်ယာမင် စသည်ဖြင့် အသင်း ၅ သင်း၊ ၆ သင်းတို့၌ ခေါင်းဆောင်လူကြီး တစ်ယောက် ဖြစ်ပေရကား အလွန်တရာ အသိအကျွမ်းများ လျက် လူပင်ငယ်သော်လည်း နာမည်ကြီးသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေ၏။ ထိုမှတစ် ပါးလည်း မောင်တင်ဦးမှာ ငယ်ရွယ်စဉ်မှစ၍ လူပေါင်းစုံတို့နှင့် ပေါင်းသင်းဆက်ဆံ ရသည် ဖြစ်သောကြောင့် စကားအရာ၌ လွန်မင်းစွာ လိမ္မာချေင်း မရှိစေကာမူ သွက်သွက်လက်လက်နှင့် အချက်ကျအောင် ပြောဆိုတတ်သည် ဖြစ်သောကြောင့် အောက်မြန်မာပြည် အစည်းအဝေးများ၌မူ စကားတတ်လှသော ပုဂ္ဂိုလ်တစ်ဦးဟူ၍ ချီးကျူးထောမနာ ပြုခြင်းကိုလည်း ခံခဲ့ရသည် ဖြစ်ပေ၏။ ယင်းသို့ရှိခဲ့ရာ မောင် တင်ဦးနှင့် မောင်မြင့်ဖေ ညီအစ်ကိုနှစ်ယောက်တို့ကို နှိုင်းယှဉ်၍ ကြည့်ရသည်ရှိ သော် အရုပ်အရည်အားဖြင့် တူညီသည်ဟူ၍ ထားဘိဦး၊ အရည်အချင်း၌မူကား မောင်မြင့်ဖေသည် စကားပြောဆိုသည့်အခါ၌ နက်နက်နဲနဲ စဉ်းစားဆင်ခြင်လျက် ယဉ်ကျေးဖွယ်ရာသော စကားလုံးတို့ကိုသာ အသုံးပြုတတ်သည် မှန်သော်လည်း တစ်ဖန်အားဖြင့် အကဲခတ်ရသည်ရှိသော် မောင်တင်ဦးက သွက်လက်ဖျတ်လတ် သည့်အတွက် သာ၍ အကဲရောက်သည်ဟူ၍ ခန့်မှန်းဖွယ်ရှိပေ၏။ ကျွန်ုပ်မှာမူ မည်သူက မည်သည့်အချက်၌ သာလွန်သည်ဖြစ်စေ၊ ကျွန်ုပ် ချစ်ခင်ရင်းဖြစ်သော

mgyoe.com

mgyoe.com


မောင်မြင့်ဖေက အရည်အချင်း သာလွန်သည်ဟု အောက်မေ့လျက် မောင်မြင့်ဖေ၏ ဘက်တော်သား သက်သက်မျှ ဖြစ်ပေ၏။

ငင်းနေ့ညနေ ညနေစားသောက်ကြသောအခါ မောင်တင်ဦးမှာ မိမိ၏ အဒေါ်အားလည်းကောင်း၊ မတင်ညွန့်အားလည်းကောင်း ရယ်မောဖွယ်ရာ ပုံတိုပုံစများကို ခြေဟန်လက်ဟန်နှင့်တကွ ရွှင်ပျသော မျက်နှာထားနှင့် ပြောပြလျက် အလွန်တရာ အူရွှင်စွာ ရှိနေသည်ဖြစ်ရာ ၎င်း၏နှစ်မနှစ်ယောက်တို့နှင့် မင်းကတော်ကြီး သားအမိနှစ်ယောက်တို့မှာလည်း ထမင်းပွဲ၌ တသောသော ရယ်မောလျက် ရှိကြရလေ၏။ ယင်းသို့ရှိကြစဉ် မောင်မြင့်ဖေမှာမူ မိမိ၏ ထမင်းပန်းကန်ကိုသာ ဂရုစိုက်နေသည့်ဟန်ဖြင့် ဦးခေါင်းကိုချလျက် မောင်တင်ဦးပြောသော ရယ်မောဖွယ်စကားတို့ကို တစ်ခွန်းတစ်ပါဒမျှ အဓိပ္ပာယ်နားမလည်ဘဲ သူတစ်ပါးရယ်သောအခါမှ ရောယောင်ကာ ရယ်မောခြင်းကို ပြုရလေ၏။ ယင်းသို့သော အခြင်းအရာကို ကျွန်ုပ်သည် တစ်စောင်းမှ ချောင်းမြောင်းကြည့်ရှုသဖြင့် တွေ့မြင်ရသောအခါ ကျွန်ုပ်မှာ မောင်မြင့်ဖေသည် မျှော်လင့်ရန် လုံးလုံးမရှိတော့တကားဟု များစွာ ဝမ်းနည်းခြင်း ဖြစ်ရပြန်လေ၏။

ထမင်းစားသောက်၍ ပြီးကြလတ်သော် မောင်မြင့်ဖေသည် ဖခင်ထံ စာရေးရန် ရှိသေးကြောင်းနှင့် အဒေါ်အား ခွင့်တောင်း၍ စားပွဲတစ်ခုတွင် စာရေးလျက်ရှိရာ မောင်နှမ ၄ ယောက်တို့သည် တစ်ခုသော စားပွဲ၌ ဝိုင်းဖွဲ့ကာ စကားပြောဆိုလျက် ရှိရာမှ မောင်တင်ဦးက မတင်ညွန့်အား

"ညွန့်ညွန့် နေ့လယ်ကပြောတဲ့ ပန်းမျိုးဟာ ကိုကိုဦး မမြင်ဖူးဘူးသေးလို့ ပြစမ်းပါဦး ညွန့်ညွန့်ရယ် ..."

ဟု ပြောသဖြင့် မတင်ညွန့်က ...

"ကိုကိုဦးက မယုံသေးဘဲကိုး။ လာ လာ ညွန့်ညွန့် ပြမယ်" ဟု ပြော၍ အိမ်အောက်သို့ ဆင်းသွားကြလေလျှင် မောင်မြင့်ဖေသည် မိမိစာရေးရာ စားပွဲမှ တစ်ချက်မျှ လှမ်း၍ကြည့်ပြီးနောက် မျက်နှာပျက်လျက် ကလောင်ကို ကိုင်ကာ ကျန်ရစ်ရှာလေ၏။

ထိုအခြင်းအရာကို မြင်လျှင် မောင်မြင့်ဖေ၏ ဘက်သားဖြစ်သည့်အတိုင်း အိမ်ပေါ်မှ ဆင်းလာခဲ့၍ မောင်တင်ဦးနှင့် မတင်ညွန့်တို့ ဝင်သွားရာဖြစ်သော ပန်းခြံနှင့် မနီးမဝေးမှရပ်၍ အကဲခတ်လျက်ရှိစဉ်တွင် ပန်းခြံအတွင်းမှ မောင်တင်ဦးနှင့် မတင်ညွန့်တို့ ရယ်မောကာ စကားပြောဆိုကြသော အသံသည် ရပ်စဲလျက် ရှိသည်နှင့် ကျွန်ုပ်သည် နီးနိုင်သမျှ နီးအောင် ချဉ်းကပ်၍ နားထောင်သည်တွင် မောင်တင်ဦး

mgyoe.com

mgyoe.com


သည် စိတ်အားထက်သန်လှသော အမူအရာနှင့် လေသံဖြင့်သာလျှင် စကားပြောဆိုလျက် ရှိသည်ကို ကြားရလေ၏။ သို့ရာတွင် မည်သည့်စကားပြောဆိုသည်ကိုမူ မကြားရဘဲ ရှိနေရာ တစ်ခဏမျှကြာလျှင် မတင်ညွန့်က ...

"ကျွန်မ မကြားပါရစေနဲ့ ကိုကိုဦးရယ် ...။ ကျွန်မက မောင်အရင်းလိုသဘောထားတဲ့အတိုင်း ကျွန်မလိုပဲ နှမအရင်းလိုသာ အောက်မေ့ပါတော့"

ဟု ခပ်ကျယ်ကျယ် ပြောလိုက်သည်ကို ကြားရလေ၏။ ထိုအခါ မောင်တင်ဦးက လေသံဖြင့် ထပ်မံ၍ ပြောဆို၍ နေပါသော်လည်း မတင်ညွန့်က

"မဖြစ်နိုင်ပါဘူး ကိုကိုဦးရယ်၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ စဉ်းစားဖို့ မလိုပါဘူးရှင်။ ဟုတ်ကဲ့ ... နောက်ဆုံးစကားပါပဲ။ ဘယ်တော့မှ ထပ်ပြီး မပြောပါနဲ့တော့"

ဟု မတင်ညွန့်က တစ်ဖက်သတ်ပြောသံကို ကြားရလျှင် ကျွန်ုပ်မှာ မောင်တင်ဦး ပြောသော စကားကို ကြားပင် မကြားရသော်လည်း ရိပ်မိသိရှိသည်နှင့် ဝမ်းမြောက်ဝမ်းသာ အိမ်တွင်းသို့ ဝင်လာခဲ့လေ၏။ ၎င်းနောက် တစ်ခဏကြာလေလျှင် မောင်တင်ဦးနှင့် မတင်ညွန့်တို့လည်း မျက်နှာထား ခပ်ကြိုးကြိုးနှင့် အိမ်တွင်းသို့ ဝင်လာကြလေ၏။

■ ■ ■

mgyoe.com

mgyoe.com

၄။

လပြည့်နေ့ နံနက်တိုင်း ရောက်လေလျှင် မတင်ညွန့်၏ အိပ်ခန်းကို ဆေးသုတ်သော သူတို့လည်း ၎င်းနေ့နံနက် စောစောကပင် တံခါးများ ပြတင်းပေါက်များ စသည်တို့ကို လက်စသတ်၍ ပြီးစီးလေရာ၊ တစ်အိမ်လုံးမှာလည်း နံနက်စောစောမှပင် သံဃာတော်များအတွက် နေရာထိုင်ခင်း ပြင်ဆင်ကြခြင်း၊ ကျွေးမွေးရန် ခဲဖွယ်ဘောဇဉ်တို့ကို ချက်ပြုတ်ကြော်လှော်ကြခြင်း စသည်ဖြင့် တစ်အိမ်လုံး လှုပ်ရှားလျက်ရှိကြရာ မောင်တင်ဦးမှာမူ ယမန်နေ့ကကဲ့သို့ များစွာ ရွှင်ပျခြင်းမရှိဘဲ လွန်စွာ စကားနည်းလျက် မောင်မြင့်ဖေမှာမူ ယမန်နေ့က အမူအရာတို့သည် အရှင်းပျောက်ကင်းလျက် တဖြည်းဖြည်း ကြင်လင်ရွှင်ပျသော အဖြစ်သို့တိုင် ရောက်ခဲ့လေ၏။

သံဃာတော်မြတ်များကို ဆွမ်းကျွေးမွေး၍ လူပရိသတ်တို့လည်း နံနက်စာ စားသောက်ကြပြီးနောက် မောင်မြင့်ဖေသည် ကိစ္စတစ်ခုရှိကြောင်းနှင့် ခွင့်တောင်း၍ မြို့တွင်းသို့ ခေတ္တသွားရောက်လေရာ မောင်တင်ဦးကလည်း ကိစ္စတစ်ခု ရှိပြန်သည်ဟု ပြော၍ အတူတကွ ထွက်သွားကြလေ၏။ တစ်နာရီခန့်မျှ ကြာလေလျှင် မောင်တင်ဦး၊ မောင်မြင့်ဖေနှင့် မင်းကတော်ကြီး၏ မိတ်ဆွေ ဝတ်လုံတော်ရကြီး ဦးထွန်းလှတို့သည် အတူတကွ ပြန်လာကြလေ၏။ ၎င်းနောက် မောင်မြင့်ဖေက အရေးကြီးသော ကိစ္စတစ်ခု ရှိပါကြောင်းနှင့် ပြောဆို၍ အခန်းမကြီးအတွင်း၌ အိမ်သူအိမ်သားတစ်စုတို့နှင့် ဝတ်လုံတော်ရ ဦးထွန်းလှတို့ကို အားလုံးစုရုံး ခေါ်ငင်ပြီးလျှင် ကျွန်ုပ်မှတစ်ပါး အခြားသော အစေခံများကို အခန်းတွင်းသို့ ဝင်ခွင့်မပြုရန် ကျွန်ုပ်အား ပြောဆိုလေ၏။

အိမ်သူအိမ်သား၊ ဆွေမျိုးသားချင်းတို့နှင့် ဦးထွန်းလှတို့သည် စားပွဲကြီး၌ ဝိုင်းဖွဲ့ကာ ထိုင်လျက်ရှိကြလေလျှင် မောင်မြင့်ဖေက မိမိမှာ ယခုလာရောက်ရခြင်း၌ အလည်အပတ် သက်သက်မျှ မဟုတ်။ အရေးကြီးသော ကိစ္စတစ်ခုကိုလည်း

mgyoe.com

mgyoe.com

ဆောင်ရွက်ရန် လာရောက်ကြခြင်းဖြစ်ကြောင်းနှင့် စကားချီပြီးလျှင် ၎င်း၏အဘိုးတော်စပ်သူ ဦးတောက်ထွန်းက ပတ္တမြားကျောက်တစ်လုံးနှင့် နီလာကျောက်တစ်လုံးကို မတင်ညွန့်အား အမွေအနှစ်ပေးခဲ့ပုံ နည်းစနစ်များကို သေချာစွာ ပြောဆိုပြီးနောက် ကျောက်နှစ်လုံးကို အထုပ်မှဖြေလျက် မတင်ညွန့်၏လက်သို့ ပေးအပ်လေလျှင် လွန်မင်းအောင် အရည်ကောင်းလှသည့် ပတ္တမြားကျောက်ကို ရုတ်တရက်တွေ့မြင်ရသည်ဖြစ်သောကြောင့် အားလုံးသော ဆွေမျိုးသားချင်း တစ်စုတို့မှာ လက်ဖျားခါသူကခါ၊ စားပွဲကို ထုသူကထု၊ ရင်ဘတ်ကို တီးသူကတီးလျက် မျက်လုံးများ ပြူးပြီးလျှင် အံ့သြကြီးမက အံ့သြလျက် ရှိကြလေ၏။

မတင်ညွန့်သည် ထိုကျောက်နှစ်လုံးကို လက်ခံရရှိလေလျှင် သမီးကညာတို့မည်သည်မှာ လှပဆန်းကြယ်သော ဝတ်စားရတနာတို့ကို ရရှိသည့်အခါလွန်စွာဝမ်းမြောက်တတ်မြဲ ဖြစ်သည့်အတိုင်း ကလေးသူငယ်သည် ဆန်းသစ်သော ကစားစရာတစ်ခုကို ရရှိသည့်အခါ၌ ဖက်ပွေ့နမ်းရှုံ့မတတ် လွန်မင်းစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ဘိသကဲ့သို့ ရွှင်ပျသော မျက်နှာထားနှင့် ပတ္တမြားကျောက်တို့၏ အရည်အဆင်းကို ချီးမွမ်းအံ့သြလျက်ရှိစဉ် အားလုံးသော သားချင်းတို့လည်း ထိုင်ရာမှထလျက် သူ့ထက်ငါ တိုးဝှေ့ကာ ကြည့်ရှုလျက်ရှိကြစဉ်၊ ကျွန်ုပ်နှင့် မောင်မြင့်ဖေနှစ်ယောက်တည်းသာလျှင် မရွှင်ပျသော မျက်နှာထားများနှင့် နှုတ်ခမ်းကိုကိုက်ကာကြည့်နေလေ၏။ မင်းကတော်ကြီးမှာမူ ရုတ်တရက် အံ့သြချီးမွမ်းခြင်း ပပျောက်ပြီးနောက် ထိုင်ရာမှထ၍

"ဦးတောက်ထွန်းဆိုတာ ညွန့်ကြားဖူးရဲ့လား"

ညွန့် ။ ။ "ညွန့်တို့ ဘိုးဘိုးဆိုတာ မဟုတ်လား"

စင် ။ ။ "ဟုတ်တယ် သမီးရဲ့။ သို့သော် မေမေတို့၊ ညွန့်တို့ အမျိုးကိုဖျက်တဲ့ အဘိုးကြီးဖြစ်တယ် သမီးရဲ့။ သည်တော့ သူကပေးတဲ့အမွေအနှစ်ဆိုရင် မေမေဖြင့် လက်ဖျားနဲ့တောင် မထိစေချင်ဘူး သမီးရယ်"

ညွန့် ။ ။ (နှုတ်ခမ်းစူလျက်) "ဘိုးဘိုးက ဆိုးတာနဲ့ သူက သဒ္ဒါလို့ ပေးခဲ့တဲ့ပစ္စည်းကို ယူတာနဲ့ မဆိုင်ပါဘူး မေမေရယ်"

စင် ။ ။ "ဒါမတော့၊ ငါ့သမီးသဘောပေါ့လေ။ မေမေ့ကို ပေးတာ မဟုတ်ပေဘဲဟာကိုး။ ဘယ်ကတိုက်လို့ခိုက်လို့ ရခဲ့မှန်းလဲမသိ။ သို့သော်တစ်ကျပ်တန်၊ နှစ်ကျပ်တန်လည်း မဟုတ်တော့ ငါ့သမီးသဘောပေပေါ့လေ..."

ညွှန့် ။ ။ "မခေါ်ချင်နေရသတဲ့၊ မတော်ချင်လို့ မနေရဘူးတဲ့။ မေမေ အသိသား နဲ့ မေမေရယ်။ ဘယ်လိုပင် ဆိုးပေမဲ့ ဘိုးဘိုး၊ ဘိုးဘိုးပေါ့ မေမေရဲ့။ ညွှန့်နဲ့ သည်ကျောက်နီနဲ့ မလိုက်ဘူးလား မေမေရယ်..."

ဟု ပြောလျက် မိခင်စိတ်ဆိုးမည်ကို စိုးသဖြင့် ရင်ခွင်ပေါ်၌ ပြေး၍ထိုင်ကာ ကန္ဒဲ့ကလျ ပြောလေလျှင် မိခင်ဖြစ်သူမှာ စိတ်ဆိုးရန် သတိမရနိုင်ဘဲ ဦးခေါင်းကို သပ်ခါသပ်ခါ သက်ပြင်းချလျက် ရှိလေ၏။

ငင်းနောက် မိခင် အမျက်ပြေကြောင်းသိ၍ မတင်ညွှန့်သည် ရင်ခွင်မှထပြီး လျှင် ...

"ဒါထက် သည်ပတ္တမြားကို ဝတ်ရအောင် ဘယ်လိုကြံရပါမလဲ"

... ဟု ပြောလေလျှင် မောင်မြင့်ဖေသည် မြို့တွင်းမှ အဆင်သင့်ဝယ်ယူလာခဲ့ သော ရွှေနန်းကြိုးများကို အိတ်မှ ထုတ်ပြီးနောက် ပတ္တမြားကျောက်နှင့် နီလာတို့ကို ရွှေနန်းကြိုးနှင့် ကျစ်လျစ်စွာပတ်လိပ်၍ ရင်ထိုးအဖြစ်နှင့် ခေတ္တမျှ ဝတ်ဆင်နိုင်အောင် ပြုပြင်ပေး၍ ပေးလေလျှင် မတင်ညွှန့်လည်း ချက်ချင်းပင် ရင်၌ထိုးလျက် မှန်ကို ခဏခဏ ကြည့်ကာ ကြည့်ကာနှင့် ရှိရှာလေ၏။ (ဤနေရာ၌ အချို့သော မိန်းမတို့ က မတင်ညွှန့်သည် အဝတ်၌ တပ်မက်သောစိတ် အားကြီးလှသည်ကို ပြစ်တင် ကဲ့ရဲ့ကောင်း ကဲ့ရဲ့ကြပေလိမ့်မည်ဖြစ်ရာ ထိုပတ္တမြားကျောက်တို့ကို ကိုယ်တိုင်ဒိဋ္ဌ မြင်ကြရသည်အခါ၌မူ မတင်ညွှန့်ထက်ပင် ကဲလွန်ကြလိမ့်မည် အကြောင်းကို ကျွန်ုပ် ယုံကြည်မိပေ၏)

ညနေခင်းတိုင် ရောက်လေလျှင် ဂုဏ်သရေရှိ ဧည့်ပရိသတ်တို့လည်း အချို့ မှာ မော်တော်ကားများနှင့် အချို့မှာ ရထားပိုင်များနှင့် အချို့မှာလည်း ဒေါက်ကပ် များနှင့် ဆိုက်ရောက်လာကြလေရာ၊ ငင်းပရိသတ်များအနက် မိုးကုတ်၊ မိုးမိတ်မ စ၍ ရှမ်းပြည်နယ်၌ ခေါက်ပေါင်းများစွာ သွားလာဖူးသော ကျောက်ကုန်သည်ကြီး ဦးကံရုံဆိုသူ တစ်ယောက်လည်း ပါရှိလေ၏။ ဦးကံရုံသည် မင်းကတော်ကြီး နေအိမ်သို့ တက်မိပြီးနောက် မတင်ညွှန့်၏ရင်၌ ဝတ်ဆင်ထားသော ပတ္တမြား ကျောက်ကြီး မြင်မိသည်နှင့်တစ်ပြိုင်နက် စိုက်ငေးလျက်ရှိရာ မောင်မြင့်ဖေသည် ငင်းအခြင်းအရာကို မြင်သည်နှင့် ဦးကံရုံအား မည်သည့် အဓိပ္ပာယ်နှင့် ကြည့်ရှု၍ နေပါသနည်းဟု မေးမြန်းသောအခါ ဦးကံရုံက မိမိမှာ နှစ်ပေါင်း ၃၀ ကျော်မျှ ကျောက်ကုန်သည်ကြီးလုပ်၍ လာခဲ့ပါလျက် ဤမျှလောက် ကောင်းမွန်သော ကျောက်နီနှင့် နီလာတို့ကို တစ်ခါမျှ မတွေ့ဖူးသဖြင့် ချီးမွမ်းသောစိတ်ဖြင့် ကြည့်ရှု လျက်ရှိပါကြောင်းနှင့် ပြောဆိုလေ၏။ ထိုအခါ မောင်မြင့်ဖေက ငင်းကျောက်များကို

mgyoe.com

mgyoe.com

အသေအချာကြည့်ရှုလိုပါလျှင် ကြည့်ရှုနိုင်ပါကြောင်းနှင့် ပြောဆို၍ မတင်ညွန့်ထံမှ ရင်ထိုးကို ငှားရမ်း၍ ဦးကံရုံသို့ ပြသောအခါ ဦးကံရုံသည် အသေအချာ ကြည့်ရှုပြီးနောက် အဝေးမှ ကြည့်ရသည်ထက် အနီးမှကြည့်ရသောအခါ သာ၍ပင် ကောင်းမွန်ပေကြောင်းနှင့် ချီးမွမ်းပြန်သည်တွင် မောင်မြင့်ဖေက အဖိုးမည်မျှ ထိုက်တန်သနည်းဟု မေးမြန်းလေ၏။ ထိုအခါ ဦးကံရုံသည် မျက်မှန်ကို တပ်ပြီးနောက် ပတ္တမြားကျောက်၏ အရည်ကိုနေရောင်တွင် ထောင်ကြည့်၍ လက်ဖြင့်လည်း ဆ၍ ကြည့်ပြီးနောက် ...

"မမြင်ဖူးလောက်အောင် အရည်ကောင်းတဲ့ ကျောက်တစ်လုံးကို အဖိုးဖြတ်ရတယ်ဆိုတာ အင်မတန် ခက်တာမျိုးကလား ဝတ်လုံတော်ရမင်း။ သို့သော် ကျုပ်မှာ ကြေးငွေတတ်နိုင်လို့ ဝယ်ရမယ်ဆိုလျှင် ကျောက်နီကို တစ်သိန်း၊ နီလာကို တစ်သောင်းတော့ ပေးဝံ့ပါရဲ့။ ဒါထက် သည်ကျောက်တွေ ဘယ်က ဝယ်သလဲဗျာ"

ဟု မေးလေလျှင် မောင်မြင့်ဖေလည်း ၎င်းကျောက်တို့မှာ ဝယ်ယူရသောကျောက်များမဟုတ်၊ မတင်ညွန့်၏ ဘိုးဘိုးတစ်ယောက်က အမွေပေးခဲ့သော ကျောက်များဖြစ်ကြောင်းကို ပြောဆိုလေ၏။

ထိုအခါ ကျွန်ုပ်သည် မောင်မြင့်ဖေတို့နှင့် မနီးမဝေးမှနေ၍ လက်ဖက်ရည် အချိုပွဲများကို ဧည့်သည်တို့၏ ရှေ့၌ စေ့ငှအောင် ချထားရန် စီမံရင်း၊ ၎င်းစကားများကို ကြားရသည်ဖြစ်ရာ ထိုကဲ့သို့ ပြောဆိုလျက် ရှိကြစဉ်အတွင်း အိမ်ရှေ့မှ ရှမ်းအိုးစည် တီးသံကို ကြားရလေ၏။ ထိုသို့ကြားရသည်နှင့် တစ်ပြိုက်နက် မော်လမြိုင်မြို့မှ ဆိုက်ရောက်လာကြသော မောင်တင်ဦး၏ နှမ မမြကြည်နှင့် မမြရီတို့သည် အိမ်ပေါ်မှ ဆင်းသွား၍ "ရှမ်းကြီးတွေ၊ ရှမ်းကြီးတွေ"ဟု ပြောလျက် အိမ်ရှေ့သို့ ထွက်နှင့်ကြပြီး ဖြစ်လေရာ ကျွန်ုပ်မှာ ရှမ်းတို့အပေါ်၌ သကာမကင်း ရှိနှင့်ပြီး ဖြစ်သည်နှင့် အိမ်ဝင်းအတွင်းမှ မောင်း၍ထုတ်ရန် ကြံစည်ပါသော်လည်း ၎င်းတို့က ပိုက်ဆံပေး၍ မျက်လှည့်ပြရန် ငှားရမ်းပြီး ဖြစ်သောကြောင့် မောင်းနှင်ရန် မတတ်နိုင်ဘဲ ရှိခဲ့လေ၏။ ထို့နောက် တစ်ခဏမျှ ကြည့်လျှင် ဧည့်ပရိသတ်တို့လည်း ရှမ်းမျက်လှည့်ကိုကြည့်ရန် အိမ်ပေါ်မှ ဆင်းလာကြ၍ ရှမ်းများကို ဝိုင်းဖွဲ့ကာ ကြည့်ရှုလျက်ရှိရာ မတင်ညွန့်မှာလည်း ရှေ့ဆုံးအတန်းမှ ပတ္တမြားရင်ထိုးကို ရင်၌ဝတ်ဆင်လျက် ဓားကစားခြင်း၊ လုံကစားခြင်း၊ သိုင်းကစားခြင်း အစရှိသော ရှမ်းတို့၏ မျက်လှည့်များကို ကြည့်ရှုလျက် ရှိလေ၏။

၎င်းအခြင်းအရာကို မောင်မြင့်ဖေနှင့် ကျွန်ုပ်တို့ တွေ့မြင်ရသောအခါ အလွန်တရာ စိုးရိမ်သောကအားကြီးလှသည် ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် မတင်ညွန့်

mgyoe.com

mgyoe.com


၏ တစ်ဖက်မှရပ်လျက် မတင်ညွှန့်ကို စောင့်ကြပ်ကာ ကြည့်နေကြလေရာ ကျောက်ကုန်သည် ဦးကံရုံသည် ပရိသတ်တို့နှင့် ရောနှောကာ ကြည့်နေရာ ရုတ်တရက် ရှေ့ဆုံးသို့ရောက်အောင် တိုးရွေ့ကာသွားပြီးလျှင် အကြီးအမှူးလုပ်သူ ရှမ်းကြီး၏ ပခုံးကို လက်ညှိုးနှင့်တို့၍ ရှမ်းဘာသာဖြင့် စကားအနည်းငယ် ပြောလိုက်လေ၏။ ထိုစကားကို ကြားသည်နှင့်တစ်ပြိုင်နက် ရှမ်းကြီးသည် မိမိအားလက်ဖြင့် တို့သည် မဟုတ်၊ လှံဖြင့်ထိုးလိုက်သကဲ့သို့ ချာခနဲလှည့်တဲ့၍ ဦးကံရုံအား စားမည်၊ ဝါးမည် ကဲ့သို့သော မျက်နှာထားဖြင့် ကြည့်လိုက်ရာ အခြားရှမ်းတို့လည်း မျက်လှည့်ကို ရပ်ခဲ့၍ အံကြိတ်ကာ ရှိနေကြလေ၏။ ထို့နောက်မှ ရှမ်းကြီးသည် ရုတ်တရက် သတိရှိသည့်အနေဖြင့် မျက်နှာထားပြောင်းလဲ၍ ချိုသာသော အမူအရာနှင့် ရှမ်းဘာသာဖြင့် အနည်းငယ် ပြန်ပြောပြီးလျှင် ရှမ်း ၃ ယောက်တို့သည် မတင်ညွှန့်၏ ရင်ထိုးကို သေချာစွာကြည့်ပြီးနောက် မျက်လှည့်ကို ဆုံးအောင်မပြဘဲ ပြလျက်ရှိသော ပစ္စည်းများကို သိမ်းဆည်း၍ လျင်မြန်စွာ ထွက်သွားကြလေ၏။

ထိုညဉ့်၌ ဧည့်ပရိသတ်တို့သည် အိမ်ပေါ်၌ ကောင်းမွန်သော စားဖွယ် သောက်ဖွယ်တို့ကို စားသောက်ရင်း ရယ်မောကာ စကားပြောဆိုလျက် ရှိကြစဉ် ကျွန်ုပ်သည် ရှမ်း ၃ ယောက်တို့၏အကြောင်းကို စဉ်းစားမိတိုင်း စိတ်မအေးသည်နှင့် အိမ်ပေါ်မှဆင်းခဲ့၍ အိမ်ရှေ့ဥယျာဉ်တွင်း၌ စင်္ကြံလျှောက်ကာ စဉ်းစားတွေးတောလျက်ရှိရာ တစ်ခုသောနေရာမှ လူသံကြားသည်နှင့် သွားရောက်ကြည့်ရှုသည်တွင် ဦးကံရုံနှင့် မောင်မြင့်ဖေတို့ စကားပြောဆိုတိုင်ပင်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။ မောင်မြင့်ဖေသည် ကျွန်ုပ်ကို မြင်သောအခါ လက်ယပ်ခေါ်ငင်လျက် ဦးကံရုံအား ...

"ဒီဟာက ကျွန်တော် ခုနင်ကပြောတဲ့ ဦးကျောက်ခဲပါပဲ ခင်ဗျာ။ သူလည်း ဒီအကြောင်းကို သိပြီးဖြစ်ပါတယ်။ ကဲ ... ကဲ သူ့ကိုလည်း တစ်ဆိတ် ကျွန်တော့်ကို ပြောပြီးသလို ပြန်ပြောလိုက်ပါဦး ခင်ဗျာ"

ဟု ပြောလျှင် ဦးကံရုံသည် ဆေးပြင်းလိပ်ကို ပါးစပ်၌ ခဲထားရာမှ ထုတ်နှုတ်၍

ရုံ ။ ။ "ညနေက ရှမ်းတွေဟာ မျက်လှည့်သမားတွေ ထင်သလား"

ကျွန်ုပ် ။ ။ "ကျွန်တော်ဖြင့် ဒီလိုပဲ ထင်မိပါတယ် ခင်ဗျာ"

ရုံ ။ ။ "ဘယ်က မျက်လှည့်သမား ဟုတ်မလဲ။ ရှမ်းမျက်လှည့်ကို ကျုပ် ကြည့်ဖူးတယ်ဗျ။ ဒီလို မဟုတ်ဘူး။ အင်မတန် ထူးဆန်းတယ်။ ဒီဟာက မျက်လှည့်သမား အတုတွေဗျ။ ဒီရှမ်းတွေက မျက်လှည့်

mgyoe.com

mgyoe.com


ပြပြီး စားတဲ့ ရှမ်းမျိုးမဟုတ်ဘူး။ ရှမ်းအမျိုးကောင်းတွေပဲ။ ကျုပ်က မြင်ရုံနဲ့သိပါတယ်။ သိလို့ မြင်လျှင်မြင်ခြင်း ကျုပ်က ... ခင်ဗျားတို့ မျက်လှည့်ဆရာမဟုတ်ဘဲ ဘာအကြံနဲ့ လာပြီး မျက်လှည့်ပြသလဲ လို့ စစ်ပြီးမေးလိုက်တော့ သူတို့မျက်နှာတွေ ပျက်ပြီးသွားလိုက်တာ ခင်ဗျား မမြင်ဘူးလား။ လူတွေရှိပေလို့ လူတွေမရှိရင် ကျုပ်ကို သတ် သွားလို့ ကျုပ်အခုနေသေတာ ကြာလှပြီ။ ဒီတော့ ကျုပ်ဖြင့် ခုနင်က ကျုပ်ပြောတဲ့အတိုင်း ဧကန်မုချ အကြံအစည်တစ်ခုခုနဲ့ လာတဲ့ ရှမ်း တွေလို့ ထင်မိတယ်။ ဘယ့်နှယ်လဲ ဝတ်လုံတော်ရမင်း"

ဟု မေးလေလျှင် မောင်မြင့်ဖေသည် အတန်ကြာ စဉ်းစား၍ ကျွန်ုပ်၏ မျက်နှာကို ကြည့်ပြီးနောက် ...

မြင့် ။ ။ "ကျွန်တော် တစ်ခု အစီရင်ခံပါရစေ ဦးကံရုံခင်ဗျာ။ ကျွန်တော်တို့ အတွင်းစကားကို အခြားလူစိမ်းတစ်ယောက်အား ဖော်ထုတ်လို့ ပြောရမှာ အင်မတန်ခဲယဉ်းသော်လည်း မပြောလည်း မပြီးအောင် ဖြစ်သည့်အပြင် တစ်ဦးခေါင်း တစ်ပညာဆိုသလို ဦးကံရုံမှာတော့ ဒေသန္တရ ဗဟုသုတနှင့်လည်း ပြည့်စုံတဲ့အတိုင်း ကျွန်တော်က စကားတစ်ခုဖွင့်ပြီး တိုင်ပင်ခဲ့လျှင် တခြားသို့ မရောက်ပေဘူးလို့ လည်း ကျွန်တော်ယုံကြည်စိတ်ချပါတယ် ခင်ဗျာ"

... စသည်ဖြင့် စကားပလ္လင်ခံပြီးလျှင် မောင်မြင့်ဖေသည် ပတ္တမြားကျောက် တို့၏အကြောင်းကို အစမှအဆုံးတိုင် ပြန်ပြောင်းပြောဆိုပြီးလျှင် ရှမ်းတို့မှာလည်း ယနေ့ည မတိုင်မီကပင် နှစ်ကြိမ်မျှ လာရောက်ဖူးကြောင်းများနှင့် ပြောဆိုလေ၏။

ထိုစကားများကို ကြားရလေလျှင် ဦးကံရုံသည် အလွန်အကျူး အထူး အံ့သြလျက်ရှိရာမှ အတန်ငယ် စဉ်းစားစိတ်ကူးပြီးနောက် ...

"ဝတ်လုံတော်ရမင်း ကိုမြင့်ဖေ၊ ခင်ဗျား အင်မတန် ကုသိုလ်ထူးတဲ့ လူ တစ်ယောက်ပေပဲ ခင်ဗျာ"

မြင့် ။ ။ "ဘယ်ပုံ ထူးပါသလဲ ခင်ဗျာ"

ရုံ ။ ။ "ခင်ဗျားဟာ သေမယ့်ဘေးက နှစ်ကြိမ်၊ သုံးကြိမ် လွတ်ခဲ့တဲ့ လူ တစ်ယောက်ပဲဗျ"

မြင့် ။ ။ "ဒါလောက်တောင်ပဲလား ခင်ဗျာ။ ပြောပြစမ်းပါဦး"

ရုံ ။ ။ "သည်ရှမ်းတွေဟာ သာမညရှမ်းများမဟုတ် အမျိုးကောင်းရှမ်း၊ ကြံ ဝံ့စည်ဝံ့ရှိသော ရှမ်းများဖြစ်သည့်အပြင် သူတို့လာရောက်ခြင်းမှာ

mgyoe.com

mgyoe.com


လည်း သာမည သူခိုး သူဝှက်ညဏ်နဲ့မဟုတ်။ သည်ပတ္တမြား ကျောက်နဲ့ နီလာကို သူတို့ နတ်ရုပ်မျက်လုံးသို့ ပြန်၍ တပ်ပေးရန် အကြံအစည်နဲ့ လာရောက်ခြင်းဖြစ်တယ်။ သည်လိုအမှုမျိုးနဲ့ကျရင် အင်မတန်စွန့်တဲ့ လူမျိုးဗျနော်။ သို့ပါလျက် ခင်ဗျားဟာ သည် ကျောက်တွေ အိတ်ထဲမှာထည့်ပြီး မန္တလေးမှာတုန်းကလည်း တောင်သွား မြောက်သွား၊ သည်မှာလည်း ရန်ကုန်နဲ့သည်နဲ့ သွားချေ ပြန်ချေ လုပ်လျက်နဲ့ အသက်ချမ်းသာခဲ့တာများ အင်မတန် ကံကောင်းတယ်ဗျာ။ ပြီးတော့ ရန်ကုန်ဘူတာနဲ့ သည်အိမ်နဲ့ လာရ တဲ့လမ်းကလည်း တော်တော်လူပြတ်တဲ့ လမ်းဗျ။ နို့ ... ဒါထက် ခင်ဗျား သည်လိုချိန်းချက်တဲ့ အချိန်တိုင်း ရောက်သလား"

မြင့် ။ ။ "ချိန်းချက်တဲ့အတိုင်း မဟုတ်၊ ညနေရထားနဲ့ ရောက်ဖို့ဟာ မနက် ရထားနဲ့ လိုက်ခဲ့တယ်ခင်ဗျာ"

ရုံ ။ ။ "သြော် ... ဒါ့ကြောင့်ကိုးဗျ၊ ပြီးတော့ သည်ရောက်ပြီး ဘယ်လောက် ကြာမှ ဘဏ်တိုက်သို့ သွားသလဲ"

မြင့် ။ ။ "ချက်ချင်းလိုလိုပါပဲ ခင်ဗျ၊ တစ်နာရီလောက်အတွင်းမှာပါပဲ"

ရုံ ။ ။ "တယ်ကံကောင်းတဲ့လူဗျာ၊ ပြန်ပြီး သွားယူတော့ကောဗျာ"

မြင့် ။ ။ "ဘဏ်တိုက်က ပြန်ယူပြီး အိမ်ပြန်လာတော့ ကျွန်တော့်အစ်ကို ကိုတင်ဦးနဲ့ ဝတ်လုံတော်ရကြီး ဦးထွန်းလှတို့ပါတယ်ခင်ဗျ"

ရုံ ။ ။ "တော်ပါပေဗျာ၊ သုံးကြိမ်တိုင်တိုင် ကံကောင်းတဲ့လူပါပဲ"

ကျွန်ုပ် ။ ။ "မြို့ကြီးအလယ်မှာ လူတစ်ယောက်အသက်ကို သူတို့ ကြံစည်ဝံ့ပါ့ မလားခင်ဗျာ"

ရုံ ။ ။ "လူတစ်ယောက်အသက်ကို သတ်ဖို့ဟာ ဖြုတ်တစ်ကောင် အသက် သတ်ဖို့လောက် သူတို့ ဝန်လေးတယ်ဗျ။ သည်ဟာမျိုးနဲ့ကျတော့ သတ်လှပေါ့ဗျာ။ ကျုပ်က သူတို့ထဲ သွားနေဖူးလို့ သိရတယ်။

မြင့် ။ ။ "ဒါထက်၊ ယခုတော့ ကျောက်တွေကို မတင်ညွှန့် ရင်မှာ မြင်သွားပြီ ခင်ဗျ၊ ဘယ့်နှယ်လုပ်ရမလဲ"

ရုံ ။ ။ "ကျုပ်ပစ္စည်းဖြစ်ရင်၊ ကျုပ်ဖြင့် ဘဏ်မှာအပ်လျှင် အပ်ထားမယ်၊ သည်လိုမှ မလုပ်ချင်လျှင် ကျောက်နီရော၊ နီလာရော ၄ လုံးစီ၊ ၅ လုံးစီ ဖြစ်အောင်ခွဲပြီး သွေးပစ်လိုက်မှာပေါ့ဗျာ။ ဒါပဲရှိတယ်။ အခု အတိုင်းသာ ထားရမယ်ဆိုရင်ဖြင့် ညနေက ကျုပ်က ကျောက်နီကို

mgyoe.com

mgyoe.com


တစ်သိန်း၊ နီလာကို တစ်သောင်းပေးဝံ့တယ်လို့ ပြောမိတယ်။ မဟုတ်လား။ အခုဖြင့် နှစ်လုံးကို ငါးကျပ်တောင် မပေးဝံ့ပါဘူးဗျာ"

မြင့် ။ ။ "ဒါဖြင့် မဖြစ်ဘူးခင်ဗျာ။ ဒေါ်ဒေါ့်ကို နက်ဖြန်ပြောမှပဲ"

ကျွန်ပ် ။ ။ "သည်ကနေ့ည ပြောလိုက်ရင်ကောဗျာ။ မတော်များ သည်ကနေ့ည လာပြီး ကြံစည်ချင် ကြံစည်ကြရင် ဘယ့်နှယ်လုပ်မလဲ"

ရုံ ။ ။ "သည်နေ့ညတော့ သူတို့မကြံပေဘူး။ ကျုပ်သိတယ်။ လူတွေများတုန်း ကြံလိုက်လို့ ရိပ်မိသွားရင် နောက်ကိုကြံဖို့ ခဲယဉ်းသွားမယ်ဆိုတာ သူတို့တွက်ပြီးပဲဗျ။ သို့သော် နည်းနည်း စိတ်ချရအောင်သာ ကြိုးနဲ့ချည်ထားတဲ့ (ဘွတ်)ခွေးကြီးကို လူတွေအိပ်တော့ လွှတ်ထားလိုက်ဗျာ။ သူတစ်ကောင်ဆိုလျှင် လူ ၅ ယောက်စောင့်သလောက် အားထားရပါတယ်။ ကဲ … ကဲ၊ အိမ်ထဲဝင်ကြဦးစို့"

ထိုည၌ ဧည့်ပရိသတ်တို့ပြန်ကြ၍ ဘုရားကိုးဆူရွတ်သော သူများအားလည်း ပြန်ခွင့်ပေးပြီးနောက် ၁၂ နာရီကျော် အချိန်ခန့်တွင် အိမ်သူအိမ်သားတို့သည် အိပ်ခန်းသို့ အသီးသီးဝင်မည်ပြုကြရာ၊ မတင်ညွန့်သည် ပတ္တမြားကျောက်များနှင့် တကွ အခြားလက်ဝတ်လက်စားများကို ခန်းမကြီးအတွင်းရှိ မီးခံသေတ္တာ၌ ထည့်ထားပြီးနောက် အားလုံးအိပ်ခန်းသို့ ဝင်ကြသောအခါ ကျွန်ုပ်မှာ (ဘွတ်) ခွေးကြီးကို သံကြိုးမှဖြုတ်၍ လွှတ်ပြီး အိပ်ရာသို့ ဝင်လေ၏။

■ ■ ■

mgyoe.com

mgyoe.com

## ၅။

နံနက်လင်းသည်နှင့် တစ်ပြိုက်နက် ကျွန်ုပ်၏တံခါးကို ခေါက်လျက်

"ဦးကျောက်ခဲ၊ ဦးကျောက်ခဲ ထပါဦးရှင်"

ဟု စောရှင်၏ အသံဖြင့် ခေါ်သံကြားသည်နှင့်၊ ကျွန်ုပ်သည် အိပ်ရာမှ ကပျာကရာထ၍ အကြောင်းကို မေးမြန်းရာ စောရှင်က ...

"မမညွန့် ပတ္တမြားရင်ထိုးကြီး လူခိုးသွားပြီရှင်"

ဟု ပြောသည်နှင့် ကျွန်ုပ်သည် ပျာယီးပျာယာ အိမ်ပေါ်သို့ တက်ပြေးသည်တွင် ခန်းမကြီးအတွင်း၊ မီးခံသေတ္တာအနီးတွင် မတင်ညွန့်သည် လက်ပိုက်ကာ ရပ်လျက် မင်းကတော်ကြီးမှာလည်း သမီး၏မျက်နှာကို ကြည့်လျက်ရှိသည်ကို တွေ့ရသဖြင့် စောရှင်ပြောစကားမှန်ကြောင်း သိရှိရလေ၏။ ၎င်းနောက် မောင်တင်ဦး မောင်နမသုံးယောက်တို့နှင့် မောင်မြင့်ဖေတို့လည်း သတင်းရရှိကြ၍ ပျာယီးပျာယာ တက်လာကြရာ ၎င်းတို့လာသည်နှင့် တစ်ပြိုင်နက် မတင်ညွန့်သည် မိမိ၏ အခန်းတွင်းသို့ ရုတ်တရက် ဝင်သွားပြီးလျှင် အခန်းတံခါးကို အတွင်းမှ သော့ခတ်သည့် အသံကိုလည်း ကျွန်ုပ်ကြားရလေ၏။

ထို့နောက် မောင်တင်ဦး မောင်နမ သုံးယောက်တို့မှာ ...

"ဖြစ်ရလေချင်း ဒေါ်ဒေါ်ရယ်။ ကိုယ်ကျိုးနည်းပါပြီကော ဒေါ်ဒေါ်ရယ်"

စသည်ဖြင့် ဝမ်းနည်းစကား ပြောဆိုလျက် ရှိကြရာ၊ မောင်မြင့်ဖေမှာမူ မီးခံသေတ္တာ အနီးအနား အကြိုအကြားတို့၌ သေချာစွာ ကြည့်ရှုရှာဖွေပြီးသည့်နောက် မတွေ့ရှိသည်နှင့် အိမ်အောက် အိမ်ပေါ်ပြတင်းတံခါးတို့မှာ အခြေပျက်ပါသလော ဟု စေ့စေ့အောင် စုံစမ်းကြည့်ရှုရာ နံနက်လင်းသည့်အခါ မည်သည့် တံခါးမျှ ပွင့်လျက် မရှိကြောင်း သိရှိကြရလေ၏။

၎င်းနောက် မောင်မြင့်ဖေသည် ပုလိပ်ဌာနသို့ တိုင်တန်းရန် မင်းကတော်အား ခွင့်တောင်း၍ သွားရောက်တိုင်တန်းမည်အပြုတွင် ကျွန်ုပ်အား တစ်ယောက်တည်းခေါ်၍ ...

mgyoe.com

mgyoe.com

"ဘယ့်နှယ် ထင်သလဲ ဦးကျောက်ခဲ"

ကျွန်ုပ် ။ ။ "ကျုပ်တော့ဖြင့် ရှမ်းသုံးယောက် လက်ချက်ပဲ ထင်တာပဲဗျာ"

မြင့် ။ ။ "အပေါက်တွေလည်း တစ်ပေါက်မှ မပွင့်ပါကလားဗျ"

ကျွန်ုပ် ။ ။ "ဟုတ်တယ်၊ ဒါလည်း တွေးဖို့ရှိတယ်"

မြင့် ။ ။ ခွေးကြီးကော ညကလွှတ်ထားတယ် မဟုတ်လား"

ကျွန်ုပ် ။ ။ "ကျုပ်ကိုယ်တိုင် လွှတ်ထားတာကပဲ။ ညကဟောင်တဲ့ အသံတောင်မှ ကျုပ်ဖြင့် မကြားမိဘူး"

မြင့် ။ ။ "လူတွေရှိတုန်းက တစ်ချောင်ချောင်ဝင်ပြီး ပုန်းနေတယ်ထင်ပါရဲ့ဗျာ။ သို့သော် ပုလိပ်များလာပြီး စုံထောက်ရင် သေသေချာချာ သဲကွဲကောင်းပါရဲ့။ အကျိုးအကြောင်းကိုလည်း ပုလိပ်များကို ဖွင့်ပြီးပြောခဲ့ရမှာပဲ။ ကိုင်း ... သွားဦးမယ်"

မောင်မြင့်ဖေသည် ရန်ကုန်မြို့တွင်းသို့ သွားရောက်၍ ဌာနတိုင်တန်းရာငါးနာရီခန့်မျှကြာရှိသောအခါ အင်စပိတ်တော် မောင်စောမောင်ဆိုသူနှင့် နောက်ပါ ပုလိပ်သားတစ်ယောက်နှင့် ပြန်လာလေ၏။ အင်စပိတ်တော်လည်း အခန်းမကြီးအတွင်း၌ ကြည့်ရှုစစ်ဆေးလျက်ရှိစဉ် မောင်မြင့်ဖေက ကျွန်ုပ်အား ...

မြင့် ။ ။ "ကျွန်တော်တို့ထင်ချက် လွဲမှားသလိုလို ဖြစ်နေပြီ ... ဦးကျောက်ခဲရေ၊ ကျွန်တော်ပြောတဲ့အတိုင်း ဌာနကအရာရှိများက ရှမ်းသုံးယောက်နဲ့ မြန်မာကလေးတစ်ယောက်နေတဲ့ အိမ်ကိုရှာပြီး ရှမ်းတွေကို ဖမ်းပြီး စစ်ဆေးမေးမြန်းတော့ကာ၊ သူတို့တည်းခိုတဲ့ အိမ်ရှင်မက မနေ့ည ၁၀ နာရီလောက်ကစပြီး ယခုမနက်တိုင်အောင် ရှမ်းသုံးယောက်စလုံး ဘယ်ကိုမှ မသွားဘူးတဲ့ဗျ။ သေသေချာချာ သက်သေခံတယ်။ ပြီးတော့လည်း ရှမ်းတွေပစ္စည်းတွေရှာပြီး ကြည့်တော့လည်း ဘယ်ကျောက်ကိုမှ မတွေ့ဘူး။ သို့သော် ရှမ်းသုံးယောက်ကိုတော့ မသင်္ကာမှုနဲ့ ချုပ်ပြီးထားလေရဲ့။ ကျွန်တော်ဖြင့် အတွေးရခက်လိုက်တာ ခင်ဗျာ။ ကိုင်း ... ကိုင်း အင်စပိတ်တော်ကလေးက ဘာများ မေးမြန်းလိုသေးသလဲ။ သွားပြီး ကြည့်ကြဦးစို့ရဲ့ဗျာ"

ကျွန်ုပ်တို့သည် အိမ်ပေါ်သို့ တက်လာကြလေလျှင် မောင်စောမောင်သည် မိမိ၏ လက်အောက် ပုလိပ်သားနှင့် မီးခံသေတ္တာအနီးတွင် မင်းကတော်ကြီးအား မေးခွန်းအနည်းငယ် ထုတ်လျက်ရှိရာ မောင်မြင့်ဖေကိုမြင်လျှင် အိမ်အောက်၌

mgyoe.com

mgyoe.com

ခြေရာများ ရှာလိုသေးကြောင်းနှင့် ပြော၍ အိမ်အောက်သို့ ဆင်းလာကြလေ၏။ အိမ်အောက်သို့ရောက်လျှင် ပြတင်းပေါက်များကို နံနက်၌ ပိတ်လျက်ပင် တွေ့ကြောင်းကိုလည်းကောင်း၊ မောင်မြင့်ဖေကိုယ်တိုင် ညအခါက စိတ်မချရသဖြင့် ပြတင်းပေါက်များကို စေ့စေ့အောင် ကြည့်ရှုကြောင်းကိုလည်းကောင်း၊ ကျွန်ုပ်ကိုယ်တိုင်လည်း (ဘွတ်) ခွေးကြီးကို ဖြည်၍ လွှတ်ကြောင်းများကိုလည်းကောင်း၊ ပြန်ကြားပြောဆိုပြီးနောက် အိမ်ရှေ့၊ အိမ်ဘေး၊ အိမ်နောက် စသည်တို့၌လည်း ညဦးက မိုးအနည်းငယ် ရွာထားသဖြင့် ခြေရာသစ်များ တွေ့ရှိပါမည်လောဟု လှည့်ပတ်ကြည့်ရှုရှာဖွေပြီးလျှင် မောင်စောမောင်သည် မတင်ညွှန့်အား မေးခွန်းအနည်းငယ် မေးမြန်းလိုကြောင်းနှင့် ပြောဆိုသဖြင့် စောရှင်ကို စေလွှတ်လိုက်ရာ တစ်ခဏကြာမျှကြာလျှင် စောရှင်ပြန်လာ၍ မတင်ညွှန့်က ပုလိပ်နှင့်တွေ့ရန် ကိစ္စမရှိကြောင်း ပုလိပ်ကိုလည်း သူခေါ်သည်မဟုတ်ကြောင်းနှင့် ပြန်ပြောလေ၏။

ထိုအခါ အင်စပိတ်တော်လည်း ကျွန်ုပ်တို့၏မျက်နှာကို ကြည့်၍ မင်းကတော်ကြီးရှိရာသို့ တက်သွားပြီးလျှင် မတင်ညွှန့်အား အရေးကြီးသော စကားအနည်းငယ် မေးမြန်းရန်ရှိကြောင်း တောင်းပန်သောအခါ မင်းကတော်ကြီးသည် မတင်ညွှန့်၏ အခန်းတံခါးကို အပြင်မှခေါက်၍ ...

စင် ။ ။ "သမီးရေ ... ညွှန့်ရေ ... ဖွင့်စမ်းပါဦး သမီးရယ်"

ညွှန့် ။ ။ "ဘာကိစ္စလဲ မေမေ"

စင် ။ ။ "ဟောဒီက အင်စပိတ်တော်မင်းက ငါ့သမီးရင်ထိုး"

ညွှန့် ။ ။ "ကျွန်မရင်ထိုးကို ဘယ်တော့မှ ပြန်မရဘူး မေမေ၊ ကျွန်မ သိတယ်။ ဘယ်တော့မှ ပြန်ရတော့မှာ မဟုတ်ဘူး"

စင် ။ ။ "မေးခွန်း တစ်ခွန်း နှစ်ခွန်းလောက်"

ညွှန့် ။ ။ "ရှုပ်ပါတယ် မေမေရယ်၊ အကျိုးလည်း မရှိပါဘူး"

စင် ။ ။ "ဖွင့်ပါဦးသမီးရဲ့ အင်စပိတ်တော်မင်း"

ညွှန့် ။ ။ "အင်စပိတ်တော်လည်း မတတ်နိုင်ဘူး။ ရာဇဝတ်ဝန်လည်း မတတ်နိုင်ဘူး။ ပုလိပ်မင်းကြီးလည်း မတတ်နိုင်ဘူး။ တော်ပြီ မေမေရေ့ ... ကျွန်မ မဖွင့်ပါရစေနဲ့၊ ရှိခိုးပါရဲ့ မေမေ"

ငင်းနောက် မင်းကတော်ကြီးလည်း အင်စပိတ်တော်ရှိရာသို့ ပြန်လာ၍ ...

"တယ်ခက်နေပြီ အင်စပိတ်တော်မင်း၊ ခများက သူ့ပစ္စည်းကို အင်မတန်နှမြောပြီး ဝမ်းနည်းပက်လက်ဖြစ်နေလို့မို့ ဘယ်သူနဲ့မှ အတွေ့မခံချင်ဘူး ထင်တယ်။ တဖြည်းဖြည်းတော့ တွေ့ရပါလိမ့်မယ် မောင်ရယ်"

mgyoe.com

mgyoe.com


ဟုပြောလျှင် အင်စပိတ်တော်လည်း မိမိပစ္စည်းပျောက်ဆုံးသည့်အတွက် လာရောက်မေးမြန်း၍ ပြန်လည်ရရှိအောင် ကြိုးစားမည့်သူ တစ်ယောက်အား အတွေ့မခံချင်ဟု ပြောသည်မှာ များစွာထူးဆန်းသော မိန်းကလေးတစ်ယောက် ဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့အား ပြောရာ ကျွန်ုပ်တို့မှာလည်း မတင်ညွန့်၏ အမူအရာကို အံ့သြလျက် ရှိကြလေ၏။

ထို့နောက် အင်စပိတ်တော် မောင်စောမောင်က ညအခါက မိုးရွာ၍ထားသည် ဖြစ်သောကြောင့် အကယ်၍ သူခိုးလာခဲ့သည်ဖြစ်လျှင် ခြေရာထင်ရမည် ဖြစ်ရာ ခုမှာမူ ခြေရာလည်းမထင်၊ တံခါးများလည်း တစ်ခုမျှမပွင့်၊ (ဘွတ်) ခွေးကြီးကိုလည်း လွှတ်၍ထားသည်ဖြစ်သောကြောင့် သူခိုးမှာ အပြင်မှ သူခိုးမဟုတ်၊ အတွင်းမှ သူခိုးဖြစ်မည်ထင်ကြောင်းနှင့် ပြောဆို၍ အစေခံများကို စစ်ဆေးပြီးလျှင် ၎င်းတို့၏ ပစ္စည်းများကို ရှာဖွေလိုကြောင်းနှင့် မင်းကတော်ကြီးအား ပြောလေ၏။ ထိုအခါ မင်းကတော်ကြီးမှာ ကြင်နာသနားတတ်သောစိတ်ရှိသည်ဖြစ်၍ မိမိအား ကောင်းမွန်ကျိုးနွံစွာ အမှုထမ်းရွက်လျက်ရှိကြသော အစေခံတို့၏အပေါ်၌ သင်္ကာမကင်းရှိသည်အနေဖြင့် ရှာဖွေရမည်ဆိုသော် များစွာ ခဲယဉ်းကြောင်းနှင့် ပြောဆိုလေလျှင်။ ကျွန်ုပ်မှာ အစေခံတို့တွင် အကြီးအမှူးဖြစ်သည်အတိုင်း အစိုးရအရာရှိကိုက အထင်အမြင် သေးသိမ်၍ စွပ်စွဲခြင်းခံရမည်ကို မနှစ်လိုသည်ဖြစ်သောကြောင့် ကျွန်ုပ်နှင့်တကွ အားလုံးအစေခံများ၏ ပစ္စည်းများကို ရှာဖွေလိုက ရှာဖွေနိုင်ပါကြောင်းနှင့် ဝင်ရောက်ပြောဆိုရလေ၏။ ထိုအခါ အင်စပိတ်တော်က ကျွန်ုပ်အား ကျေးဇူးတင်ကြောင်း ပြောဆိုပြီးလျှင် အစေခံများကို အားလုံးခေါ်စေရာ ၎င်းတို့မှာ အစေခံမစောရှင်၊ ထမင်းချက်သော မိန်းမကြီး ဒေါ်သာယာ၊ အစေခံကိုဘိုးဟန်တို့ ဖြစ်ကြလေသည်။ ဆိုက်ကုလားမူ မြင်းဇောင်းအတွင်း၌ အိပ်သောကြောင့် အင်စပိတ်တော်က ခွင့်လွှတ်လိုက်လေ၏။

အင်စပိတ်တော်လည်း ၎င်းတို့အား ငါးမိနစ်ခန့်မျှ တစ်ယောက်စီ စစ်ဆေးမေးမြန်းပြီးနောက် ကျွန်ုပ်အလှည့်သို့ရောက်သောအခါ ...

အင် ။ ။ “ဦးကျော်ခဲကိုတော့ ကျုပ် များများမေးဖို့ မရှိပါဘူးဗျာ။ အစေခံဆိုပေမဲ့ ကိုယ့်သွေးကိုယ့်သားချင်းထဲကလို ဖြစ်နေလို့မို့၊ လုံးလုံးကြီး ယုံကြည်စိတ်ချရတဲ့အကြောင်းကို ကိုမြင့်ဖေနှင့်တကွ မင်းကတော်ကြီးတို့ကလည်း ပြောပါတယ်။ သို့သော် အစေခံ သုံးယောက်အနက် ထင်ခြင်းထင်ရင် ဘယ်သူ့ကို ထင်ဖို့ရှိပါသလဲဗျ”

mgyoe.com

mgyoe.com.


ဟု မေးသောအခါကျွန်ုပ်မှာ စောရှင်ဆိုသော သူငယ်မကလေးသည်ကား၊ လွန်ခဲ့သော တစ်နှစ်လောက်က ခိုးမှုနှင့် ထောင်သို့ကျ၍ ထောင်မှလွတ်သောအခါ မင်းကတော်ကြီးက ကယ်တင်ခြင်း၊ အသင်းအုပ်ကြီး၏ ထောက်ခံချက်အရ ကရုဏာအလျောက် ငှားရမ်းခိုင်းစေခဲ့သည်တွင် ဤအချိန်အခါအတွင်း မိမိ၏ အလုပ်ဝတ္တရားကို ကောင်းမွန်စွာ ဆောင်ရွက်လျက် မည်သည့်ပြစ်ချက်မျှ မရှိသည် ဖြစ်သောကြောင့် သူငယ်မ၏အကြောင်းကို ကျွန်ုပ်က ထုတ်ဖော်ပြောဆိုရန်မလို။ အကယ်၍ ပြောဆိုလိုက မင်းကတော်ကြီးကသာလျှင် ပြောဆိုရန်ဖြစ်သည်ဟု အောက်မေ့သည်နှင့် အင်စပိတ်တော်အား မည်သည့်အစေခံကိုမျှ သင်္ကာမကင်း ဖြစ်ရန်မရှိ၊ အားလုံးပင် ရိုးသားဖြောင့်မတ်၍ ယုံကြည်စိတ်ချရသော သူများဖြစ် ကြောင်းနှင့် ဖြေဆိုလိုက်လေ၏ .

၎င်းနောက် အင်စပိတ်တော်သည် ကျွန်ုပ်နှင့်တကွ အားလုံးသော အစေခံ တို့၏ပစ္စည်းများကို ရှာဖွေသည်ဖြစ်ရာ မည်သည့်အစေခံ၏ ပစ္စည်းတွင်မျှ ပတ္တမြား ကို မတွေ့ရှိသည်ဖြစ်သောကြောင့် စိတ်ပျက်စွာနှင့် ပစ္စည်းများကို ပြန်သိမ်းဆည်းခွင့် ပြုသည်တွင် အစေခံတို့လည်း မိမိတို့၏ ပစ္စည်းများကို အသီးသီးသိမ်းဆည်းလျက် ရှိကြစဉ် မတင်ညွှန့်သည် အခန်းတွင်းမှ ရုတ်တရက် ထွက်လာ၍ ကျွန်ုပ်အား ...

"ကိုကိုမြင့် ဘယ်မှာလဲ"

ဟု မေးရာ၊ ဥယျာဉ်အတွင်း၌ မောင်တင်ဦးနှင့် စကားပြောနေကြကြောင်း ပြောဆိုသည်နှင့် အိမ်ပေါ်မှ ဆင်းသွားလေ၏။ ကျွန်ုပ်လည်း မတင်ညွှန့်၏ ပျာယီး ပျာယာရှိသော အမူအရာကိုမြင်သည်နှင့် အနည်းငယ် ထိတ်လန့်၍ အိမ်ပေါ်မှ ဥယျာဉ်တွင်းသို့ လှမ်း၍ကြည့်မိရာ၊ မတင်ညွှန့်သည် မောင်မြင့်ဖေအား လက်ညှိုး ထိုးကာ ထိုးကာ ရန်တွေ့လျက်၊ မောင်တင်ဦးမှာမူ မနီးမဝေးမှ ရပ်လျက် မောင်မြင့် ဖေမှာလည်း မည်သို့မျှ ပြန်မပြောနိုင်ဘဲ အံ့သြသော အမူအရာနှင့် ငြိမ်သက်စွာ ရပ်လျက်ရှိသည်ကိုသာလျှင် တွေ့မြင်ရလေ၏။ ၎င်းနောက် မတင်ညွှန့်လည်း ရုတ် တရက် အိမ်တွင်းသို့ ပြန်လာ၍ ရှေးနည်းအတူ မိမိ၏အခန်းတွင်းသို့ ဝင်ပြီးလျှင် အခန်းတံခါးကို ပိတ်လိုက်လေ၏။ ကျွန်ုပ်သည် မည်သည့်ကိစ္စအတွက် မတင်ညွှန့် နှင့် မောင်မြင့်ဖေတို့ စကားပြောဆိုကြ၍ မည်သည့်အကြောင်းကြောင့် ရန်တွေ့ရ သည်ကို စဉ်းစားလျက်ရှိစဉ် မောင်မြင့်ဖေသည် အိမ်တွင်းသို့ဝင်လာ၍ မိမိ၏အခန်း သို့ ဝင်သွားသည်ကို မြင်သည်နှင့် ကျွန်ုပ်လည်း သွားရောက်လေရာ မောင်မြင့်ဖေက စတင်၍ ...

mgyoe.com

"သည်အမှုကို သည်က အင်စပိတ်တော်နဲ့ချည်းထားလို့ နေရာမကျဘူးဗျို့၊ သည်လူလောက်နဲ့ မရဘူး။ စုံထောက်ကြီး ကိုစံရှားကို ခေါ်မှ တော်မယ်။ ကိုင်း ... ပြောနေကြာရော။ ဒေါ်ဒေါ့ကို တိုင်ပင်ပြီး သွားခေါ်ဦးမှ တော်မယ်၊ ဦးကျော်ခဲရေ ..."

ဟု ပြောပြီးနောက် မင်းကတော်ကြီးနှင့် တိုင်ပင်ရန် ၎င်း၏အခန်းသို့ သွားလေ၏။

နံနက်ခင်းအချိန်တွင် မောင်မြင့်ဖေနှင့်အတူ လူနှစ်ယောက်တို့သည် ဝင်းတွင်းသို့ ဝင်လာကြရာ၊ တစ်ယောက်သောသူမှာမူ ရုပ်ရည်အားဖြင့် သနားကမားရှိလျက် လူသာမညမျှ ဖြစ်လေရာ အခြားတစ်ယောက်မှာမူ အရုပ်အမောင်း မြင့်မြင့်မားမား ရှိလျက် မောင်မြင့်ဖေအားလည်းကောင်း၊ ထိုသူနှင့်ပါသူအားလည်းကောင်း၊ ကလေးများကဲ့သို့ သဘောထားသည့် အနေဖြင့် စကားပြောဆိုလျက်ရှိသည့်ပြင် အလွန်တရာ စူးရှတည်ငြိမ်လှသော မျက်လုံးတို့ဖြင့် အရပ်လေးမျက်နှာတို့ကို အစဉ်မပြတ် မှတ်သားကြည့်ရှုသည့် လက္ခဏာဖြင့် ဝင်းတွင်းသို့ ဝင်လာကြလေ၏။ ထိုလူနှစ်ယောက်အနက် တစ်ယောက်သောသူမှာ နိုင်ငံကျော်စုံထောက်ကြီး မောင်စံရှားဖြစ်၍ အခြားတစ်ယောက်မှာ ၎င်း၏မိတ်ဆွေ မောင်သိန်းမောင် ဖြစ်လေသည်။ အိမ်တွင်းသို့ ဆိုက်ရောက်ကြလေလျှင် မောင်မြင့်ဖေသည် မင်းကတော်ကြီး၏ ကိုယ်စား အိမ်ရှင်၏ ဝတ္တရားအတိုင်း ကောင်းမွန်စွာ ဧည့်ခံပြီးနောက် စုံထောက်မောင်စံရှားသည် အင်စပိတ်တော် မောင်စောမောင်နှင့် နှစ်ယောက်တည်း တိုင်ပင်ပြောဆိုကြ၍ ပြီးသည်တွင် မောင်စောမောင်သည် မိမိပြုလုပ်စီမံထားသည်များကို ပြစ်တင်ခြင်းခံရသည့် လက္ခဏာဖြင့် စိတ်မကျေမနပ်ဖြစ်ဟန်ရှိလျက် မောင်စံရှားဆိုသူမှာမူ မောင်စောမောင်အား ကြည့်ပြီးနောက် သူ၏မိတ်ဆွေ မောင်သိန်းမောင်နှင့် ပြုံးရယ်သည့်ဟန်ဖြင့် ရှိနေကြလေ၏။

၎င်းနောက် မောင်စံရှားသည် ရင်ထိုးကိုထည့်ထားသော မီးခံသေတ္တာကို ကြည့်လိုကြောင်းနှင့် ပြောဆိုသဖြင့် အင်စပိတ်တော်က အိမ်ပေါ်သို့ ခေါ်သွားရာ မောင်စံရှားသည် သံသေတ္တာကြီးကိုလည်းကောင်း၊ အခန်း၏ အခြေအနေကို လည်းကောင်း သေချာစွာကြည့်ရှုရင်း၊ မဆီလျော်သော မေးခွန်းများကို ကျွန်ုပ်အားလည်းကောင်း၊ အင်စပိတ်တော်အားလည်းကောင်း၊ မောင်မြင့်ဖေအားလည်းကောင်း မေးမြန်းပြီးနောက် တံခါးသို့ ရောက်လေလျှင် သဘော်ဆေးအနည်းငယ်ပျက်နေသောအကွက်ကို မြင်သည်နှင့် ...

mgyoe.com

mgyoe.com

"အလို ... ဆေးသုတ်ပြီးတာ မကြာသေးပါကလား။ သည်ဟာ ဘယ်နည်းနဲ့ ပျက်သွားသလဲ" မေးလေလျှင် ...

မောင်စောမောင်က ...

"အစေခံတွေကို ကျွန်တော်ခေါ်ပြီး စစ်ဆေးတုန်းက တစ်ယောက်ယောက် အဝတ်နဲ့ ပွတ်မိလို့ ပျက်ပြီးသွားပါတယ်ဗျာ"

ရှား ။ ။ "ဘယ်သူ့အဝတ်နဲ့ ပွတ်မိသလဲ ခင်ဗျာ။ သတိထားမိရဲ့လား"

စော ။ ။ "အရေးမကြီးလို့ ကျွန်တော် သတိမထားလိုက်မိဘူးဗျာ"

ရှား ။ ။ "တော်လှပြီဗျာ။ လွန်ခဲ့တဲ့ တနင်္ဂနွေတစ်ပတ်က လူသတ်မှုတစ်ခု ကျုပ်လိုက်ပြီး စုံထောက်တော့ ဘာမျှအရေးမကြီးတဲ့ စားပွဲခင်းမှာ မင်စွန်းတာတွေ့တာနဲ့ သဲလွန်စရပြီး နောက်ဆုံးတော့ သတ်တဲ့လူ ပေါ်ခဲ့တယ်မဟုတ်လား။ အရေးမကြီးဘူးလို့ ဘယ်ဒင်းမှ မမှတ်သင့်ဘူးဗျ"

စော ။ ။ "ဒါဖြင့် အစေခံတွေခေါ်ပြီး အဝတ်တွေကြည့်သေးတာပေါ့ဗျာ"

ရှား ။ ။ (အတန်ငယ်စဉ်းစားပြီးနောက်) "နေဦးဗျ၊ သဘော်ဆေးအကြောင်းကို အရင်ကြည့်ဦးမယ်။ မနေ့က အစေခံတွေကို ခင်ဗျားခေါ်တော့ ဘယ်နှစ်နာရီရှိလဲ"

စော ။ ။ "၁၁ နာရီလောက်ရှိပြီ"

ရှား ။ ။ "သည်ဆေးဟာ ဘယ်အချိန်လောက်က ခြောက်တယ်။ ဘယ်အချိန်မှာ သုတ်၍ပြီးတယ်ဆိုတာ ဘယ်သူပြောနိုင်သလဲ၊ ကိုမြင့်ဖေ သိသလား။"

မြင့် ။ ။ "သည်လိုပါခင်ဗျာ။ သည်အခန်းကို လပြည့်နေ့ပွဲမီအောင် သဘော်ဆေးသုတ်ဖို့ မတင်ညွှန့်နဲ့ ကျွန်တော်နဲ့ အကြံရပြီး ဆေးသုတ်တဲ့ လူငှားပြီး သုတ်လိုက်တာ လပြည့်နေ့ မနက်မှာပဲ ပြီးစီးပါတယ်"

ရှား ။ ။ "မနက် ဘယ်နှစ်နာရီလောက်လဲ"

မြင့် ။ ။ ၈ နာရီလောက်မှာ ပြီးပါတယ်။

ရှား ။ ။ (သဘော်ဆေးကို လက်ဖြင့်ခြစ်၍ ကြည့်ပြီးနောက်)

"အင်း ... သည်ဆေးမျိုးကို ယခုလို မထူမပါး သုတ်ခဲ့လို့ရှိရင် ၂၄ နာရီလောက်မှာ ခြောက်တယ်။ သည်အကြောင်းတော့ ကျုပ်က သေသေချာချာစုံစမ်းဖူးလို့ သိတယ်။ ကိုင်း ... သည်တော့ လပြည့်နေ့ မနက် ၈ နာရီက ပြီးစီးတော့ကာ ၂၄ နာရီပေါင်းပြီးထည့်တော့

mgyoe.com

လပြည့်ကျော် ၁ ရက်နေ့ နံနက် ၈ နာရီမှာ ခြောက်ရမယ်။ သည်တော့ကာ ကျုပ်တွက်ကိန်းအတိုင်းဆိုရင်ဖြင့် မနက်က အစေခံတွေကို ခင်ဗျားခေါ်ပြီး စစ်တဲ့အချိန်ကျတော့ သည်ကဆေးက ခြောက်ပြီးလို့ ၃ နာရီတိတိ ရှိပြီဗျ။ အကယ်၍ မခြောက်စေကာမူလည်းဘဲ သည်အချိန်မှာ အဝတ်နဲ့ ပွတ်ခါမှုနဲ့ သည်လောက်အရာ မထင်နိုင်ဘူးဗျ"

စော ॥ ॥ "ခင်ဗျား ဘယ့်နှယ်ထင်သလဲ"

ရှား ॥ ॥ "ကျုပ်ထင်မြင်ပုံကတော့ သည်အကွက်ဟာ လပြည့်နေ့ နံနက် ၈ နာရီအတွင်းနဲ့ လပြည့်ကျော် ၁ ရက်၊ နံနက် ၈ နာရီအတွင်းမှာ ဖြစ်ပေါ်ရမယ်လို့ ထင်မိတယ်"

မြင့် ॥ ॥ "လပြည့်နေ့ကတော့ မဟုတ်နိုင်ဘူးခင်ဗျ ...။ ဘာကြောင့်လဲဆိုတော့ ဟိုနေ့က တစ်နေ့လုံး အခန်းကို ဆေးသုတ်ပြီးပြီးချင်း ဖွင့်ထားလေတော့ သည်ဘက်ကနေပြီး ဘယ်နည်းနဲ့မှ တိုက်မိနိုင်ဖို့ မရှိဘူးခင်ဗျ။ အိပ်ချိန်တိုင်ရောက်မှ တံခါးပိတ်ခြင်းဖြစ်သည့်အတွက် လပြည့်နေ့ ည သန်းခေါင်အတွင်းနဲ့ ၁ ရက်နေ့၊ နံနက် ၈ နာရီအတွင်းမှာ ဖြစ်ပေါ်ရမယ် ထင်တယ်"

ရှား ॥ ॥ "ဟုတ်ပေဗျာ ... ခင်ဗျားကူဖော်ရတယ်။ နေရာကျလိုက်လေဗျာ"

ဟု ပြောဆဲတွင် မတင်ညွန့်၏အခန်းသည် ရုတ်တရက်ပွင့်လာ၍ မတင်ညွန့်ကိုယ်တိုင်အပြင်သို့ ထွက်လာပြီးလျှင် ...

ညွန့် ॥ ॥ "ဘယ်သူကလဲ ရှင့်ကို ကူညီတာ"

ရှား ॥ ॥ (သူငယ်မကို ခြေဆုံး ခေါင်းဆုံးကြည့်၍ အကဲခတ်ပြီးနောက်) 'မတင်ညွန့် မှတ်တယ် ...'

ညွန့် ॥ ॥ "ရှင်က ပုလိပ်တစ်ယောက်လား ..."

ရှား ॥ ॥ "ကိုစံရှားလို့ ခေါ်ကြတယ်"

ညွန့် ॥ ॥ "စုံထောက်ကြီး ကိုစံရှားဆိုတာ မှတ်တယ်။ ကျွန်မပြောရင် ရှင်နားထောင်မလား"

ရှား ॥ ॥ "ထောင်ခွင့်ရှိရင် ထောင်ရတာပေါ့ မိန်းကလေးရယ်"

ညွန့် ॥ ॥ "စုံထောက်ချင်လို့ရှိရင် ရှင့်ဘာသာရှင် စုံထောက်ရင်ကောင်းလိမ့်မယ်...။ ကိုမြင့်ဖေဆိုတဲ့လူ ပြောတဲ့စကားကို တစ်ခွန်းမှ မယုံနဲ့ရှင့်။ ယုံလျှင် ရှင်မှားလိမ့်မယ်"

mgyoe.com

mgyoe.com

ဟု မောင်မြင့်ဖေအပေါ်၌ အမျက်ကြီးလှသော မျက်နှာထားနှင့် ပြောသော အခါ မောင်စံရှားက မည်သို့မျှ မျက်နှာထား ပြောင်းလဲခြင်း မရှိဘဲ။

ရှား ။ ။ "သင်္ဘောဆေးပျက်နေတဲ့အကြောင်းကို မိန်းကလေးသိပါသလား"

ညွန့် ။ ။ "သဘောဆေးပျက်တဲ့အကြောင်းလည်း မသိဘူး။ ဘာအကြောင်းမှ ကျွန်မ မသိဘူး"

ဟု ပြောပြီးလျှင် မတင်ညွန့်သည် မိမိ၏အခန်းအတွင်းသို့ ရုတ်တရက် ဝင်သွား၍ အခန်းတံခါးကို အတွင်းမှ မင်းတုပ်ချလိုက်လေ၏။

မောင်မြင့်ဖေလည်း မတင်ညွန့်၏ စကားကိုကြား၍ မတင်ညွန့်၏ အမူအရာ ကို မြင်သောအခါ နားမလည်နိုင်သော မျက်နှာထားနှင့်ရှိနေရာ မောင်စံရှားက...

"ပတ္တမြားကလည်း အဖိုးထိုက် ပတ္တမြားဖြစ်ပြန်၊ ပျောက်ပြီးခါစလည်း ဖြစ်ပြန်ဆိုတော့ နှမြောရှာလွန်းလို့ ပြောမိပြောရာ၊ ဆိုမိဆိုရာ ပြောဆိုမိတာပါဗျာ။ ဒါထက် ကိုမြင့်ဖေ၊ တံခါးကို ဆေးသုတ်ပြီးစအခါက အစွန်းပါတာ၊ မပါတာ သတိထားမိပါသလား ...။

မြင့် ။ ။ "ကျွန်တော် သတိမထားမိဘူးခင်ဗျာ"

ရှား ။ ။ "ဦးကျောက်ခဲကော"

ကျွန်ုပ် ။ ။ "သတိမထားမိဘူးခင်ဗျာ"

ရှား ။ ။ "အင်စပိတ်တော်လည်း ရောက်စက သတိမထားမိဘူး ဟုတ်စ..."

အင်း ။ ။ "မထားမိဘူးခင်ဗျာ"

ရှား ။ ။ "ကိုစောမောင်ကသာ သည်အစွန်းကလေးကို အရေးမကြီးဘူးလို့ ပြောတယ်။ ယခုတော့ ကျုပ်မှာ သည်အစွန်းကလေးဟာ အရေး ကြီးနေပြီဗျ။ ကိုင်း ... သည်တော့ ကျုပ်တို့ စုံစမ်းဖို့ဟာ အချက် ၃ ချက်ရှိတယ်။ (၁)အချက်က ဤအိမ်မှာ သင်္ဘောဆေးစွန်းပေ နေတဲ့ အဝတ် ရှိ မရှိ။ (၂)အချက်က ၎င်းအချက်ဟာ မည်သူ၏ အဝတ်ဖြစ်တယ်။ (၃)အချက်က ၎င်းအဝတ်ရှင်ဟာ မိမိအဝတ်၌ သင်္ဘောဆေးစွန်းပေရတဲ့အကြောင်းကို ကျေနပ်အောင် ပြောနိုင် မပြောနိုင်။ သည် ၃ ချက်ကို ကျုပ်တို့ရှာဖို့ရှိတာပဲ"

ဟု ပြောလေလျှင် အင်စပိတ်တော် မောင်စောမောင်မှာ မယုံကြည်သော မျက်နှာထားနှင့် မောင်စံရှား မမြင်အောင် အခြားဘက်သို့ မျက်နှာလွှဲလျက် ပြုံးရယ် ကာ ရှိနေလေ၏။

mgyoe.com

mgyoe.com


ဤကဲ့သို့ ပြုံးရယ်သည်ကို မောင်စံရှားသည် မှန်ထဲတွင် မြင်လိုက်သည် ဖြစ်သောကြောင့်၊

"ကိုယ့်နည်းနဲ့ကိုယ် လိုက်ကြတာပ ကိုစောမောင်၊ ကျုပ်ပြောတာကို မယုံကြည်လျှင်လည်း ခင်ဗျားနည်းနဲ့ ခင်ဗျားလိုက်တာပ"

ဟု ပြောပြီးလျှင် မောင်စံရှားသည် မည်သူ့ကိုမျှ စကားမပြောဘဲ အခန်း၏ အခြေအနေကို သေချာစွာကြည့်ပြီးနောက် တံခါး၌ သဘော်ဆေးပျက်၍နေသော အကွက်ကိုလည်း မှန်ဘီလူးဖြင့် သေချာစွာကြည့်ပြီးလျှင် ဧည့်ခံခန်း၌ ဆေးတံကို သောက်ကာ အတန်ကြာအောင် ထိုင်၍စဉ်းစားပြီးမှ တစ်စုံတစ်ခုကို အကြံပေါ်သည့် အနေဖြင့် ထိုင်ရာမှ ရုတ်တရက် ထလိုက်သည်တွင် မောင်မြင့်ဖေက ...

"ဘယ့်နှယ်လဲခင်ဗျာ၊ ပတ္တမြားရင်ထိုးကို ဘယ်သူခိုးပါသလဲ"

ရှား ။ ။"ပတ္တမြားရင်ထိုးကို ဘယ်သူမှ မခိုးဘူးဗျ"

ဟု ပြောသဖြင့် ကျွန်ုပ်နှင့် မောင်မြင့်ဖေတို့မှာ အံ့အားသင့်လျက် ရှိကြလေ၏။

ငင်းနောက် မောင်စံရှားက အိမ်ရှင်မင်းကတော်ကြီးနှင့် ခေတ္တတွေ့လိုပါကြောင်း ပြောဆိုသဖြင့် မင်းကတော်ကြီးမှာ ပုလိပ်အရာရှိ အစရှိသော သူတို့ကို မတွေ့လိုသည် မှန်သော်လည်း အားနာပါးနာနှင့် အတွေ့ခံရရာသည်တွင် မောင်စံရှားက အစေခံများတွင်မျှမက အားလုံးသော အိမ်သူအိမ်သားတို့၏ အဝတ်အစား အထည်အလိပ် ဝတ္ထုပစ္စည်းတို့ကို ကြည့်ရှုလိုပါကြောင်းနှင့် ပြောဆိုလေ၏။ ထိုအခါ မင်းကတော်ကြီးက အိမ်သူအိမ်သားဆိုသည်မှာ မိမိတို့ သားအမိ နှစ်ယောက်နှင့် ဧည့်သည်ဖြစ်သောသူများ၊ တူမများသာလျှင် ရှိကြောင်းနှင့် ပြောဆို၍ အားလုံးသောသူများမှာ ယုံကြည်စိတ်ချရသော သားချင်းများဖြစ်ကြောင်း ပြောဆိုလေလျှင် မောင်စံရှားက အိမ်သားဆိုသည်မှာ တူများ၊ တူမများသာလျှင် မဟုတ် မင်းကတော်ကြီး သားအမိတို့၏ ပစ္စည်းများကိုပင် ကြည့်လိုပါကြောင်းနှင့် ပြောဆိုလေ၏။ ထိုအခါ မင်းကတော်ကြီးမှာ ပစ္စည်းရှင်ကိုပင် တစ်ဖန်ပြန်၍ မသင်္ကာဘိသကဲ့သို့ မိမိတို့၏ အဝတ်အစားများကိုပင် ရှာဖွေကြည့်ရှုလိုခြင်းမှာ များစွာထူးဆန်းသော စုံထောက်တစ်ယောက်ဖြစ်သည်ဟု စိတ်၌ ထင်မှတ်ဟန် လက္ခဏာရှိသော်လည်း ဖွင့်ဟ၍မပြောဘဲ ကြည့်ရှုလိုက ကြည့်ရှုနိုင်ကြောင်းနှင့် ပြောဆို၍ မိမိ၏ အဝတ်ဗီရိုမှသော့ကို အပ်လိုက်လေ၏။ ငင်းနောက် မောင်စံရှားသည် ဧည့်သည်ဖြစ်သော တူ၊ တူမများ၏ အဝတ်များထားသော သေတ္တာ၊ သော့များနှင့်တကွ မတင်ညွန့်၏ အဝတ်သေတ္တာသော့များကိုလည်း အလိုရှိပါကြောင်း

mgyoe.com



နှင့် ပြောဆိုသဖြင့် မင်းကတော်ကြီးသည် ကျွန်ုပ်ကို စေခိုင်းသည်နှင့် သွားရောက်တောင်းဆိုရာ အားလုံးသောသူတို့က သော့ကိုပေးအပ်၍ မတင်ညွန့်ကမူ သော့ကို မအပ်လိုသည့်ပြင် အခန်းတံခါးကိုလည်း မဖွင့်နိုင်ကြောင်းနှင့် ကျွန်ုပ်အား ငေါက်ငန်း၍ လွှတ်လိုက်သည်ဖြစ်သောကြောင့် အကျိုးအကြောင်းကို မင်းကတော်ကြီးအား ပြန်ပြောလေ၏။

ထိုခဏ၌ မောင်တင်ဦး မောင်နှမ သုံးယောက်တို့သည် မော်လမြိုင်မြို့သို့ ပြန်တော့မည်ဟု မင်းကတော်ကြီးအား နှုတ်ဆက်ရန် အိမ်ပေါ်မှ ဆင်းလာကြပြီးလျှင် မောင်တင်ဦးကပင် စတင်၍ မိမိတို့၏ ပစ္စည်းများကို စုံထောက်ကြီးက ရှာဖွေစစ်ဆေးလိုသည်မှာ ဒေါ်ဒေါ်မင်းကတော်ကြီးက မိမိတို့အား အနည်းငယ်မျှ အားနာရန် မရှိသည့်အကြောင်း စုံထောက်ကြီးမှာလည်း မိမိ၏ ဝတ္တရားအတိုင်းသာလျှင် ပြုလုပ်ဆောင်ရွက်ရခြင်း ဖြစ်ပေကြောင်းများကို ပြောဆို၍ မိမိ၏ ပစ္စည်းများနှင့် သော့များကို ဤအိမ်၌ ထားခဲ့ပြီးလျှင် ရှာဖွေပြီးစီးသည့်အခါ မိမိတို့ထံ ပို့လိုက်ပါမည့် အကြောင်းနှင့် ပြောဆို၍ မီးရထား ဘူတာရုံသို့ သွားရောက်ကြလေ၏။

ထိုအခါ မင်းကတော်ကြီးက မောင်စံရှားအား အခြားပစ္စည်းများကိုသာလျှင် ကြည့်ရှု၍ သမီးမတင်ညွန့်၏ပစ္စည်းကိုမူ သမီးလည်းဖြစ်သည့်အတွက် ခွင့်လွှတ်ပါမည့်အကြောင်း ပြောဆိုရာ မောင်စံရှားသည် ဦးခေါင်းကိုရမ်းလျက် သော့အားလုံးကို ပြန်၍ အပ်ပြီးလျှင် ...

"ရှာရလျှင်လည်း အကုန်ရှာပါစေ၊ မရှာရလို့ ရှိရင်လည်း တစ်ခုမှ ကျွန်တော် မရှာလိုပါဘူး ... မင်းကတော်ကြီးခင်ဗျာ"

ဟု ပြောသောအခါ မင်းကတော်ကြီးမှာ ပစ္စည်းပျောက်ဆုံးသည်ကို များစွာ မနှမြောလှသော်လည်း မောင်စံရှားအား အားနာသည်ကတစ်ဖက်၊ သမီးကို ပြော၍ မရသည်က တစ်ဖက်ကြောင့် စိတ်ရှုပ်သည့်လက္ခဏာနှင့် ရှိနေရှာသည်တွင် မောင်စံရှားသည် လူမှုလူရေး၌ ကောင်းစွာ ကျွမ်းကျင်နားလည်သူ ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည့်အလျောက်၊ သမီးအတွက် မိမိအား အားနာမဖက်စေရန် ချိုသာလေးနက်သောစကားလုံးတို့ကို ရွေးချယ်၍ ကြားရသူတို့ နားချမ်း နှစ်သိမ့်စေလောက်အောင် ပြောဆိုလေလျှင် ကျွန်ုပ်မှာ မင်းကတော်ကြီးအား ချစ်ခင်ရင်းဖြစ်သည့်အတိုင်း ၎င်း၏အတွက် စိတ်၌ များစွာ ကျေးဇူးတင်မိလေ၏။ ထိုကဲ့သို့ ပြောဆိုလျက်ရှိစဉ် စောရှင်သည် မင်းကတော်ကြီးထံ ကိစ္စတစ်ခုနှင့် အခန်းတွင်းသို့ ဝင်လာရာ ညှို့သည်တော် မောင်စံရှားကို မြင်သည်နှင့် ကိစ္စကိုမပြောဘဲ တစ်ဖန်ပြန်၍ ထွက်သွားသည်တွင် မောင်စံရှားသည် တစ်စုံတစ်ခုကို စဉ်းစားစိတ်ကူးနေသည့်ဟန်ဖြင့်

mgyoe.com

mgyoe.com


အတန်ကြာ ငေးစိုက်၍ နေပြီးနောက် မိမိ၏ နဖူးကို လက်ညှိုးဖြင့်တို့လျက် ...

"ဩော် ... ဟုတ်ပြီ၊ ဟုတ်ပြီ။ သည်သူငယ်မကို ကျွန်တော် တခြားမှာ မြင်ဖူးပါတယ်။ မင်းကတော်ကြီး ခင်ဗျာ"

ခင် ။ ။ "ဘယ်မှာလဲရှင်"

ရှား ။ ။ "လွန်ခဲ့တဲ့ တစ်နှစ်လောက်က မိန်းမထောင်မှာ မြင်ဖူးပါတယ်"

ဟု ပြောလေလျှင် မင်းကတော်ကြီးသည် အနည်းငယ် မျက်နှာပျက်သွားပြီးနောက်၊ သို့ဝှက်၍ ထားသော်လည်း အကျိုးမရှိသည့်အဖြစ်ကို မြင်သည်နှင့် စောရှင်၏ အတ္ထုပ္ပတ္တိကို မိမိသိရှိသလောက် ပြောပြပြီးလျှင် မိမိအိမ်၌ နေထိုင်ခဲ့သည့် နေ့မှစ၍ တစိုးတစဉ်းမျှ မယုံမကြည်ဖွယ်ရာ မရှိပါကြောင်းနှင့် ပြောဆိုပြီးနောက်

ခင် ။ ။ "သူငယ်မအပေါ်၌ သင်္ကာမကင်းဖြစ်ဖို့ မရှိဘူးမှတ်ပါတယ်ရှင်၊ တစ်ဖန် ခိုးခြင်း၊ ဝှက်ခြင်း အမှုကိုတော့ ပြုပုံမရပါဘူး"

ရှား ။ ။ "ဘယ်သူ့ကိုမှ ယခုအချိန်အထိ ခိုးတယ်လို့ ကျွန်တော် မစွပ်စွဲသေးပါဘူး ခင်ဗျာ"

ဟု ပြောလျှင် မင်းကတော်ကြီးလည်း အစွမ်းရှိသမျှ ကြိုးစားအားထုတ်၍ စုံထောက်ပါမည်အကြောင်း ပြောဆို၍ ကိစ္စပြီးသည်နှင့် အပြင်သို့ ထွက်သွားလေ၏။

မောင်စံရှားဆိုသူ စုံထောက်ကြီး၌ ထူးဆန်းသော အခြင်းအရာတစ်ခုမှာ ကျွန်ုပ်တို့၏ မင်းကတော်ကြီးသည် အမျိုးအနွယ်အားဖြင့် မြင့်မြတ်ခဲ့သည့်အပြင် အရေးပိုင်ကတော် စင်စစ်လည်း ဖြစ်ခဲ့သောကြောင့် အင်စပိတ်တော်မျှမက ရာဇဝတ်ဝန်ကလေးများကိုပင် မိမိထက် အသက်အရွယ် ငယ်ခဲ့သည်ဖြစ်က မောင်ကလေးများ၏ပမာ၊ 'မောင်' 'ကျုပ်' စသည်နှင့်သာလျှင် ပြောဆိုတတ်သည်ဖြစ်ရာ ယခု မောင်စံရှားအားမူ အရွယ်ပင်ငယ်ပါလျက် 'ရှင်' 'ကျွန်မ' စသည်တို့နှင့် ပြောရသည် ဖြစ်သောကြောင့် ဤသူသည်ကား သူတစ်ပါးတို့၏ ရှိသေကိုင်းညွတ်ခြင်းကို စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မပြုဘဲ မနေနိုင်လောက်အောင် ဆွဲငင်တတ်သော တန်ခိုးရှိဘိ၏တကားဟု ချီးမွမ်းမိပေ၏။

■ ■ ■

mgyoe.com

mgyoe.com

# ၆။

ကျွန်ုပ်မှာ မောင်စံရှားကို တွေ့မြင်ရသည့်အခါမှစ၍ ၎င်း၏ အပြောအဆို ပြတ်သားပုံ၊ ကြံပုံ၊ စည်ပုံ၊ ထူးခြားပုံနှင့်တကွ တည်ကြည်သော ဣန္ဒြေနှင့် ရံဖန်ရံခါ သာယာနာပျော်ဖွယ်သော စကားတို့ကိုလည်း ပြောဆိုတတ်သည်ဖြစ်သောကြောင့် ကျွန်ုပ်တွေ့မြင်ဖူးခဲ့ရသော ပုလိပ်အရာရှိတို့နှင့် ကွာခြားကြောင်းကို သိမြင်သည်ဖြစ်၍ များစွာ ချစ်ခင်သောစိတ် ဖြစ်ပေါ်ခဲ့လေရာ၊ ၎င်းကလည်း ကျွန်ုပ်အား တိုင်ပင်ရန်ရှိက တိုင်ပင်၍ မေးမြန်း၍ရှိကလည်း ကျွန်ုပ်ကိုသာ မေးမြန်းသည် ဖြစ်သောကြောင့် ထိုကဲ့သို့သော ပုဂ္ဂိုလ်ကြီး တစ်ဦးတစ်ယောက်က ကျွန်ုပ်ကဲ့သို့သော သူတစ်ယောက်အား 'အဖက်လုပ်'၍ ခေါ်ငင်ပြောဆိုသည်ကို ကျေးဇူးလည်းတင်၊ ဝမ်းလည်းသာသည်နှင့် ထိုသူ၏အနားမှာ မခွဲခွာဘဲ ထပ်ကြပ်လိုက်ပါလျက် ရှိလေ၏။

၎င်းနေ့ညနေ နေဝင်လုဆဲအချိန်တွင် မောင်စံရှားသည် ကျွန်ုပ်နှင့်အတူ အိပ်နောက်၌ လမ်းလျှောက်လျက် မတင်ညွန့်၏ အကျင့်စာရိတ္တအကြောင်းများကို မေးမြန်းလျက်ရှိသဖြင့် ကျွန်ုပ်လည်း မတင်ညွန့်သည် အင်္ဂလိပ်စာ တတ်မြောက်သဖြင့် အတန်ငယ် 'ဘိုဆန်' သော သူငယ်မတစ်ယောက် ဖြစ်သော်ငြားလည်း စင်စစ်သဘောမှာမူ အလွန်တရာ တည်ကြည်ဖြောင့်မတ်သည်ဖြစ်ကြောင်း၊ မိခင်အားလည်း အလွန်တရာ ကြင်နာချစ်ခင်ကြောင်း၊ အမျိုးကောင်းသမီးပီပီ မလျောက်ပတ်သော အကြံအစည်၊ အပြုအမူတို့ကို မကြံစည် မပြုလုပ်တတ်ကြောင်း။ သို့ရာတွင် အမိဘက်မှ မာနအနည်းငယ် ပါခဲ့သည်ဖြစ်သောကြောင့် မိမိစိတ်၌ ကောင်းသည်ဟု အမှန်ယုံကြည်စိတ်ချခဲ့လျှင် မည်သူမဆိုပြောဆို၍မျှ စိတ်ပြောင်းလဲခြင်း မရှိဘဲ မိမိထင်မြင်သည့်အတိုင်း ခေါင်းမာစွာနှင့် ပြုလုပ်တတ်ကြောင်း စသည်တို့ကို

mgyoe.com

mgyoe.com

ပြောဆိုရလေ၏။ ထိုသို့ရှိစဉ် မောင်စံရှားသည် တစ်စုံတစ်ခုကို မြင်သည့်လက္ခဏာနှင့် 'အလို' ဟု ရုတ်တရက် ဆိုလိုက်ရာ၊ ကျွန်ုပ်က အကြောင်းကို မေးသော်လည်း ကျုပ်က တစ်ခါတစ်ခါ ခါးနာတတ်တယ်ဗျဟု ပြော၍ ခါးကို လိမ်တွန့်၍ ဆန့်ပြီးလျှင် ဆက်လက်၍ လမ်းလျှောက်ကြပြန်လေ၏။ ၎င်းနောက် ...

ရှား ။ ။ "ဒါထက် ဦးကျောက်ခဲရယ်...၊ နေစမ်းပါဦး၊ မစောရင် ရုပ်ကလေးက သနားကမားနဲ့ ရည်းစားများ ရှိလေရော့သလားဗျာ ..."

ကျွန်ုပ် ။ ။ "ဘာကြောင့် မေးတာလဲခင်ဗျာ"

ရှား ။ ။ "ခုနက ပန်းခြံထဲမှာ ကုပ်ကုပ် ကုပ်ကုပ်နဲ့ ဘာများ စောင့်နေတယ် မပြောတတ်ဘူး"

ကျွန်ုပ် ။ ။ "ဒါကြောင့် ခင်ဗျား ခု နင်က အလိုလို့ ဆိုလိုက်တာလား"

ရှား ။ ။ "ဟုတ်တယ် ရည်းစားရှိလို့ ရည်းစားနဲ့ တွေ့ချင်လို့ ချောင်းနေရင်တော့ ကိစ္စမရှိဘူး။ သို့မဟုတ်ရင်ဖြင့် သူပြုပုံက တော်တော် မသင်္ကာစရာကြီးဘဲ ဦးကျောက်ခဲရဲ့"

ထိုအခါ ကျွန်ုပ်မှာ မောင်စံရှားသည် စောရင်အပေါ်၌ သင်္ကာမကင်းရှိမည်ကို စိုးရိမ်သည်ဖြစ်၍ သူငယ်မကလေးသည် မိမိနှင့် အဖက်မတန်ဘဲလျက် မောင်မြင့်ဖေအား တိတ်တဆိတ် ချစ်ကြိုက်လျက် ရှိနေကြောင်းများကို ဖွင့်ဟ၍ ပြောဆိုရလေ၏။

ရှား ။ ။ "အင်း ... ချစ်ကြိုက်တယ်ဆိုတာလည်း မရိုင်းပေဘူးဗျ၊ လူချောလူလှကလေးတစ်ယောက်ပါပေပဲ။ စကားပြောကလေးကလည်း လေးလေး လေးလေးနဲ့၊ အရေလည်တော့ အပတ်စိပါဘိသနဲ့ဗျ။ ဒါထက် ကိုမြင့်ဖေကလည်း အရေးမလုပ်ဘူး မဟုတ်လား"

ကျွန်ုပ် ။ ။ "အရေးလုပ်မှာ ထားလို့ဗျာ ... သူ့မှာလည်း သူ့အပူနဲ့ သူ ခက်နေတာပဲ"

ရှား ။ ။ "သူ့အပူက ဘာအပူလဲဗျ"

ကျွန်ုပ် ။ ။ "မောင်လည် နှမလည်ပေါ့ ခင်ဗျာ"

ရှား ။ ။ "သြော် ... သည်လိုကိုး။ တော်ပ တော်ပ၊ လျှောက်ပတ်ပါရဲ့၊ ကိုင်းကိုင်း အိမ်က အစေခံတွေကို ၅ မိနစ်စီလောက် မေးစမ်း မြန်းစမ်းပါရစေဗျာ။ သို့သော် သူတို့ကို မသင်္ကာလို့မဟုတ် ကျွန်တော့်ကို ကူညီဖို့ မေတ္တာရပ်ခံချင်တဲ့အကြောင်းကို ဦးကျောက်ခဲက ပြောပြလိုက်ပါဗျာ"

mgyoe.com

mgyoe.com

အိမ်တွင်းသို့ ရောက်ကြလျှင် ကျွန်ုပ်သည် မောင်စံရှား အလိုရှိသည့်အတိုင်း ထမင်းချက်ပြုတ်သော ဒေါ်သာယာကြီးအားလည်းကောင်း၊ ဘိုးဟန်အား လည်းကောင်း၊ စောရှင်အားလည်းကောင်း၊ မောင်စံရှားထံသို့ စေလွှတ်လိုက်ရာ ဒေါ်သာယာနှင့် ဦးဘိုးဟန်တို့မှာ ၅ မိနစ်ခန့်စီမျှသာကြာလျက် စောရှင်မှာမူ ၁၅ မိနစ်ခန့်ကြာ၏။ ပြန်လာသောအခါ၌လည်း မျက်နှာပျက်ပျက်နှင့် နဖူး၌လည်း ချွေးစီးလျက်ရှိလေ၏။ အစေခံများ ပြန်လာကြလျှင် ကျွန်ုပ်လည်း မောင်စံရှားရှိရာ အခန်းသို့သွားရောက်၍ မည်သို့ သတင်းထူးပါသနည်းဟု မေးမြန်းရာ မောင်စံရှား က ...

"မစောရှင်ကများ မြို့ထဲကိုသွားဖို့ ခွင့်တောင်းလျှင် ခွင့်ပေးလိုက်ပါဗျာ၊ သို့ သော် ခွင့်ပေးပြီးလျှင် ကျုပ်သိပါရစေ"

ကျွန်ုပ် ။ ။ "ကောင်မလေးအပေါ်မှာ သင်္ကာမကင်းဖို့ ရှိပါသလားဗျာ"

ရှား ။ ။ "ဦးကျော်ခဲ ... ကျုပ်တို့ မြန်မာစကားပုံတစ်ခု ရှိတယ် မဟုတ် လား။ 'အချိန်တန်ရင်တော့ နွားပိန်ကန်လိမ့်မယ်' တဲ့ ဟုတ်လား။ အဲ ... သည်အတိုင်းပဲဗျို့။

ကျွန်ုပ်သည် မောင်စံရှား၏အခန်းမှ ကိစ္စတစ်ခုနှင့် ထွက်လာခဲ့ရာ အခန်းဝ တွင် စောရှင်နှင့်တွေ့၍ စောရှင်က မြို့ထဲသို့ မိတ်ဆွေတစ်ဦးထံ သွားရောက်လည် ပတ်လိုသည်ဖြစ်၍ တစ်နာရီခန့်မျှ အခွင့်ပေးပါမည့်အကြောင်းနှင့် ပြောလေလျှင် ကျွန်ုပ်မှာ ခါတိုင်း၌ အချိန်မတော်လျှင် ခွင့်ပေးမည်မဟုတ် ဖြစ်သော်လည်း မောင် စံရှားက ခွင့်ပေးရန် မှာထားပြီးဖြစ်သဖြင့် ခွင့်ပေးလိုက်ပြီးနောက် မောင်စံရှားအား လည်း အကြောင်းပြန်ကြားလေ၏။ ထိုအခါ မောင်စံရှားလည်း ယနေ့အတွက် အလုပ်ကိစ္စ ပြီးစီးလောက်ပြီဖြစ်၍ အိမ်သို့ ပြန်ဦးမည်ဖြစ်ကြောင်း၊ နက်ဖြန် နံနက် မှ တစ်ဖန်လာခွင့်ရှိက လာဦးမည်ဖြစ်ကြောင်းကို ပြောဆို၍ မောင်မြင့်ဖေအားလည်း နှုတ်ဆက်ပြီးလျှင် ပြန်သွားလေ၏။

မောင်စံရှား ပြန်သွားလေလျှင် ကျွန်ုပ်သည် ဤ 'သိန်းထိုက်' ပတ္တမြား အကြောင်းနှင့် ပတ်သက်၍ စိတ်တည်ငြိမ်စွာ မရှိနိုင်သည့်အတွက် မောင်စံရှားသည် စောရှင်၏အပေါ်၌ အမှန်မုချ သင်္ကာမကင်းရှိရန် အကြောင်းရှိသည် ဖြစ်ကြောင်းကို လည်း ရိပ်မိသည်ဖြစ်သောကြောင့် စုံထောက်ကြီးလည်းမရှိခိုက်၊ စောရှင်လည်း မရှိခိုက်တွင် ကျွန်ုပ် အလိုအလျောက်ဦးမည်ဟု အောက်မေ့၍ ဒေါ်သာယာနှင့် ဘိုးဟန်တို့အား စောရှင်၏အကြောင်း မေးမြန်းရာ ဒေါ်သာယာက စောရှင်သည် ယခုတစ်ရက်၊ နှစ်ရက် အတွင်းတွင် ငြိမ်သက်ခြင်းမရှိဘဲ လှုပ်ရှားထကြွခြင်းများ

mgyoe.com

mgyoe.com


ကြောင်း၊ ရုံဖန်ရံခါ တစ်ယောက်တည်း ငိုယိုလျက်ရှိကြောင်း၊ ယမန်နေ့ညကလည်း ကိစ္စတစ်ခုရှိသည်နှင့် စောရှင်၏အခန်းတွင်းသို့ သွားသောအခါ စောရှင်၏ အခန်းမှာ ထိန်ထိန်လင်းလျက်ရှိသည်ကို တွေ့ကြောင်း၊ ထိုအခါက မိမိက မီးများလောင်၍သလောဟု အောက်မေ့၍ စောရှင်အား ခေါ်သောအခါ စောရှင်သည် အခန်းတံခါးကို ရုတ်တရက်ဖွင့်၍ မပေးဘဲ မီးများငြိမ်းသည့်အခါမှ အခန်းတံခါးကို ဖွင့်၍ပေးကြောင်း အစရှိသည်တို့ကို ပြောကြားလေ၏။

ငင်းစကားများကို ကြားရသောအခါ ကျွန်ုပ်တွေးထင်မိသည်မှာ စောရှင်သည် ပတ္တမြားကို ခိုးယူစဉ်အခါ မိမိ၏အဝတ်ကို သဘော်ဆေးစွန်းပေသည်ကို သိရှိသည်နှင့် ငင်းအဝတ်ကို ဖျောက်ဖျက်စေရန် အခန်းတွင်း၌ တိတ်တဆိတ် မီးနှင့်ရှို့၍ ပစ်လေပြီလောဟု တွေးတောမိသော်လည်း၊ ဒေါ်သာယာအား ကျွန်ုပ်၏ အကြံအစည်ကို ထုတ်ဖော်၍ မပြောဘဲ၊ တစ်ယောက်တည်း စဉ်းစားစိတ်ကူးရန် အိမ်နောက်ဥယျာဉ်သို့ ထွက်လာလေ၏။ ပန်းပင်များအနီးသို့ရောက်လျှင် မောင်မြင့်ဖေသည် ထိုင်ခုံတစ်ခုပေါ်တွင်ထိုင်လျက် ဆေးပြင်းလိပ်ကို သောက်ရှုလျက်ရှိရာ ကျွန်ုပ်ကို မြင်လျှင်သည်နှင့် ခေါ်ငင်၍ ထိုင်ခုံစွန်း၏ တစ်စွန်းတွင် ထိုင်စေလျက် ...

မြင့် ။ ။ "စောရှင်ဟာ တစ်နေ့က နေမကောင်းဘူးလို့ အိမ်ခန်းထဲမှာ အိပ်ပါရစေဆိုပြီး မအိပ်ဘဲနဲ့ တိတ်တိတ်ကလေး မြို့ထဲသွားတယ်လို့ ဦးကျောက်ခဲ ပြောတယ်မဟုတ်လား"

ကျွန်ုပ် ။ ။ "ပြောမိပါတယ်"

မြင့် ။ ။ "အဲဒါ ဘာလုပ်သွားတယ် ထင်သလဲ။ သူ့အဝတ်ကို ဆေးစွန်းသွားလေတော့ လူမမြင်အောင် ဖျောက်ဖျက်ပြီး သည်အဝတ်မရှိလျှင် လူများက ရိပ်မိမှာ စိုးရိမ်လို့ တိတ်တိတ်ကလေး မြို့ထဲသွားပြီး သည်အထည်စမျိုး သွားဝယ်တာအမှန်ပဲ။ ကေန္တ သည်ပတ္တမြားကို စောရှင် ယူတာပဲ။ သည့်ပြင် ဘယ်သူမှ မယူဘူး။ ကိုင်းဗျာ ပြောနေကြာရော့။ ဒေါ်ဒေါ်ကို အကျိုးအကြောင်း သွားပြီး ပြောပြဦးမှပဲ။ သည်လိုနေလို့ မဖြစ်ပါဘူး"

ဟု ပြောကာ ထိုင်ခုံမှထ၍ အိမ်တွင်းသို့ ဝင်မည်အပြုတွင် ကျွန်ုပ်တို့၏ နောက်မှ ...

"ဆိုင်းပါဦး၊ ဆိုင်းပါဦး။ အလျင်မလိုကြပါနဲ့"

mgyoe.com

mgyoe.com


ဟု ပြောသံကြားသည်နှင့် လှည့်၍ကြည့်လိုက်ကြရာ စုံထောက်မောင်စံရှားသည် ကျွန်ုပ်တို့၏နောက်၌ရပ်လျက်ရှိသည်ကို တွေ့ကြရလေ၏။

ရှား ။ ။ "ကိစ္စကလေး မပြီးတတ်တာနဲ့ ပြန်လာရပြန်တယ်ဗျာ။ နေဦးဗျ ကိုမြင့်ဖေ၊ မင်းကတော်ကြီးကို မပြောနဲ့ဦးဗျ"

မြင့် ။ ။ "ဘာကြောင့်လဲဗျာ"

ရှား ။ ။ "ဘာကြောင့်လဲဆိုတော့ မင်းကတော်ကြီးကို ပြောလို့ရှိရင် မင်းကတော်ကြီးက မတင်ညွန့်ကို ပြောလိမ့်မယ်"

မြင့် ။ ။ "ပြောရင်ကော၊ ဘာဖြစ်သလဲဗျ"

ရှား ။ ။ (ပြုံးရယ်လျက်) "မပြီးခင်၊ ဇမာမမြင်စေနဲ့ ... တဲ့ ဆိုတယ်မဟုတ်လား။ ယခုအတောအတွင်း ကျုပ်ကို မေးလား မြန်းလား မလုပ်ကြနဲ့ဦးဗျ။ အချိန်ကျတော့ ရှင်းလင်းပါလိမ့်မယ်။ သို့သော် ခုနက ကျုပ်ပြောတဲ့အတိုင်းပဲ။ မင်းကတော်ကြီးကိုတော့ ဘာမျှမပြောပြနဲ့ဦးဗျ"

မြင့် ။ ။ "တကယ်လို့ ပြောပြလို့ရှိရင် ..."

ရှား ။ ။ "တကယ်လို့ ပြောပြလို့ရှိရင် သည်အမှုနဲ့ ကျုပ်နဲ့ ဘာမျှမဆိုင်ဘူး၊ ကျုပ် ပြန်ရုံပဲ"

မြင့် ။ ။ "သည်လောက်ပဲ အရေးကြီးသလားဗျာ"

ရှား ။ ။ "ကျုပ်ပြောတဲ့အတိုင်းပါပဲ"

မြင့် ။ ။ "တယ်ကျုပ်တည်းပါကလားဗျာ။ သို့သော်လည်း ပေါ်အောင်သာ စုံထောက်ပါဗျာ။ ခင်ဗျားပြောသမျှ ကျွန်တော်တို့ လိုက်နာရမှာပေါ့"

ဟု ပြောလျက် မောင်မြင့်ဖေသည် အိမ်တွင်းသို့ ဝင်သွားလေ၏။

မောင်မြင့်ဖေ ထွက်သွားလျှင် ကျွန်ုပ်လည်း အိမ်တွင်းသို့ ဝင်မည်ပြုရာ မောင်စံရှားက "နေပါဦး ... ဦးကျောက်ခဲ။ ခင်ဗျားကို ကျွန်တော် နည်းနည်းကလေး မေးမြန်းစရာ ရှိပါသေးတယ်။ သည်ကနေပြီး ကန်တော်ကြီးသွားတဲ့ အနီးဆုံးလမ်းကို ကျုပ်ပြစမ်းဗျာ"

ဟု ပြော၍ ကျွန်ုပ်၏ လက်မောင်းကို ဖြည်းညင်းစွာ ဆွဲငင်ခေါ်သွားရာ မောင်စံရှားမှာ မည်သည့်နေရာ၌မှ ငြင်းဆန်နိုင်သော လူမျိုးမဟုတ်သည်နှင့် ကျွန်ုပ်လည်း လမ်းပြရန် လိုက်ပါသွားလေ၏။

ကျွန်ုပ်တို့သည် မီးထွန်းစအချိန်ခန့်တွင် အိမ်မှ ထွက်လာခဲ့ကြရာ လမ်းခရီးတွင် ကျွန်ုပ်က ...

"ကျွန်တော် တစ်ခု မေးပါရစေ"

mgyoe.com

mgyoe.com

ရှား ॥ ॥ "မေးပါဗျာ"
ကျွန်ုပ် ॥ ॥ "မင်းကတော်ကြီးကို ဘယ့်နှယ်ကြောင့် စောရှင်အကြောင်းကို မပြောရတာလဲခင်ဗျာ"
ရှား ॥ ॥ "တတ်နိုင်လို့ ဘယ်လိုပင် ထင်ရှားအောင် ပြောပြပေမဲ့ အကျိုးမရှိဘူးဗျ"
ကျွန်ုပ် ॥ ॥ "ဘာကြောင့်လဲဗျာ။ မင်းကတော်ကြီးက တရားမစွဲပေဘူးလို့ ထင်လို့လား"
ရှား ॥ ॥ "တရားမစွဲနိုင်ဘူးလို့ ထင်လို့ဗျ"
ကျွန်ုပ် ॥ ॥ "ဘာကြောင့်လဲဗျာ"
ရှား ॥ ॥ "ဘာကြောင့်လဲဆိုတော့ ပတ္တမြားခိုးမှုမှာ စောရှင်က တပည့်မျှသာ ဖြစ်တယ်။ ဆရာလုပ်တဲ့လူက ရှိသေးတယ်။ တပည့်ကို တရားစွဲနိုင်သော်လည်း ဆရာကို တရားမစွဲနိုင်ပေဘူးဗျ"
ကျွန်ုပ် ॥ ॥ "ဆရာက ဘယ်သူလဲဗျာ"
ရှား ॥ ॥ "ခင်ဗျား မရိပ်မိသေးဘူးလား"
ကျွန်ုပ် ॥ ॥ "မရိပ်မိသေးဘူးဗျာ"
ရှား ॥ ॥ "မရိပ်မိသေးရင်လည်း အချိန်တန်မှ နားပိန်ကန်ပေတော့ဗျ။ ဒါထက် ခုတလော စောရှင် အဝတ်သစ်များ ချုပ်တယ်လို့ မကြားမိဘူးလား။
ကျွန်ုပ် ॥ ॥ "ကြားတယ်"
ရှား ॥ ॥ "ဩော် ဟုတ်လား၊ ဘယ်ကကြားသလဲ"
ကျွန်ုပ် ॥ ॥ "ဒေါ်သာယာတို့က ပြောတယ်"
ရှား ॥ ॥ "အထင်ခံချုပ်သလား၊ တိတ်တိတ်ကလေး ချုပ်သလား"
ကျွန်ုပ် ॥ ॥ "တိတ်တိတ်ချုပ်တယ်လို့ ပြောကြတယ်"
ရှား ॥ ॥ "ကျုပ်တွေးတဲ့အတိုင်း ကိုက်နေပြီဗျ။ သူ့အဝတ်မှာ သွေးစွန်းတာတွေ့လေတော့ အထည်စားချုပ်ကရော၊ ချုပ်ပြီး သွေးစွန်းတဲ့အဝတ်ကို ကန်တော်ကြီးထဲ တိတ်တိတ်သွား ခဲပတ်ပြီး ပစ်ချရော။ ညနေက ကျုပ်ခြေရာခံပြီး လိုက်သွားသေးတာကပဲ။ ခင်ဗျားဆီက အခွင့်တောင်းပြီး ဒီအဝတ်ကို ကန်တော်ကြီးထဲ ပစ်ချဖို့သွားတာပဲ။ သို့သော် တိုက်ရိုက်မသွားသေးဘူး။ ဒီအရပ်အဆုံးက တဲကုပ်ကလေးတစ်ခုထဲကို ဝင်ပြီးသွားလေရဲ့။ ကိုင်း ပြောရင်းဆိုရင်း တဲကုပ်ရောက်လာခဲ့ကြပြီ။ ဒီတဲကုပ်မှာ ဘယ်သူများနေသလဲ"

mgyoe.com

ကျွန်ုပ် ။ ။ "မုန့်ဟင်းခါးသည် သားအမိနှစ်ယောက် နေကြတယ်"

ရှား ။ ။ "မစောရှင်နဲ့ ဒီအိမ်ရှင်များနဲ့ တော်တော်အကျွမ်းဝင်သလား"

ကျွန်ုပ် ။ ။ "ဟုတ်ကဲ့၊ စောရှင်အားလပ်လို့ အလည်သွားရင်ဖြင့် ဒီအိမ်လာပြီး လည်တာများတယ်လို့ ပြောကြတယ်"

ရှား ။ ။ "ကိုင်း၊ ဒါဖြင့် ဝင်ကြဦးစို့ဗျာ"

ဟု ပြော၍ တဲတွင်းသို့ ဝင်သွားပြီးလျှင် မောင်စံရှားသည် နေ့လယ်မှ ရောင်း၍ ကျန်ခဲ့သော မုန့်ဟင်းခါးများကို မစားချင် စားချင်နှင့် ဝယ်ယူ စားသောက်၍ မိန်းမကြီးနှင့် အဆွေခင်ပွန်း ဖွဲ့လေ၏။ ၎င်းတဲကလေးမှာ ဒေါ်ညိုဆိုသူနှင့် သမီး မယ်စိန်ဆိုသူ သားအမိနှစ်ယောက်တို့ နေထိုင်ကြသည်ဖြစ်ရာ သမီးမယ်စိန်သည် ခြေကောင်းစွာ မစွမ်းမသန်သည် ဖြစ်သောကြောင့် မုန့်ကြော် အစရှိသည်တို့ကို အိမ်မှ ကြော်လှော်လုပ်ကိုင်ကူညီ၍ အမိဒေါ်ညိုသည် မြို့တွင်း၌ လှည့်လည်ရောင်း ချခြင်းအားဖြင့် အသက်မွေးမြူရှာကြလေသည်။ သမီးမယ်စိန်၊ အစေခံစောရှင်နှင့် အလွန်တရာ ချစ်ကျွမ်းဝင်ကြသည်ဖြစ်ရာ ကျွန်ုပ်တို့ လာရောက်သည့်အခါ မယ်စိန် သည် မောပန်းသည်နှင့် အိပ်ရာသို့ဝင်၍ အိပ်နှင့်လျက် ရှိလေ၏။

မောင်စံရှားလည်း မုန့်များကို ဝယ်ယူစားသောက်ပြီးနောက် အလွန်ကောင်း မွန်ကြောင်း ချီးမွမ်းပြောဆို၍ မုန့်ဖိုးကို ပေးကမ်းပြီးလျှင် အသိမိတ်ဆွေဖွဲ့ရင်း စောရှင်၏အကြောင်းများကို စောင်းပါးရိပ်ခြည် မေးမြန်းရာ၊ မုန့်ဟင်းခါးသည် မညိုလည်း စောရှင်အား သနားချစ်ခင်ခြင်း ရှိသည်ပြင် ၎င်းအပေါ်၌ အစေခံများက သက်ာမကင်း ရှိနေသည်ကိုလည်း စောရှင်ပြောသဖြင့် ရိပ်မိပြီးဖြစ်သောကြောင့် စောရှင်မကောင်းကြောင်းကို တစ်ခွန်းတစ်ပါဒမျှ မပြောဘဲ ကောင်းကြောင်းများကို သာလျှင် ကာဆီးကာဆီးနှင့် ပြောနေသည်ဖြစ်၍ မောင်စံရှားသည် ထိုမိန်းမကြီးကို မေးမြန်း၍ အကျိုးမရှိဟု ပြန်တော့မည့် လက္ခဏာနှင့် ထိုင်ရာမှထပြီးလျှင် ...

ရှား ။ ။ "ကိုင်း ပြန်ပါဦးမယ် ဒေါ်ညို၊ ကျွန်တော်နဲ့ စောရှင်ကလေးနဲ့တော့ ရှေးတုန်းက သိဟောင်း ကျွမ်းဟောင်းမို့ အကျိုးအကြောင်း မေးမြန်း ပြီး ကြည့်တာပါခင်ဗျာ၊ ခမျာကလေးမှာ ယခုနေတဲ့အိမ်မှာ တယ်ပြီး မပျော်ပိုက်ဘူးလို့ကြားလို့ တွေ့များတွေ့လို့ရှိရင် 'မပျော်တဲ့ရွာ မသာ' ဆိုတဲ့ စကားလို၊ မပျော်ရင်ဖြင့် မနေနဲ့ ... လို့ ပြောလိုက်ပါခင်ဗျာ"

ညို ။ ။ "သူကလည်း မနေပါဘူးတော့။ သွားမယ်လို့ ပြောပြီးသားပါပဲ။ သွားမယ်ကြံလို့မို့ သည်ကနေ့ညနေတင်ပဲ သံသေတ္တာ အဟောင်း တစ်လုံးနဲ့ သံကြိုးတစ်ချောင်းဝယ်ပြီး သွားသေးတယ်"

mgyoe.com

mgyoe.com

ရှား ။ ။ "ဒေါ်ညိုတို့ ဆိုကလား"

ညို ။ ။ "ဟုတ်ပါတယ်တော်၊ အဒေါ်က သေတ္တာကလည်း အဟောင်းကြီး၊ သံကြိုးကလည်း အဟောင်းကြီးမို့လို့ ပိုက်ဆံ မယူပါရစေနဲ့ ဆိုတာ တောင် ငွေ ၂ ကျပ် အတင်းပစ်ပြီး ပေးသွားသေးတယ်"

ဟု ပြောဆိုလျက်ရှိစဉ် မောင်စံရှားမှာ ခြေရာပျောက်သူသည် ခြေရာကို တစ်ဖန်ပြန်တွေ့သကဲ့သို့ ရွှင်လန်းအားရသောမျက်နှာထားနှင့် စကားကို အလျင် မပြတ်အောင် မိန်းမကြီး၏ စိတ်တိုင်းကျ ပြောဆိုမေးမြန်း၍ သိလိုသမျှကို သိရှိခဲ့ သည်နှင့် တဲကုပ်မှ ထလာခဲ့ကြလေ၏။

မောင်စံရှားသည် တဲမှထွက်လာပြီးနောက် ကန်တော်ကြီးသို့ ဆက်လက် လျှောက်သွားကြရင်း ...

ရှား ။ ။ "စောရှင်မှာ အဝတ်ထည့်တဲ့သေတ္တာရှိတယ် မဟုတ်လား"

ကျွန်ုပ် ။ ။ "ရှိပါတယ်"

ရှား ။ ။ "ရှိရက်နဲ့ သေတ္တာအဟောင်းကြီးနဲ့ သံကြိုးအဟောင်းကို ဘာလို့ ထပ်ပြီး ဝယ်ရသလဲ"

ကျွန်ုပ် ။ ။ "တစ်ခုခုထည့်ပြီး ဝှက်ထားချင်လို့ပေါ့ဗျာ"

ရှား ။ ။ "ဦးကျောက်ခဲ၊ ခင်ဗျားတော်တယ်ဗျို့၊ သို့သော် ဘာကိုထည့်ပြီး ဝှက်ထားတယ် ထင်သလဲ"

ကျွန်ုပ် ။ ။ "စိန် နဲ့ နီလာ မဟုတ်ဘူးလား"

ရှား ။ ။ "ဘယ်က ဟုတ်မလဲဗျာ၊ သည်ဟာက သူ့လက်မှာမရှိဘူး၊ ကျုပ် သိတယ်။ သိန်းထိုက်ကို ဝှက်ဖို့မဟုတ်၊ ဆေးစွန်းတဲ့ အဝတ်ကိုဝှက်ဖို့ ဝယ်တာနဲ့ တူတာပဲဗျ"

ကျွန်ုပ် ။ ။ "ဆေးစွန်းတဲ့အဝတ်ကို ဘာလုပ်ဝှက်ပြီး နေရသေးသလဲခင်ဗျာ၊ ဖျောက်ဖျက်ပစ်လိုက်ရင် ပြီးရော မဟုတ်လား"

ရှား ။ ။ "အကြောင်းတစ်ခု ရှိတယ်ခင်ဗျ။ ဝှက်ထားခြင်းမှာ အကြောင်းတစ်ခု ရှိတယ်။ သို့သော် သည်အကြောင်းကို ယခုတော့ မပေါ်နိုင်သေးဘူး။ မကြာခင်ပေါ်ပါလိမ့်မယ်"

ကန်တော်ကြီးသို့ရောက်လျှင် မောင်စံရှားသည် ကမ်းနံဘေး၌ ခြေရာများကို လက်နှိပ်ဓာတ်မီးနှင့် ထိုး၍ ရှာဖွေကြည့်ရှုလျက်ရှိရာ ကျွန်ုပ်မှာမူ မျက်စိမှုန်သည် လည်းတစ်ကြောင်း၊ ခြေရာအကြောင်းကို နားမလည်သည်လည်းတစ်ကြောင်း ကြောင့် ခပ်လှမ်းလှမ်းမှ ထိုင်၍ စောင့်ဆိုင်းလျက်ရှိလေ၏။

mgyoe.com

mgyoe.com

မောင်စံရှားသည် ကမ်းနံဘေးတွင် ထိုမှ ဤမှ လျှောက်လျက် ဦးခေါင်းရမ်းကာ လက်ဖျောက်တီးကာ ခြေရာကိုခေါ်သည့် လက္ခဏာနှင့် နာရီတစ်ဝက်ခန့်မျှ ကြည့်ရှုပြီးလျှင် စိတ်ကျေနပ်လောက်သည့် လက္ခဏာနှင့် တက်လာရာ ကျွန်ုပ်မှာ ထမင်းဆာလှပြီဖြစ်၍ အိမ်သို့ပြန်ရန် တိုက်တွန်းပြီးနောက် တဖြည်းဖြည်း လျှောက်လာကြလေ၏။ လမ်းခရီးတွင် ခြေရာများကို တွေ့ပါ၏လောဟု မေးမြန်းရာ တွေ့ကြောင်းကိုသာ ပြောပြီးနောက် ဆက်လက်၍ မပြောသည်နှင့် ကျွန်ုပ်မှာ မပြောလိုသည်ကို အတင်းမေးသော်လည်း ပြောမည်မဟုတ်သူ တစ်ယောက်ဖြစ်ကြောင်း သိသည်နှင့် ထပ်လောင်း၍ မမေးဘဲ တိတ်ဆိတ်စွာ အိမ်သို့ ပြန်လာကြလေ၏။

အိမ်ဝင်းပေါက်သို့ရောက်လျှင် မောင်စံရှားသည် ထွက်မလာမီအခါက အစောင့်ထားသော မိမိ၏ တပည့်နှင့် ဝင်းပေါက်တွင် တွေ့၍ ...

ရှား ။ ။ "စောရှင် ပြန်လာပြီလား"

ပည့် ။ ။ "ပြန်လာပြီ"

ရှား ။ ။ "ရောက်တာ ဘယ်လောက်ကြာပြီလဲ"

ပည့် ။ ။ "တစ်နာရီလောက် ရှိသွားပြီ"

ရှား ။ ။ "အေး ... ကောင်းပြီ"

ဟုပြော၍ မောင်စံရှားသည် လမ်းမဟုတ်သော နေရာမှလျှောက်၍ အိမ်နံဘေးသို့ ရောက်သွားရာ ကျွန်ုပ်က လမ်းမဟုတ်ကြောင်းကို အော်၍ပြောသော်လည်း ကြားသည့် လက္ခဏာမရှိဘဲ လျှောက်မြဲတိုင်း လျှောက်သွား၍ နောက်ဆုံး၌ အိမ်ပေါ်သို့ မော်ကြည့်လျက်ရှိလေ၏။ ကျွန်ုပ်လည်း ၎င်း၏နောက်မှလိုက်သွား၍ အိမ်ပေါ်သို့ မော်ကြည့်လိုက်ရာ မတင်ညွန့်၏ မှန်ပြတင်းပေါက်မှာ မီးထိန်ထိန် လင်းလျက် မီးခွက်တို့မှာ ထိုမှဤမှ ရွေ့လျားလျက်ရှိသည့်ပြင် လူရိပ်တို့မှာလည်း ပြတင်းပေါ်၌ လှုပ်ရှားလျက်ရှိသည်ကို တွေ့မြင်ရလေ၏။

မောင်စံရှားလည်း စိတ်ပါသည့် လက္ခဏာနှင့် ပြတင်းပေါက်ကို အတန်ကြာ စိုက်၍ ကြည့်ပြီးနောက် ...

"မတင်ညွန့် အခန်း မဟုတ်လား"

ကျွန်ုပ် ။ ။ "ဟုတ်ပါတယ်"

ရှား ။ ။ "ဦးကျောက်ခဲ၊ အလောင်းကစားများ ဝါသနာပါသလား"

ကျွန်ုပ် ။ ။ "မပါလှပါဘူးဗျာ"

ရှား ။ ။ "သို့သော် ချောင်တယ်ထင်ရင် လောင်းချင်ရဲ့မဟုတ်လား။ ကိုင်းဗျာ မင်းကတော်ကြီး၏သမီး မတင်ညွန့်ဟာ တစ်ရပ်တစ်ရွာကို အလည်

mgyoe.com

mgyoe.com


သွားဖို့ ဖြုန်းခနဲ အကြံပေါ်လာတယ်လို့ ကျုပ်ဆိုချင်တယ်ဗျ။ လောင်းဝံ့ပါမလား ငါးကျပ်နဲ့ တစ်ကျပ်ဗျို့။ ပြီးတော့လည်း သည်အကြံဟာ လွန်ခဲ့တဲ့ တစ်နာရီလောက်အတွင်းမှာ ဖြစ်ပေါ်လာတဲ့ အကြံလို့လည်း ကျုပ်ဆိုဝံ့သေးရဲ့။ လောင်းဝံ့ပါမလား"

ဟု မေးလျှင် ...

ကျွန်ုပ်မှာ အံ့ဩလှသော်လည်း မလောင်းဝံ့သည်နှင့် မရဲကြောင်းပြောပြီးလျှင် အိမ်တွင်းသို့ ဝင်လာကြလေ၏။

အိမ်တွင်းသို့ရောက်လျှင် ဘိုးဟန်က မင်းကတော်ကြီးသည် ကျွန်ုပ်နှင့် စုံထောက်ကြီး မောင်စံရှားနှစ်ယောက်လုံးကို တွေ့လိုကြောင်းပြောသည်နှင့် မောင်စံရှားက မင်းကတော်ကြီး တွေ့လိုကြောင်း မေးမြန်းသည်မှာ ဘယ်လောက်ကြာပြီလဲဟု မေးရာ၊ တစ်နာရီလောက် ရှိကြောင်းနှင့် ဘိုးဟန်က ပြောသဖြင့် မောင်စံရှားက ...

"ဘယ့်နှယ်လဲ ဦးကျောက်ခဲ၊ ကျုပ်ပြောတဲ့ တစ်နာရီဆိုတာ ကိုက်နေပြီထင်တယ်။ ယနေ့ညများ အကုန်လုံးပေါ်ချင်ပေါ်လာမလား မပြောတတ်ဘူးဗျို့"

ဟု ပြောဆိုလျက် ကျွန်ုပ်တို့သည် မင်းကတော်ကြီးရှိရာ ဧည့်ခံခန်းသို့ သွားရောက်ကြလေသည်။

ဧည့်ခန်းသို့ရောက်လေလျှင် မင်းကတော်ကြီးလည်း မိမိဖတ်ရှုလျက်ရှိသော ဇိနတ္ထပကာသနီစာအုပ်ကြီးမှ မျက်နှာဖော်၍မကြည့်ဘဲ မောင်စံရှားအား ...

စင် ။ ။ "စုံထောက်ကြီး ကျွန်မတို့အိမ်မှာ လူထွက်လူဝင်ရှိတယ်ဆိုရင် ရှင့်ကို တိုင်ကြားဖို့ လိုပါသေးသလား၊ အရေးမကြီးပါဘူး မှတ်တယ်"

ရှား ။ ။ "အရေးကြီးပါသော်ကော ... မင်းကတော်ကြီးခင်ဗျာ"

စင် ။ ။ "ဒါဖြင့် ... ကျွန်မ သမီး မတင်ညွန့်ဟာ နက်ဖြန် နံနက် စောစော ရထားနဲ့ မော်လမြိုင်က သူကြီးတော်များဆီသွားပြီး လည်မယ်လို့တဲ့"

ဟု ပြောလေလျှင် မောင်စံရှားလည်း ကျွန်ုပ်၏ မျက်နှာကို လှမ်း၍ကြည့်လျက် ...

ရှား ။ ။ "ကြီးတော်များထံ သွားပြီး လည်ပတ်ချင်တဲ့အကြောင်းကို မင်းကတော်ကြီးအား ဘယ်တုံးက ပြောပါသလဲ ခင်ဗျာ"

စင် ။ ။ "လွန်ခဲ့တဲ့ တစ်နာရီလောက် အတွင်းကပဲ ပြောပါတယ်"

ရှား ။ ။ "မတင်ညွန့် သွားလိုသည်ကို ကျွန်တော်က တားဆီးဖို့ အခွင့်တော့ မရှိပါပေဘူး ခင်ဗျာ။ သို့သော်လည်း နက်ဖန်နံနက်ကို ကျွန်တော်

mgyoe.com

mgyoe.com


မြို့ထဲ ခေတ္တသွားပြီး ပြန်လာသည့်အချိန်ထိအောင် ဆိုင်းငံ့စေချင်ပါတယ်။ မတင်ညွန့်မသွားမီ စကားနှစ်ခွန်းလောက် ပြောစရာရှိတဲ့အတွက် ရထားအချိန်လွဲပြီး လိုက်စေလိုပါတယ်ခင်ဗျာ"

ဟု ပြောလေလျှင် မင်းကတော်ကြီးလည်း ကျွန်ုပ်အား ဆိုက်ကုလားကို နေ့လယ်ရထားနှင့်မှ သွားမည်ဖြစ်၍ ရထားကို နေ့လယ်မှ ပြင်ခဲ့ရန် ပြောလိုက်ဖို့ အမိန့်ပေးပြီးလျှင် မောင်စံရှားအား ...

စင် ။ ။ "ဒီ့ပြင် ဘာများပြောဖို့ ရှိသေးသလဲ စုံထောက်ကြီး"

ရှား ။ ။ "တစ်ခု ပြောချင်သေးတယ် မင်းကတော်ကြီး၊ မတင်ညွန့်သွားဖို့ အချိန်လွဲလိုက်တဲ့အကြောင်းဟာ ကျွန်တော့်ကြောင့် လွှဲလိုက်ရကြောင်းကို မတင်ညွန့် မသိပါစေနဲ့ ခင်ဗျာ"

ဟု ပြောလေလျှင် မင်းကတော်ကြီးလည်း မိမိဖတ်ရှုလျက်ရှိသော ဇိနတ္တပကာသနီစာအုပ်မှ မော်ကြည့်၍ စကားပြောမည်ပြုပြီးမှ စိတ်ကိုချုပ်တည်းလိုက်သည့်ဟန်နှင့် "ကောင်းပါပြီရှင်"ဟု ပြောပြီးနောက် မင်းကတော်ကြီးသည် စုံထောက်ကြီးအတွက် အိပ်ရာခန်းကို ကောင်းမွန်စွာ ပြင်ဆင်ပေးရန် ကျွန်ုပ်အား ပြောပြီးနောက် မိမိ၏အခန်းတွင်းသို့ ဝင်သွားလေ၏။

ကျွန်ုပ်မှာ မောင်စံရှားသည်ကား ဤပြတ္တမြားမှုနှင့် ပတ်သက်၍ ကျွန်ုပ်တွေးထင် ရိပ်မိသိရှိသည့် အကြောင်းကို စဉ်းစားမိသည်နှင့် အလွန်မေးချင်၊ မြန်းချင်သောစိတ် ဖြစ်ပေါ်လာခဲ့သည် ဖြစ်သောကြောင့် ဆိုက်ကုလားအား ရထားပြင်ဆင်ရန်အကြောင်းကို မင်းကတော်ကြီး အမိန့်ပေးသည့်အတိုင်း ပြောကြား၍ ဘိုးဟန်အားလည်း စုံထောက်ကြီးအတွက် အိပ်ခန်း ပြင်ဆင်ရန်အကြောင်းကို ပြောကြားပြီးလျှင် ထမင်းစားရန်ကိုမျှ သတိမရဘဲ မောင်စံရှားရှိရာရာနေရာ ဧည့်ခံခန်းသို့ သွားရောက်၍ ...

ကျွန်ုပ် ။ ။ "ကျွန်တော် တစ်ခုလောက် မေးပါရစေ ခင်ဗျာ။ သည်အကြောင်းကို မသိရလျှင် အိပ်လို့ ပျော်နိုင်တော့မယ်မဟုတ်လို့ မပြောဘဲ မနေလိုက်ပါနဲ့ ကိုစံရှားခင်ဗျာ"

ရှား ။ ။ (ပြုံးရယ်လျက်) "ပြောခွင့်ရှိရင် ပြောပါမယ်၊ ဦးကျောက်ခဲရယ်၊ မေးသေးတာပေါ့"

ကျွန်ုပ် ။ ။ "ခင်ဗျားပြောပုံ ထောက်ကြည့်ရတာ ဤပြတ္တမြားကို စောရှင်တစ်ယောက်တည်းမက စောရှင်ရဲ့ သခင်မ မတင်ညွန့်တောင် ပါနေ

mgyoe.com

mgyoe.com


သလိုလို ဖြစ်နေပါပြီကောဗျ။ ပြောစမ်းပါ၊ ဖွင့်သာပြောစမ်းပါ။ ကျွန်တော် နှုတ်လုံပါတယ်ခင်ဗျာ"

ရှား ။ ။ "ဦးကျောက်ခဲ အင်မတန် သိချင်သလား"

ကျွန်ုပ် ။ ။ "သိချင်ဆိုတော့ ဘာပြောစရာရှိသလဲ ခင်ဗျာ"

ရှား ။ ။ "ကိုင်း ... ကိုင်း ... ဦးကျောက်ခဲဟာ ရိုးသားဖြောင့်မတ်ပုံလည်း ရတယ်။ နှုတ်လည်းလုံတယ်။ သည်တော့ ကျုပ်ခါတိုင်းပြုနေကြ ထုံးစံကို အသာထားပြီး နည်းနည်းတော့ ဖွင့်ပြောရမှာပေါ့လေ။ သည် ပတ္တမြားနဲ့ နီလာကို ဘယ်သူမှမယူဘူး။ မတင်ညွန့်ယူတာ အမှန်ပဲ ဦးကျောက်ခဲရဲ့။ ပြီးတော့ ကျုပ်တို့က ထင်ခြင်းထင်ရင် စောရင်ကို ထင်ကြလိမ့်မယ်ဆိုတာ သိလေတော့ စောရင်ကိုလည်း သူက တိုင်ပင်ဖော်တိုင်ပင်ဖက်လုပ်ပြီး ကပ်ပေါင်းထားတယ်။ ကိုင်း ... ရိပ်မိပြီလား"

ကျွန်ုပ် ။ ။ "စုံထောက်ကြီး ပြောလို့တော့ ကြားရပါရဲ့။ သို့သော် ယုတ္တိမရှိပါဘူး ခင်ဗျာ။ ကိုယ်ပိုင်ပြီး ပတ္တမြားကို ကိုယ်ခိုးပြီး ယူရသေးတယ်လို့ ကြားပဲ မကြားဖူးပါဘူးခင်ဗျာ။ အကျိုးအကြောင်း ပြောပြစမ်းပါဦး"

ရှား ။ ။ "အကျိုးအကြောင်းတော့ နက်ဖြန် ကြားရလိမ့်မယ် ဦးကျောက်ခဲ။ မတင်ညွန့်က နက်ဖြန် သူ့ကြီးတော်များထံ သွားပြီးလည်ဖို့ အကြံအစည်ကို မပယ်ဖျက်ဘဲ လည်မြဲတိုင်း လည်မယ်လို့ဆိုရင် ဟုတ်တိုင်းမှန်ရာကို မင်းကတော်ကြီးကို ကျုပ်အကုန်ပြောရလိမ့်မယ်။ သည်တော့မှ ခင်ဗျား နားထောင်ပေတော့။ သည်ကနေ့ညတော့ သည်လောက်ပြောရင် တော်ပြီ။ ကိုင်း ဦးကျောက်ခဲ ဧည့်သည်က ဖွင့်ပြောရရင်မကောင်းဘူး။ ကျုပ်လည်း ထမင်းဆာလှပါပြီ။ ထမင်းများ ပြင်ကြပါစေတော့"

ဟု ပြောသည်နှင့် ကျွန်ုပ်မှာ ထပ်လောင်း၍ မေးရန် အခွင့်မရဘဲ ညစာ ထမင်းများကို မောင်စံရှားအား ပြင်ဆင်၍ ကျွေးမွေးရလေ၏။

ထမင်းစားသောက်၍ ပြီးလေလျှင် ကျွန်ုပ်သည် မောင်စံရှားကို ဧည့်ခန်းတွင် ထားခဲ့၍ အိပ်ခန်းကို ကောင်းမွန်စွာ ပြင်ဆင်ပြီးလေပြီလောဟု သွားရောက်ကြည့်ရှုရာ ဘိုးဟန်နှင့်တွေ့သဖြင့် ဘိုးဟန်က မြို့ဝန်မင်းထံမှ ညနေက မင်းကတော်ကြီး စာတစ်စောင်ရရှိကြောင်း၊ ၎င်းစာတွင် ယခင်က ဖမ်းဆီး၍ထားသော ရှမ်း ၃ ယောက်ကို ပြစ်မှုမထင်ရှားသည်ဖြစ်၍ လွှတ်လိုက်တော့မည်ဖြစ်ကြောင်း၊ စုံထောက်

mgyoe.com

mgyoe.com


ကြီး အကယ်၍ တွေ့လိုက သွားရောက်မေးမြန်းနိုင်ကြောင်း၊ ယခင်က မင်းကတော်ကြီးသည် မေ့လျော့နေသည်ဖြစ်၍ ယခုမှ မိမိအား ပြောကြားရန် ခေါ်ငင်၍ ပြောလိုက်ကြောင်းကို ပြောဆိုလေ၏။ ထိုအခါ ကျွန်ုပ်လည်း အခန်းကိုကြည့်ရှု၍ စုံထောက်ကြီးထံ ပြန်သွားပြီးလျှင် ရှမ်း ၃ ယောက်၏ အကြောင်းကို ပြောပြရာ စုံထောက်ကြီးက နက်ဖြန်နံနက် မိမိကိုယ်တိုင် မြို့တွင်းသို့ သွားရောက်ပြီးလျှင် ရှမ်းများကို မေးမြန်းဦးမည်ဖြစ်ကြောင်း ပြောပြီးလျှင် ကျောက်ကုန်သည်ကြီး ဦးကံရုံ၏ နေရပ်ကိုလည်း မေးမြန်း၍ စာတစ်ရွက်တွင် ကူးယူပြီးနောက် မိမိအိပ်ရန် ခုတင်ကို မတင်ညွှန့်၏ အခန်းပေါက်တွင် ပြင်ဆင်၍ပေးရန် ပြောလေ၏။

ထိုအခါ ကျွန်ုပ်သည် မောင်စံရှား အိပ်ရန်အတွက် ခေါက်ခုတင်ကို မတင်ညွှန့်၏ အခန်းပေါက်တွင် ပြင်ဆင်၍ ပေးပြီးနောက် မောင်စံရှားသည် ခုတင်ပေါ်တွင် ပက်လက်လှန်၍ ဆေးတံသောက်လျက် ထားခဲ့ပြီးနောက် မောင်မြင့်ဖေရှိရာ အခန်းသို့ လာရောက်ရာ မောင်မြင့်ဖေသည် စိတ်ရှုပ်သော အမူအရာနှင့်အခန်းတွင်း၌ လူးလာခတ်လျက် လမ်းလျှောက်နေရာမှ ...

မြင့် ။ ။ "စုံထောက်ကြီး ကိုစံရှားကော ဦးကျောက်ခဲ"

ကျွန်ုပ် ။ ။ "အိပ်ပြီ"

မြင့် ။ ။ "ဘယ်အခန်းမှာ အိပ်သလဲ"

ကျွန်ုပ် ။ ။ "မတင်ညွှန့်အခန်းပေါက်မှာ အိပ်တယ်"

မြင့် ။ ။ "သြော် ... စုံထောက်ကြီး၊ စုံထောက်ကြီး။ သူကဖြင့် မတင်ညွှန့်ကို တကယ်ထင်နေတော့တာပဲနော်။ ဘယ့်နှယ် ဖြစ်နိုင်မလဲဗျာ။ သို့သော် မတင်ညွှန့် လုပ်ပုံကိုင်ပုံ အမူအရာကလည်း ခုပုံတော့ တယ်ပြီး ထူးဆန်းနေတာကိုးဗျ။ ထင်လည်း ထင်စရာပဲ။ သူ့အကြံက စောရှင်နဲ့ မတင်ညွှန့်နဲ့ဟာ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ထင်ပြီး သူတို့နှစ်ယောက် တိုင်ပင်ခွင့်မရအောင် အပေါက်က စောင့်ပြီးအိပ်တဲ့ လက္ခဏာပဲ။ သြော် ... ဒါထက် ခုနက ကျွန်တော် စာဖတ်နေတုန်း စောရှင်က ဘာများပြောမယ်လို့မှန်း မသိဘူး။ ကျွန်တော့်အခန်းထဲ ဝင်ပြီး လာတယ်"

ကျွန်ုပ် ။ ။ "ဟုတ်ကဲ့လား"

မြင့် ။ ။ "ဟုတ်တယ် ဦးကျောက်ခဲရဲ့၊ ဒီလိုဗျ၊ ကျွန်တော်က စိတ် ခပ်ရှုပ်ရှုပ်ရှိနေတာနဲ့ စာတစ်အုပ်ကို တောင်လှန် မြောက်လှန်နဲ့ လုပ်နေတုန်း စောရှင်က အခန်းထဲကို မရဲတရဲဝင်လာပြီး ရပ်ဆိုင်းရပ်ဆိုင်း လုပ်

mgyoe.com

mgyoe.com

နေတယ်။ ဒီတော့ ကျွန်တော်က အစေခံဆိုပေမဲ့ အပျိုကလေး ဖြစ်လေတော့ ခပ်ရွံ့ရွံ့ရှိတာနဲ့ စာအုပ်က မျက်နှာကို မော်မကြည့်လည်း စကားတစ်ခွန်းမျှ ထပ်လောင်း၍ မပြောဘဲ တံခါးလက်ကိုင်ကို လွှတ်လိုက်ရာ မောင်မြင့်ဖေလည်း အိမ်ပေါ်မှ ပျာယီးပျာယာ ဆင်းလာ၍ ...

"သွားပေတော့နော် ... မတင်ညွန့်"

ဟု ပြော၍ နှုတ်ဆက်သောအခါ မတင်ညွန့်သည် မောင်မြင့်ဖေ၏ဘက်သို့ လှည့်၍မျှ မကြည့်ဘဲ ဆိုက်ကုလားကိုသာ ရထားကို မောင်းနှင်ရန် ပြောလေ၏။ ဆိုက်ကုလားလည်း မည်သို့ ပြုရမည်မသိသဖြင့် မင်းကတော်ကြီးရှိရာသို့ ကြည့်လိုက်ရာ မင်းကတော်ကြီးက လက်ပြလိုက်သဖြင့် ရထားလည်း မောင်းနှင်၍ သွားလေ၏။

ထိုအခါ မောင်မြင့်ဖေလည်း အလွန်တရာ ရှက်လည်းရှက်၊ အံ့လည်းအံ့သြလှသော မျက်နှာထားနှင့် မင်းကတော်ကြီးရှိရာသို့ သွား၍ ...

"ဒေါ်ဒေါ် ပြောတာ မှန်နေပြီကော ... ဒေါ်ဒေါ်။ ကိုင်း ကျွန်တော် ပြန်ပါရစေတော့ ခင်ဗျာ။ ခွင့်ပြုပါတော့"

ဟု ပြောလျက် မင်းကတော်ကြီးနှင့်အတူ အိမ်ပေါ်သို့ တက်သွားကြလေလျှင် မောင်စံရှားနှင့် ကျွန်ုပ်တို့နှစ်ယောက်သာ ကျန်ရစ်တော့သည်ဖြစ်ရာ မောင်စံရှားမှာ ဝင်းတံခါးပေါက်အနီးမှ လူတစ်ယောက်သည် ရထားနောက်မြီးသို့ ခုန်တက်သွားသည်ကို မြင်သဖြင့် ဦးခေါင်းညိတ်လျက် ရှိလေ၏။

၎င်းနောက် မောင်စံရှားက ...

"စောရှင်ကို စောင့်ပြီး ကြည့်ရစ်ဖို့ လူတစ်ယောက် ကျုပ်ထားပစ်ခဲ့ပါတယ်။ ဘယ်မှာလဲ ဦးကျောက်ခဲ၊ တစ်ဆိတ် ခေါ်ပေးစမ်းပါ"

ဟု ပြောသဖြင့် ကျွန်ုပ်သည် ထိုသူကို ခေါ်ပေးရာ

ရှား ။ ။ "ဘယ့်နှယ်လဲဟေ့ ... မောင်ထွန်း၊ စောရှင်ကော"

ထွန်း ။ ။ "စောရှင်ကို ကျွန်တော် စောင့်ပြီး ကြည့်နေတော့ စောရှင်က ..."

ရှား ။ ။ "အေးပါလေ ... ပျောက်သွားပါပြီ၊ ငါသိပါတယ်။ ဘယ်လောက်ကြာပြီလဲ"

ထွန်း ။ ။ "တစ်နာရီလောက် ရှိသွားပြီခင်ဗျ၊ ကျွန်တော်လည်းကြည့်တော့ ကြည့်နေတာပဲ။ သို့သော် ကျွန်တော်က ကြည့်လွန်းအားကြီးတော့လည်း ရိပ်မိမှာစိုးလို့ ..."

mgyoe.com

mgyoe.com

ရှား ။ ။ "မဖြစ်ဘူး မောင်ထွန်း။ သည့်ပြင် နည်းလမ်းနဲ့ အသက်မွေးဖို့ မင်းကြံပေတော့၊ ငါတို့အလုပ်နဲ့မင်းနဲ့မဖြစ်ဘူး။ ကိုင်း ... ကိုင်း၊ ပြန်ပေတော့ ... ပြန်ပေတော့"

ဟု ပြောသဖြင့် မောင်ထွန်းဆိုသူလည်း ဝမ်းနည်းသည့် အမူအရာနှင့် ထွက်သွားလေ၏။

ငင်းနောက် မောင်စံရှားလည်း စောရှင်ကို နောက်ဆုံး မည်သူမြင်လိုက်လေသနည်းဟု စုံစမ်းမေးမြန်းရာ ဆိုက်ကုလား၏ သားကလေးက စောရှင်သည် လွန်ခဲ့သည့် နာရီဝက်ခန့်က အတွင်းတွင် တစ်စုံတစ်ခု ကို ချိုင်းတွင်ညှပ်လျက် အိမ်နောက်ဖေး ဝင်းတံခါးမှ သုတ်သုတ်နှင့် သွားသည်ကို မြင်လိုက်ရကြောင်း ပြောဆိုလေ၏။

ထိုအခါ မောင်စံရှားသည် ကျွန်ုပ်ကိုခေါ်၍ အိမ်နောက်ဝင်းတံခါးမှ ထွက်လာကြရာ မုန့်ဟင်းခါးသည်၏ အိမ်သို့ရောက်လျှင် အကျိုးအကြောင်းကို မေးမြန်းသဖြင့် စောရှင်သည် နာရီတစ်ဝက်ခန့်အတွင်းတွင် မိမိတို့အိမ်သို့ မျက်နှာညှိုးငယ်စွာဖြင့်လာရောက်၍ မျက်ရည်စက်လက်နှင့်ပင် ကန်တော်ကြီးဆီသို့ လျှောက်သွားကြောင်း၊ မည်သည့်အကြောင်းကြောင့် စိတ်မချမ်းမသာ ရှိရသည်ကိုမူ မိမိ၏သမီးနှင့် သူငယ်ချင်းဖြစ်၍ အပျိုကလေးတို့ဘာဝ ပြောကြားလေဟန် လက္ခဏာရှိကြောင်း၊ မိမိ၏ သမီးမှာမူ ထိုခဏ၌ အိမ်တွင် မရှိသေးကြောင်းများကို ပြောဆိုသည်နှင့် ကျွန်ုပ်တို့သည် ကန်တော်ကြီးဆီသို့ လျှောက်လာကြလေ၏။

ကန်တော်ကြီးနံဘေးသို့ရောက်လျှင် မောင်စံရှားသည် ခြေရာများကို စုံစမ်းလျက်ရှိရာ ကျွန်ုပ်မှာ ရေလယ်၌ လူမပါဘဲလျက် မျောနေသော လှေငယ်တစ်စင်းကို ကြည့်ရှုလျက် ရှိလေ၏။ ထိုသို့ကြည့်နေရာမှ မောင်စံရှား၏ အသံဖြင့် ...

"သွားရှာပြီဗျို့ ဦးကျော်ခဲ"

ဟူ၍ ပြောသဖြင့် ကျွန်ုပ်လည်း မော်ကြည့်လိုက်ရာ၊ မောင်စံရှားသည် စာတစ်စောင်ကိုင်လျက် ဖတ်ရှုနေရာမှ ကျွန်ုပ်အား ခေါ်၍ပြသဖြင့် အောက်ပါအတိုင်း ဖတ်ရှုလေ၏။

*"စာရေးခဲ့ပါသည် ဦးကြီးခဲ။ မင်းကတော်ကြီးလက်အောက်၌ အမှုထမ်းရွက်သမျှ ကာလပတ်လုံး ကျွန်မအား မြေးကလေးကဲ့သို့ စောင့်ရှောက်ချစ်ခင်သည့်အတွက် ကျေးဇူးကြီးလှပါသည်။ ဦးကြီးခဲ မေးသည့်နေ့က ကျွန်မ ရိုင်းပျစွာ ဖြေမိသည်ကို စိတ်မရှိပါနှင့်။ အချိန်*

mgyoe.com

mgyoe.com


*တန်သောအခါ အလုံးစုံ သိရစ်ပါလိမ့်မည်။ ကျွန်မကို မရှာကြပါနှင့် တော့။ ကျွန်မ သချိုင်းရှိရာသို့ ကျွန်မကိုယ်ကို ကျွန်မ ပို့လိုက်ပါပြီ"*

*စောရှင်*

၎င်းစာမှာ ဝါးခြမ်းငယ်တစ်ခုဖြင့် ညှပ်လျက် ကမ်းတွင် စိုက်ထူ၍ ထားသည်ကို တွေ့ရကြောင်း ပြောပြီးလျှင် မောင်စံရှားသည် ခြေရာအနေအထားတို့ကို ကြည့်ရှု၍ ကန်လယ်မှလှေငယ်သည် ဤနေရာ၌ ယခင်ကဆိုက်ထားကြောင်း သူငယ်မသည် လှေပေါ်သို့တက်၍ လှေကိုမျှောပြီးလျှင် ရေလယ်သို့ရောက်မှ လှေပေါ်မှ ခုန်၍ချသည့် လက္ခဏာရှိကြောင်းများကိုပြောဆို၍ ကျွန်ုပ်တို့မှာ မည်သို့မျှ မတတ်နိုင်တော့သည်ဖြစ်၍ ပိုက်ကွန်သမားများ ငှားရမ်း၍ ရှာဖွေစေရာ အလောင်းမှာလည်း လေးလံသောဝတ္ထုပစ္စည်းနှင့် ချည်နှောင်နစ်မြုပ်နေသည့်လက္ခဏာရှိသောကြောင့် မည်သည့်နည်းနှင့်မျှ ပြန်လည်ရရှိအောင် မတတ်နိုင်ဘဲ ရှိကြလေ၏။

▪▪ ▪▪ ▪▪

mgyoe.com

mgyoe.com

၇။

မင်းကတော်ကြီးမှာ သူငယ်မ စောရှင်အပေါ်၌ ယခင်အခါကပင် သနားကရုဏာရှိခဲ့သည်ဖြစ်၍ ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိခဲ့ရာ စောရှင်သည် ယခုကဲ့သို့ ရုတ်တရက် သေခြင်းဆိုး သေဆုံးရရှာသည်ဟု ကြားရသောအခါ၌ 'သိန်းထိုက်' ပတ္တမြားမှုအတွက် သက်္ကာမကင်းဖြစ်ခြင်း ခံရသည်အတွက် စိတ်ညစ်ညူးခြင်းကြောင့် ပြုမိပြုရာ ပြုရာလေတော့သည်ဟု မှတ်ထင်သည်နှင့် မောင်စံရှားအား ...

"ရှင့်ကြောင့် သေရှာတာပါပဲရှင်၊ ရှင့်မျက်နှာကိုလည်း ကျွန်မ မကြည့်လိုပါဘူး။ ရှင်စုံထောက်ရတဲ့အတွက် ငွေဘယ်လောက် ကျတယ်ဆိုတာကိုသာ ကျွန်မကို ပြောပါတော့ ကျွန်မ ပေးလိုက်ပါမယ်"

ဟု ပြောလျှင် မောင်စံရှားသည် ခံ့ညားသောအမူအရာဖြင့် ကိုယ်ကို တည့်မတ်စွာရပ်လျက် ...

ရှား ။ ။ "ကျွန်တော့်ကို ကူညီဖို့ခေါ်ငင်သည့်အတွက် ကျွန်တော့်ဝတ္တရားအတိုင်း ဆောင်ရွက်သည်အတွင်း သူငယ်မက စိတ်ညစ်ညူးလို့ ပြုမိပြုရာ ပြုသည်ကို ကျွန်တော်နှင့် ဘာဆိုင်ပါသလဲ မင်းကတော် ကျွန်တော့်ကို ပြန်ပါတော့ဆိုလျှင်လည်း ပြန်ရုံပေါ့။ သို့သော် နာရီတစ်ဝက်လောက် မင်းကတော်ကြီး စဉ်းစားသေးတာပေါ့။ တကယ်လို့ ပြန်ရမယ်ဆိုလျှင် မင်းကတော်ကြီးငွေကို ကျွန်တော်အလိုမရှိပါဘူး"

ဟု ပြော၍ တစ်ခုသော ကုလားထိုင်ပေါ်သို့သွား၍ ထိုင်လျက်ရှိရာ မောင်မြင့်ဖေကလည်း မင်းကတော်ကြီးမှာ သူငယ်မအပေါ်၌ သနားကရုဏာ ကြီးသည့်အတွက် ပြောမိပြောရာ ပြောဆိုမိသည်ကို စိတ်မရှိပါမည့်အကြောင်းနှင့် မောင်စံရှားအား တောင်းပန်ပြီးလျှင် မင်းကတော်ကြီးရှိရာအခန်းသို့ သွားလေ၏။

လမ်းတွင် ကျွန်ုပ်က မောင်မြင့်ဖေအား ယခင်အကြောင်းနှင့် ဆက်လက်၍...

"ဝတ်လုံတော်ရမင်း တကယ်ပြန်တော့မှာလား"

mgyoe.com

mgyoe.com


မြင့် ။ ။ "တကယ်ပေါ့ ဦးကျောက်ခဲ၊ နက်ဖြန် နေ့ရထားနဲ့ ပြန်မယ်"

ကျွန်ပ် ။ ။ "တဖြည်းဖြည်းတော့ မတင်ညွန့် စိတ်လည်လာပါလိမ့်မယ်ဗျာ၊ နေပဲ နေပါဦးတော့"

မြင့် ။ ။ "ကျွန်တော် မရှိရင် စိတ်တင်မကပါဘူး။ လူပါလည်လာမှာပါဗျာ။ ကျွန်တော့်မျက်နှာကို မကြည့်ချင်လောက်အောင် ဒီလောက်တောင် ဖြစ်နေပြီဟာ ကျွန်တော်နေလို့ ဘာအကျိုးရှိတော့မှာလဲ ဦးကျောက်ခဲ"

နာရီတစ်ဝက်ခန့်ကြာလျှင် မင်းကတော်ကြီးလည်း မောင်စံရှားကို တွေ့လို ကြောင်းနှင့် ကျွန်ပ်အား အခေါ်ခိုင်းသည်ဖြစ်၍ ကျွန်ပ်လည်း မောင်စံရှားနှင့်အတူ မင်းကတော်ကြီးရှိရာ အခန်းသို့လိုက်သွား၍ အခန်းတွင်းသို့ရောက်လျှင် မင်း ကတော်ကြီးလည်း မောင်စံရှားအား နေရာထိုင်ခင်းပေး၍ မောင်စံရှားလည်း သင့် လျော်သော ကုလားထိုင်တစ်ခုပေါ်၌ ထိုင်မိလေလျှင် မင်းကတော်ကြီးက ...

စင် ။ ။ "စုံထောက်ကြီး ကိုစံရှားကို ကျွန်မ အလျှင်စလို ပြောမိတာများကို ဘယ်လိုအကြောင်းကြောင့် ပြောမိပါတယ်လို့ ဆင်ခြေ မလဲလိုပါ ဘူး။ ကိုယ်မှားမိတာကိုသာ မှားတဲ့အကြောင်း ဝန်ခံပြီး ဝမ်းနည်း တဲ့ အကြောင်း တောင်းပန်လိုပါတယ် ကိုစံရှားရှင်"

ဟု ပြောဆိုလျက် ငြိမ်သက်တည်ကြည်သော ဣန္ဒြေဖြင့် အကယ်ဝမ်းနည်း သော မျက်နှာထားနှင့် တောင်းပန်လေလျှင် ကျွန်ပ်မှာ ဤမျှလောက်အပြစ်မက ပါးကိုပင်ရိုက်မိစေကာမူ ဤကဲ့သို့ တောင်းပန်လျှင် ကျေထိုက်ပေပြီဟု မှတ်ထင်မိ ပေ၏။

ထိုအခါ မောင်စံရှားလည်း စုံထောက်တို့ မည်သည်မှာ အထင်လွဲသော သူတို့က ရံဖန်ရံခါ ဤမျှလောက်မက ရေရွတ်ပြောဆိုခြင်းပင် ခံခဲ့ရသည်ဖြစ်၍ ဤမျှလောက် ပြောဆိုသည်အတွက် မိမိ၏စိတ်၌ ထိခိုက်နာကျင်ခြင်း မရှိကြောင်း များကို ပေါ့လျော့စွာ ပြောဆိုပြီးလျှင် အမှုအကြောင်းနှင့် ပတ်သက်၍ ဆက်လက် ပြောဆိုပြန်သည်မှာ ...

ရှား ။ ။ "ယခု အစေခံမကလေး မစောရင် သေဆုံးတဲ့ အကြောင်းရင်းမှာ အချို့ကလည်း တစ်မျိုးတွေးကြတယ် မင်းကတော်ကြီး။ ကျွန် တော်ကတော့လည်း မင်းကတော်ကြီး တွေးတဲ့အတိုင်း 'သိန်းထိုက်' ပတ္တမြားမှုနဲ့ ပတ်သက်ပြီး စိတ်ညစ်ညူးတဲ့အတွက် ပြုမိပြုရာ ပြု တယ်လို့ တွေးထင်မိပါတယ်။ သို့သော် ဒီကိစ္စမှာ အသေအချာသိတဲ့ သူကတော့ဖြင့် သိကြပါလိမ့်မယ်"

mgyoe.com

mgyoe.com


စင် ။ ။ "တည့်တည့်ပြောစမ်းပါရှင်။ သိတဲ့လူ အခု သည်အိမ်မှာ ရှိသလား"

ရှား ။ ။ "သိတဲ့လူက ယနေ့ပဲ သည်အိမ်က ထွက်ခွာသွားပါပြီ"

စင် ။ ။ (အတန်ကြာ စဉ်းစားပြီးနောက်) "ကျွန်မသမီး မတင်ညွန့်ကို ဆိုလိုပါသလား"

ရှား ။ ။ "မှန်ပါတယ်"

ငင်းစကားကို ကြားရသောအခါ မင်းကတော်ကြီးလည်း မိမိ၏ရှေ့၌ စားပွဲပေါ်တွင် စုပုံ၍ထားသော ငွေစက္ကူများကို စားပွဲအံဆွဲထဲသို့ သွတ်သွင်းပြီးနောက်...

"အစတုန်းကတော့ သည်အမှုကို ရှင်ဒုက္ခစိုက်ရတဲ့အတွက် ထိုက်သင့်သော ကြေးငွေကို ကျွန်မပေးပြီး လွှတ်လိုက်ဖို့ ကြံရွယ်မိပါတယ်။ အခုရှင်က သည်လို ပြောလို့ ရှိမှဖြင့် သည်အမှုကို အစမှအဆုံးတိုင် လိုက်ရတော့မှာပရှင်၊ ကျွန်မ သဘောက မကောင်းမှုဆိုရင် နည်းနည်းမှ နှစ်သက်တဲ့ဟာ မဟုတ်ဘူး။ ကျွန်မ သမီးကိုလည်း ယခုလို အထင်အမြင်ခံရတာကိုလည်း ကျွန်မ လားလားမှ မနှစ် သက်နိုင်ဘူး။ သို့သော် ဟုတ်လျှင်လည်း ဟုတ်ပေတာပ။ မဟုတ်လျှင်လည်း ရှင်းရှင်းပ။ ကိုင်း ... ကိုင်း ရှင်သိသလောက် ပြောပြစမ်းပါရှင်"

ရှား ။ ။ "ပြောရမှာကလည်း သားအမိ ဖြစ်ပြီးနေတော့၊ တယ်ပြီး အားနာစရာ ကောင်းနေပါတယ် ခင်ဗျာ"

စင် ။ ။ "ကိုင်း ... ရှင်က အားနာလို့ရှိမှ ကျွန်မက အစကလေးဖော်ပြီး ပေးရတာပေါ့ရှင်။ ကျွန်မသမီး မတင်ညွန့်ဟာ တစ်စုံတစ်ခုသော အကြောင်းကြောင့် 'သိန်းထိုက်'နဲ့ နီလာတို့ကို တိတ်တဆိတ် ဝှက်ထားပြီး ပျောက်သွားတဲ့ဟန်ဆောင်ပြီး နေပါတယ်။ သည်လို လား"

ရှား ။ ။ "မှန်ပါတယ်၊ မင်းကတော်ကြီး"

စင် ။ ။ "မဟုတ်နိုင်ပါဘူး ကိုစံရှား။ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ပါဘူး။ ကျွန်မ သမီးဟာ ငယ်ငယ်ကလေးကစပြီး ၅ ပါးသီလကို ခါးဝတ် ကဲ့သို့ မြဲစွဲအောင် သွန်သင်ဆုံးမပြီး လာခဲ့လို့မို့ သည်လိုဟာကို မဆိုထားနဲ့တော့ မမှန်တဲ့စကားကို ပြောဖို့တောင် ဘယ်အခါမှ မဖြစ် နိုင်ပါဘူးရှင်။ ရှင်သိရတာက ယခုမှ သိရတာပါ။ ကျွန်မက မွေး ကတည်းက စပြီး သိလာခဲ့တာဖြစ်တော့ ဘယ်နည်းနဲ့မှ သည်ဟာ မျိုးကို လုပ်မယ့်သမီး မဟုတ်ပါဘူးဆိုတာ၊ ကျွန်မ အတတ်သိပါ တယ်ရှင်။ ကျွန်မကိုလည်း သူမယူဘူး၊ ယူတယ်လို့ ဘာကိုမျှ

mgyoe.com

mgyoe.com


ဖွင့်ပြီး ပြောလို့မဟုတ်ပါဘူး။ သူ့သဘောကို သိလို့ပြောခြင်းဖြစ်ပါတယ်ရှင် ကိုစံရှား သည်တစ်ခါအတွက် လွှဲပါလိမ့်မယ်ထင်တယ်"

ရှား ။ ။ "မင်းကတော်ကြီးကလည်း ကိုယ့်သမီးကို ကိုယ်ယုံကြည်လို့ ပြောပေတာပဲ။ ကျွန်တော်ကလည်း ပြောပါရစေဦးခင်ဗျာ။ ကျွန်တော်ဟာ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော် ၁၅ နှစ်ခန့်ကစပြီး စုံထောက်အလုပ်ကို လုပ်လာခဲ့လို့မို့ အထူးသဖြင့် အိမ်တွင်းမှု အရှုပ်အထွေးများနှင့် ပတ်သက်ပြီး စုံထောက်ခဲ့ရတာ များလေတော့၊ ဂုဏ်သရေရှိ အမျိုးသား၊ အမျိုးသမီးများအကြောင်းကို ကျွန်တော်မှာ အတွင်းသိဆိုတာလို ဖြစ်ပြီး လာခဲ့ရပါတယ်။ ဒီတော့ တစ်ခါတစ်ရံ ဘယ်လိုအမှုများ တွေ့ရပါသလဲဆိုတော့ ဂုဏ်သရေရှိ မိန်းကလေးများမှာ မိဘမသိအောင် ဝတ်ဖို့ စားဖို့ ကုန်တာကတစ်မျိုး၊ မိဘသိအောင် ကုန်တာက တစ်မျိုး၊ တစ်ခါတစ်ခါတော့လည်း မိမိနဲ့ ချစ်ကြိုက်တဲ့ ရည်းစားကို ပံ့ပိုးရတဲ့အတွက် ကုန်ရတာကတစ်မျိုး ဖြစ်လေတော့ မိဘထံမှာလည်း ပြောလို့တော်တဲ့ဟာမျိုး မဟုတ်လေတော့ ကြံမိကြံရာ ပြုမိပြုရာ ဆိုသလို ကိုယ့်ပစ္စည်းကိုယ်ပေမယ့် ပျောက်ချင်ယောင်ဆောင်ရတာမျိုးကိုလည်း ကျွန်တော်တွေ့ခဲ့ဖူးပါတယ်။ မင်းကတော်ကြီး ခင်ဗျား"

ဟု ပြော၍ မင်းကတော်ကြီး၏ အကဲကို ကြည့်ပြီးနောက် ဆက်လက်၍ ပြောပြန်သည်မှာ ...

"ပြီးတော့ တစ်ချက်ကလည်း ပတ္တမြား ပျောက်ဆုံးတဲ့အကြောင်းနဲ့ပြောပြီး ကျွန်တော့်ကို ခေါ်လာတော့ ဘာကိုကြားရသလဲ၊ မတင်ညွန့်ဟာ အင်စပိတ်တော် မေးမြန်းချက်များကို ကောင်းမွန်စွာ မဖြေဆိုလိုကြောင်း၊ အင်စပိတ်တော်နှင့်လည်း အတွေ့မခံချင်ဘူးဆိုတဲ့အကြောင်းကို ကျွန်တော်ကြားရတယ်။ ဒီတစ်ချက်လည်း ထူးဆန်းပါရဲ့။ သို့သော်လည်း အင်စပိတ်တော်က အပြောအဆို မတတ်လို့သာ ကောင်းကောင်းမွန်မွန် မတင်ညွန့်က စကားမပြောသလိုလို ထင်မိပါသေးတယ်။ နောက်ပြီး ကျွန်တော်ရောက်လာတော့ တံခါးက ဆေးပျက်ပြီးနေတာကို တွေ့ရတယ်။ တွေ့လို့ ဆေးသုတ်တဲ့အချိန်နဲ့ ဆေးခြောက်တဲ့အချိန်ကိုတွက်ပြီး ကြည့်လိုက်တော့ ဒီဆေးစွန်းတာနဲ့ ဒီပတ္တမြားပျောက်တာနဲ့ဟာ တစ်ဆက်တည်းပဲလို့ ကျွန်တော်တွက်မိပြန်တယ်။ တွက်မိပြီးတဲ့နောက် 'သိန်းထိုက်'ကို အစေခံထဲက တစ်ယောက်ယောက် ခိုးတာပဲလို့ ထင်ပြီးနေတုန်း၊ ဖြုန်းခနဲဆို မတင်ညွန့်က

mgyoe.com

mgyoe.com

အခန်းထဲက ထွက်လာတဲ့ပြီး ကျွန်တော့်ကို လာပြီး စကားပြောပြန်တော့ အရေးကြီးတဲ့အချက် (၃)ချက် ကျွန်တော်မြင်ရပြန်တယ်။

(၁)အချက်က 'သိန်းထိုက်' ပတ္တမြားပျောက်ဆုံးခြင်းမှာ အချိန် အတော်အတန်ကြာပါလျက် မတင်ညွန့်မှာ ယခုချက်ချင်း ပျောက်ဆုံးစအခါကဲ့သို့ အပြင်းအထန် တုန်လှုပ်လျက်ရှိခြင်း တစ်ချက်။

(၂) အချက်က ပတ္တမြားပျောက်ဆုံးသည်ကို တွေ့အောင်ရှာဖို့လာတဲ့ ကျွန်တော်တို့ကို အဖက်လုပ်၍ စကားကောင်းအောင် မပြောသည် တစ်ချက်။

(၃) အချက်က ပုလိပ်ကို တိုင်တန်းပြီး ကျွန်တော့်ကိုခေါ်လာတဲ့ မောင်မြင့်ဖေအား ကျေးဇူးမတင်တဲ့အပြင် ငြိုးသူရန်ဖက်ကဲ့သို့မှတ်ပြီး စကားဟာဟ မပြောသည် တစ်ချက်၊ ၎င်း (၃)ချက်ဟာလည်း အရေးကြီးတဲ့ အချက်တွေပါ မင်းကတော်ကြီး ခင်ဗျာ၊ တကယ်ဆိုရင် မိမိပစ္စည်းကို မိမိနှမြောတယ်ဆိုလျှင် တစ်ဖန်တွေ့အောင်ရှာဖို့ ကူညီတဲ့လူတွေကို ကျေးဇူးတင်စရာ မဟုတ်ပါလားခင်ဗျာ။ ယခုတော့ ... ရှာပေးတဲ့လူတွေကိုလည်း ရန်သူများကဲ့သို့ မှတ်ထင်ရသတဲ့။ သည်တော့ ... ဘယ်လိုတွေးဖို့ ရှိသလဲ။ ကျွန်တော့်ကို ခုနကပြောတဲ့အတိုင်း ကိုယ့်ပစ္စည်း ကိုယ်ဝှက်ထားလို့ တွေ့မှာစိုးသည်အတွက် ရှာတဲ့လူတွေကို စိတ်ဆိုးတာပဲလို့ တွေးဖို့မရှိပေဘူးလားခင်ဗျာ။ ကျွန်တော်ပြောတာ မင်းကတော်ကြီး ဘယ်လိုသဘောရပါသလဲ ခင်ဗျာ။

စင် ။ ။ "တွေးတော့ တွေးစရာပေပရှင်။ သို့သော်လည်း ကျွန်မသမီးဟာ ဘယ်နည်းနဲ့မှ သည်လိုမလုပ်ဘူးဆိုတာ ကျွန်မသိပြီးပဲရှင်"

ရှား ။ ။ "ပြီးတော့ တစ်ခါ၊ အစေခံတွေပစ္စည်းများ၊ အိမ်သားတွေ ပစ္စည်းများ၊ ဧည့်သည်တွေပစ္စည်း အားလုံးမကျန်ရှာဖွေဖို့ ကျွန်တော်က ပြောတော့လည်း သည့်ပြင်လူတွေအားလုံးက သဘောတူတယ်။ မတင်ညွန့်တစ်ယောက်တည်းက ရှာဖို့ ခွင့်မပြုနိုင်ဘူးတဲ့။ ပြီးတော့လည်း သည်ကနေ့တစ်ခါ မင်းကတော်ကြီးတို့ ရှေ့မှာလည်း မတင်ညွန့်သွားခဲ့လို့ရှိရင် 'သိန်းထိုက်'ကို ရဖို့ ခဲယဉ်းမည့်အကြောင်းကို ပြောပြတော့ ကျွန်တော်ပြောတာကို မထိမဲ့မြင်ပြုပြီးသွားတယ်။ ပြီးတော့ ... မောင်မြင့်ဖေက နှုတ်ဆက်ပြန်တော့လည်း အဖက်လုပ်လို့မှ ပြန်ပြီး စကားပြောမသွားဘူး။ သည်ကဲ့သို့ ပြုမူခြင်းဟာ သူဝှက်ထားသောပစ္စည်းကို မပေါ်ပေါ်အောင် ကြိုးစားနေတဲ့အတွက် မောင်မြင့်ဖေအပေါ်မှာ အကျိတ်အခဲ မကျေနိုင်အောင် ဒေါသဖြစ်ပြီး နေတယ်လို့ ယူဆဖို့ရှိတယ် မဟုတ်လား မင်းကတော်ကြီး ခင်ဗျာ"

mgyoe.com

mgyoe.com


ဟု ပြောသည့်အခါ မင်းကတော်ကြီးသည် ဆိတ်ဆိတ်နေသည်ဖြစ်သော ကြောင့် မောင်စံရှားက ဆက်လက်၍ ...

"ဒီတော့ ... ပတ္တမြားကို မတင်ညွန့်ယူတာ အမှန်ပါ။ သို့ပေမဲ့ ဒီအမှုက သာမညအမှုများလို ဖမ်းလား၊ ဆီးလား၊ ရှာလား၊ ဖွေလား လုပ်ရမယ့် အမှုမျိုး မဟုတ်လေတော့ ဘယ်နည်းနဲ့ သဲလွန်စပေါ်လာအောင် လုပ်ရပါ့မလဲလို့ စဉ်းစား တုန်းမှာ၊ စောရှင်ကို ဖြုန်းခနဲတွေ့ရပြန်တယ်။ စောရှင်ဟာကလည်း ခိုးမှုနဲ့ ထောင် ကိုကျဖူးတဲ့ သူငယ်မကလေး ဖြစ်လေတော့ မတင်ညွန့်ဟာ တကယ်လို့ အစေခံများ နဲ့ ပူးပေါင်းပြီး ကြံစည်မယ်ဆိုရင်ဖြင့် ဒီသူငယ်မနဲ့ ကြံစည်မှာပဲ။ သိခြင်းသိရင် သူသာ သိဖို့ရှိတယ်လို့ အောက်မေ့ပြီး တစ်ချက်နှစ်ချက် ထောက်လှမ်း တီးခေါက် ကြည့်လိုက်တော့ စောရှင်ကိုယ်၌ မသင်္ကာစရာအချက်တွေ အများကြီး တွေ့ရပြန် တယ်။ တွေ့ရလို့ အစကလေးပေါ်အောင် လိုက်မယ်လို့ လုပ်တုန်း၊ ဖြုန်းဆို စော ရှင်က သူ့အကြံတွေ ကျွန်တော်သိကုန်ပြီဆိုပြီး ရေထဲဆင်း သေနှင့်ပြန်တာကိုး ... မင်းကတော်ကြီး ခင်ဗျာ"

စင် ။ ။ "ဒါဖြင့် ယခု ရှင်က ပေါ်အောင် ဘယ်လိုလုပ်ဖို့ ကြံရွယ်ပါသလဲရှင်"

ရှား ။ ။ "ယခုဖြင့် နည်းလမ်း နှစ်လမ်းပဲ ရှိတော့တယ် ခင်ဗျ။ ပထမနည်း ကတော့ဖြင့် သေချာတဲ့နည်းပဲ။ ဒုတိယနည်းကတော့ဖြင့် စမ်းပြီး လုပ်ရမယ့်နည်းပဲ။ ဒီနှစ်နည်းမှာ ကြိုက်ရာကိုသာ မင်းကတော်ကြီး ရွေးချယ်ပါတော့ခင်ဗျာ"

စင် ။ ။ "ပြောပါဦးရှင်"

ရှား ။ ။ "ပထမနည်းကတော့ မတင်ညွန့်ဟာ မော်လမြိုင်မှာပဲ နေထိုင်သည် ဖြစ်စေ၊ ဒီကိုပဲပြန်လာသည်ဖြစ်စေ၊ သူ့ကို အမြဲမပြတ် စောင့်ပြီး ကြည့်ကြဖို့သာ လိုပါတယ် ခင်ဗျာ"

စင် ။ ။ "ဒီပြင်ကော"

ရှား ။ ။ "ဒီပြင် သေလွန်သူ အစေခံမ မစောရှင်၏နေရာမှာ ကျွန်တော်က မိန်းမတစ်ယောက် လူစားထည့်ပြီး မတင်ညွန့်ဟာ ပတ္တမြားကို ပေါင်ပြီးပြီလား၊ ရောင်းပြီးပြီလား ဆိုသည့်အကြောင်းကို သိရ အောင် သူလျှိုသဘောနဲ့ ထားချင်ပါတယ်ခင်ဗျာ"

ဟု ပြောလေလျှင် ...

မင်းကတော်ကြီးလည်း မိမိ၏သမီးကို မိမိ ဤကဲ့သို့ ရာဇဝတ်ကောင်ကို စောင့်ကြပ်၍ သူလျှိုများနှင့် ထားရသော နည်းလမ်းကို မနှစ်သက်နိုင်သည် ဖြစ်

mgyoe.com

mgyoe.com


သောကြောင့် ...

စင် ။ ။ "ဒီနည်းတော့ ကျွန်မ သဘောမကျနိုင်ဘူး ကိုစံရှား၊ ဒီပြင်တစ်နည်းကို ပြောပါတော့"

ရှား ။ ။ "ဒီပြင် တစ်နည်းကတော့ မတင်ညွန့်ဟာ ကျွန်တော် သိရှိရသလောက်မှာ စိတ်ဆတ်တဲ့ မိန်းကလေးတစ်ယောက်ပဲ၊ ပြီးတော့လည်း မိမိထင်တာကို ဖြုန်းခနဲ ပြုတတ်တဲ့သဘော ရှိတယ်လို့ ကျွန်တော်ထင်တယ်။ ဒီတော့ ကျွန်တော်က မစောရှင် သေဆုံးတဲ့အကြောင်းကို မသွယ်မဝိုက်ဘဲ ဖြုန်းခနဲ ပြောလိုက်ရလို့ရှိရင် သူတို့အကြံအစည်တွေ ပျက်ကုန်ပြီရယ်လို့ အောက်မေ့ပြီး ကိုယ်ပြုမိတဲ့အပြစ်ကို ကိုယ်ဖော်ပြီး ရုတ်တရက် လွတ်ခနဲ ပြောလိုက်လိမ့်မယ်လို့ ကျွန်တော်ထင်မိပါတယ်။ ဒီအကြံကိုကော မင်းကတော်ကြီး သဘောကျပါသလား ခင်ဗျာ"

စင် ။ ။ "သဘောကျပါရဲ့ ရှင်"

ရှား ။ ။ "ကိုင်း ဒါဖြင့် မော်လမြိုင်ကို ကျွန်တော်လိုက်ပါဦးမယ်၊ မင်းကတော်ကြီး အစ်မများထံကိုသာ စာတစ်စောင်ရေးပြီး ပေးလိုက်ပါတော့ မင်းကတော်ကြီးခင်ဗျား"

စင် ။ ။ "ဒီကနေ့ဆိုလျှင် ရထားမီပါဦးမလား"

ရှား ။ ။ "ဒီကနေ့တော့ ရထားမမီဘူးခင်ဗျာ။ နက်ဖြန်မှပဲ လိုက်ရတော့မှာပဲ"

စင် ။ ။ "နက်ဖြန်ခါ ရှင်မလိုက်နဲ့၊ ကျွန်မလိုက်မယ်"

ရှား ။ ။ (အံ့သြသော မျက်နှာထားနှင့်) "ခင်ဗျာ"

စင် ။ ။ "ရှင့်အကြံကို ကျွန်မ သဘောကျပါတယ်။ သို့သော် ရှင်သွားလို့ မတော်ပါဘူး။ ကျွန်မကိုယ်တိုင်သွားပြီး မေးပါမယ်၊ ရှင် နေရစ်ပါတော့"

ဟု ပြောလေလျှင် ...

မောင်စံရှားမှာ သဘောမကျသည့် လက္ခဏာရှိသော်လည်း မငြင်းဆန်သာသည်ဖြစ်၍ မင်းကတော်ကြီး ပြောသည့်အတိုင်း နေရစ်ရလေ၏။

mgyoe.com

mgyoe.com

၈။

နောက်တစ်နေ့ မင်းကတော်ကြီးလည်း မော်လမြိုင်မြို့သို့ ထွက်သွားလေလျှင် စုံထောက်ကြီး မောင်စံရှားလည်း မိမိ၏ဒိုင်ယာရီစာအုပ်ငယ်ကို လှန်လှောကြည့်ရှုလျက်ရှိရာ ကျွန်ုပ်လည်း အခန်းတွင်းသို့ ဝင်သွား၍ ...

ကျွန်ုပ် ။ ။ "အမှုနဲ့ပတ်သက်လို့ မှတ်သားစရာတွေ မှတ်သားသလားဗျ"

ရှား ။ ။ "မဟုတ်ပါဘူး ... ဦးကျောက်ခဲ။ ရှေ့ဘယ်အမှု အလှည့်ကျသလဲလို့ ကြည့်နေတာပါ"

ကျွန်ုပ် ။ ။ "ဒါဖြင့် ဒီမှာ ကိစ္စပြီးပြီလို့ စုံထောက်ကြီး ထင်ပါသလား"

ရှား ။ ။ "ကျွန်တော်ထင်တာလား။ ကျွန်တော်ထင်တာကတော့ မင်းကတော်ကြီးဟာ အင်မတန် ပါးနပ်လိမ္မာတဲ့ မိန်းမကြီးတစ်ယောက်ပဲလို့ ကျွန်တော် ထင်တာပဲ ... ဦးကျောက်ခဲ"

ဟု ပြောသဖြင့် ကျွန်ုပ်လည်း အမှုအကြောင်းနှင့် စပ်လျဉ်း၍ လှည့်ပတ်မေးမြန်းရာ မောင်စံရှားမှာ ကျွန်ုပ်၏ မျက်နှာကိုသာ ပြုံးစိစိနှင့်ကြည့်လျက်၊ ဘာကိုမျှ မေး၍ မရအောင်ရှိသဖြင့် လက်လျှော့ပြီးလျှင် မောင်မြင့်ဖေရှိရာအခန်းသို့ သွားရောက်လေ၏။

ဝတ်လုံတော်ရမင်း မောင်မြင့်ဖေမှာ မန္တလေးမြို့သို့ ပြန်တော့မည်ဟု ဆုံးဖြတ်ပြီးသော်လည်း မင်းကတော်ကြီးက မော်လမြိုင်မြို့မှအကြောင်းကို ကြားရအောင် စောင့်ဆိုင်း၍ နေရစ်ပါဦးဟု မှာထားခဲ့သည်ဖြစ်၍ စောင့်ဆိုင်းလျက်ရှိနေရခြင်း ဖြစ်လေသည်။ မောင်မြင့်ဖေမှာ မန္တလေးမြို့မှ ရောက်လာစအခါကတည်းက မတင်ညွန့်နှင့် ချစ်ခင်စုံမက်ခဲ့သည့် လက္ခဏာရှိသည့်ပြင် မင်းကတော်ကြီးကလည်း သဘောတူညီသည့်ဟန် ရှိခဲ့သည်ဖြစ်ရာ၊ ပတ္တမြား ပျောက်ဆုံးသည့်အခါမှ မတင်ညွန့်သည် မည်သို့သော အကြောင်းကြောင့်မသိ၊ စိတ်သဘောပြောင်းလဲ၍ သွားခဲ့သည်ဖြစ်ရကား၊ မောင်မြင့်ဖေမှာ ယောကျ်ားဖြစ်သည့်အလျောက် 'ချင်းစိမ်း

mgyoe.com

mgyoe.com


နှင့် မိဿလင် သူကြင်မှ ကြင်မည်'ဟူသော စကားကဲ့သို့ ဟန်လုပ်လျက်ရှိသော်လည်း ဝမ်းတွင်း၌မူ ချစ်လှသော မိမိ၏ရည်းစားသည် မိမိ၏အပေါ်၌ ရုတ်တရက် စိတ်သဘောပြောင်းလဲပြီးလျှင် ယင်းကဲ့သို့ ပြောင်းလဲရခြင်း၏ အကြောင်းကိုမျှ မိမိအား အဖက်လုပ်၍ မပြောကြားသည်ဖြစ်သောကြောင့် စိတ်လည်းဆိုး၊ စိတ်လည်းညစ်လျက် အတွင်းဆွေး ဆွေးနေသည့် လက္ခဏာနှင့် ပက်လက်ကုလားထိုင်ပေါ်၌ထိုင်ကာ မသာမယာသော မျက်နှာနှင့် ဆေးပြင်းလိပ်မှ မီးခိုးများကို စိုက်ငေးကြည့်ရှုလျက် ရှိလေ၏။

ကျွန်ုပ်မှာ ထိုအိမ်၌ အစေခံပင်ဖြစ်သော်လည်း အသက်အရွယ် ကြီးရင့်သည်လည်းတစ်ကြောင်း၊ ငယ်စဉ်တောင်ကျေး ကလေးအရွယ်မှစ၍ ကျွန်ုပ်၏ လက်ပေါ်တွင် ကြီးပြင်းခဲ့ဘိသကဲ့သို့ ရှိသည်တစ်ကြောင်းကြောင့် အရောတဝင် ခေါ်ငင်ပြောဆိုမြဲ ရှိသည့်အတိုင်း မတင်ညွန့်၏အကြောင်းကို ကျွန်ုပ်အား မတိုင်ပင်ဘဲလျက် ကျွန်ုပ်က စတင်၍ မိန်းကလေးတို့မည်သည်မှာ ဝမ်းတွင်း၌ မည်မျှပင် ချစ်ကြိုက်လျက်ရှိသော်လည်း ရံဖန်ရံခါ မိမိတို့စိတ်နှင့်မတွေ့သည့်အခါ မချစ်မကြိုက်လေယောင်၊ အဖက်မတန်လေယောင် ဟန်ဆောင်ပြီးလျှင် ယောကျ်ားတို့၏ စိတ်နှလုံးကို အကြောင်းမဲ့ အချည်းနှီး ပူဆွေးဒုက္ခရောက်အောင် ပြုလုပ်တတ်မြဲဖြစ်ကြောင်းများကို ပြောဆိုလေသည်။

မြင့် ။ ။ "အလကား ... ဦးကျောက်ခဲရယ် ... တကယ်ဆိုတော့ ကျွန်တော့်အပေါ်မှာ သဘောမကျတာရှိလို့ရှိရင် ဘယ်အချက်မှာ ဘယ်လိုဘယ်လို သဘောမကျဘူးလို့ ဖွင့်လို့တော့ မပြောဘဲနဲ့၊ ကောင်းပြီးကောင်းရဲ့ ဆိုပြီးမှ ကျွန်တော့်ကို ဘာတစ်ခုမျှမပြော၊ တကယ့်အဖက်မတန်သလိုလို ဘာလိုလိုနဲ့ သွားတာဦး၊ နှုတ်ဆက်တာတောင် တကယ့်ခင်ဗျာ။ လူတွေထဲမှာ အရုက်ခွဲတာ ကောင်းနိုင်သေးရဲ့လား ... ဦးကျောက်ခဲရဲ့၊ ကိုင်း ... ရှိပါစေတော့ဗျာ"

ဟု ပြော၍ သောက်လျက်ရှိသော ဆေးပြင်းလိပ်ကို လွှင့်ပစ်ရင်း ပြောလေလျှင် ကျွန်ုပ်မှာ မတင်ညွန့်သည် အထူးသဖြင့် စိတ်သဘောကြီးရင့် မြင့်မြတ်သော မိန်းကလေးတစ်ယောက် ဖြစ်သော်လည်း ရံဖန်ရံခါ ထူးထူးခြားခြား သူတစ်ပါးနှင့် မတူအောင် ပြုမူကြံစည်တတ်သည်များကို မိမိကိုယ်တိုင် သိရှိခဲ့ရကြောင်းများကို မောင်မြင့်အား စိတ်ပြေပျောက်စေခြင်းငှာ ပြောဆိုလျက် ရှိနေရလေ၏။

နောက်တစ်နေ့၌ ကျွန်ုပ်သည် မော်လမြိုင်မြို့၊ မင်းကတော်ကြီးထံမှ ကျွန်ုပ်၏နာမည်နှင့် စာတစ်စောင်ရရှိရာ၊ မတင်ညွန့်နှင့် ပတ္တမြားအကြောင်းကို

mgyoe.com

mgyoe.com

အလွန်တရာ သိလိုလှသည်ဖြစ်၍ စိတ်အားကြီးစွာ ဖတ်ရှုကြည့်ရာ၊ မတင်ညွန့်အား မင်းကတော်ကြီးက မောင်စံရှား၏ အကြံအတိုင်း စောရှင်သေဆုံးကြောင်းကို ရုတ်တရက်ပြောဆိုပါသော်လည်း မောင်စံရှား ထင်မြင်သည့်အတိုင်း မဖြစ်ကြောင်း၊ ၎င်းနောက် မင်းကတော်ကြီးက ဖွင့်ဟမေးမြန်းရာတွင် မတင်ညွန့်သည် မစောရှင်နှင့် အဘယ်အခါမျှ တီးတိုးမတိုင်ပင်ခဲ့ကြောင်း၊ ပတ္တမြားပျောက်ဆုံးသည့် ညဥ့်ကလည်း စောရှင်နှင့် တစ်ကြိမ်မျှမတွေ့ရကြောင်း၊ ပတ္တမြားပျောက်ဆုံးသည့်နေ့မှ ယခုတိုင်လည်း ၎င်းတို့နှစ်ဦးမှာ လူမသိ၊ သူမသိ မည်သို့သောအကြောင်းမျှနှင့် ပတ်သက်၍ မတိုင်ပင်ဖူးကြောင်း ဖြေသည်ဖြစ်၍ မင်းကတော်ကြီးက တစ်ဖန်ဖွင့်ဟ၍ မေးမြန်းသည်တွင် မတင်ညွန့်မှာ မည်သည့်ကြွေးမြီမှ မတင်ရှိပါကြောင်း၊ 'သိန်းထိုက်' နှင့် နီလာတို့မှာ ပျောက်ဆုံးသည့်ညမှစ၍ တစ်ကြိမ်တစ်ခါမျှ မိမိမမြင်ရကြောင်း၊ ၎င်းနောက် မင်းကတော်ကြီးက မတင်ညွန့်သည် ပတ္တမြားပျောက်ဆုံးသည့်အကြောင်းနှင့် စပ်လျဉ်း၍ မည်မျှလောက်သိရှိပါသလောဟု အတိအလင်း မေးမြန်းသောအခါ မတင်ညွန့်က မိမိသည် ၎င်းပတ္တမြားကို မယူငင်မခိုးဝှက်ပါဘဲလျက်၊ လျှို့ဝှက်ယူငင်သည်ဟု သူတစ်ပါးတို့က စွပ်စွဲခြင်းကိုပင် မျိုသိပ်အောင့်အည်း၍ ဆိတ်ဆိတ်နေရခြင်းမှာ မည်သို့သောအကြောင်းကြောင့် ဖြစ်သည်ကို တစ်နေ့၌ သိရှိကြပါလိမ့်မည် ဟူ၍သာလျှင် ပြန်ပြောကြောင်း၊ နောက်ဆုံး၌ မတင်ညွန့်က မိမိသည် မိခင်မေးသမျှကို အကုန်အစင် ပြန်၍မပြောသဖြင့် မိခင်စိတ်ဆိုးအောင် ပြုမိစေကာမူ အမျိုးအနွယ်ကို စောင့်ထိန်းသည်ဖြစ်သောကြောင့် မိခင်သည် မိမိအတွက် ရှက်အောင်အမှုတို့ကို ဘယ်အခါမှ ပြုလည်း မပြုဖူးဘူးကြောင်း ပြုမည်ဟူ၍လည်း မကြံစည်ကြောင်းနှင့် ရေးသားပါရှိသည့်ပြင် စုံထောက်ကြီး ဦးစံရှားအားလည်း ဤစာကို ဖတ်ပြ၍ အမှု၌ ဆောင်ရွက်ခဲ့သည်များအတွက် ကျေးဇူးဥပကာရ တင်ရှိကြောင်း ပြောဆိုပြီးလျှင် စာအိတ်တွင် ပါရှိသော ချက်စက္ကူကို စုံထောက်ကြီးအားပေး၍ လွှတ်လိုက်ပါမည့်အကြောင်းများ ပါရှိလေ၏။

၎င်းစာကို ဖတ်ရှုပြီးနောက် ကျွန်ုပ်လည်း မင်းကတော်ကြီး မှာထားသည့်အတိုင်း စာကိုဖတ်၍ ပြပြီးလျှင် မည်သို့ထင်မြင်ပါသနည်းဟု မေးမြန်းရာ မောင်စံရှားက မျက်ခုံးအနည်းငယ်ချီလျက် ...

"မိဘဆိုတာမျိုးဟာ သားသမီးပြောရင် ယုံကြည်ကြမြဲ ဓမ္မတာပေကိုးဗျ။ သို့သော် မတင်ညွန့် ပြောသမျှဟာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ကျွန်တော်ပြောမယ့်အကြောင်း (၃)ချက်ဟာ မကြာမီပေါ်လာလိမ့်မယ်လို့ ကျွန်တော်က ဗေဒင်ဟောခဲ့ပါတယ်ဗျာ၊ မှတ်သားလို့သာ ထားရစ်ပါတော့"

mgyoe.com

mgyoe.com


ကျွန်ုပ် ။ ။ "ကြားပါရစေခင်ဗျာ"

ရှား ။ ။ "ပထမအချက်က မုန့်ဟင်းခါးသည် သားအမိထံက မကြာမီ အတွင်း တစ်စုံတစ်ခု ကြားရပါလိမ့်မယ်ဗျာ။ ဒုတိယအချက်က ရှမ်းသုံးယောက်အကြောင်းကိုလည်း တစ်ဖန်ကြားရပါလိမ့်ဦးမည်။ မတင်ညွန့် သည်မှာရှိလျှင်လည်း ဒီမှာ ပေါ်လာပါလိမ့်မယ်။ မော်လမြိုင်မှာ ရှိသေးလျှင်လည်း မော်လမြိုင်မှာ ပေါ်လာပြီလို့ ကြားရပါလိမ့်မယ်။ တတိယအချက်ကတော့ ရန်ကုန်မြို့၊ မဂိုလမ်း ရဟူဒီလူမျိုး ဒေးဗစ်ဆိုတဲ့လူ၏အကြောင်းကို ဦးကျောက်ခဲတို့ မကြာမီ ကြားရပါလိမ့်မယ်။ နာမည်ကို သေသေချာချာ မှတ်လိုက်ဗျနော် ... မေ့သွားဦးမယ်"

ဟု ပြောပြီးလျှင် မောင်စံရှားလည်း ရဟူဒီလူမျိုး၏အမည်၊ နေရပ်တို့ကို စာရွက်တစ်ရွက်တွင်ရေး၍ ကျွန်ုပ်အားပေးပြီးလျှင် မင်းကတော်ကြီးက မိမိအတွက် ပေးပို့လိုက်သောငွေ ၃၀၀ိ တန် ချက်စက္ကူကို ကြည့်ရှု၍ မောင်စံရှားက ...

"တယ်ပြီး လိမ္မာပါးနပ်တဲ့ မင်းကတော်ကြီးပေပဲဗျာ။ တယ်တော်ပါပေတယ်။ သို့သော် ဘယ်သူက ဘယ်လိုပင် ဉာဏ်သွားသော်လည်း ဒီက 'သိန်းထိုက်' အကြောင်း ကတော့ဖြင့် မကြာခင် ပေါ်လာဦးမှာပါပဲဗျာ။ ကြည့်ရစ်ပါတော့ ..."

ဟု ပြောပြီးလျှင် မောင်စံရှားလည်း ချက်စက္ကူကို ခေါက်ထည့်၍ မောင်မြင့်ဖေနှင့် နာရီဝက်ခန့် နှုတ်ဆက်စကား ပြောဆိုပြီးလျှင် ပြန်သွားလေ၏။

စုံထောက်ကြီး မောင်စံရှား ပြန်သွားလေလျှင် မောင်မြင့်ဖေသည် ကျွန်ုပ်ကို ခေါ်၍ မင်းကတော်ကြီးထံမှ ၎င်း၏နာမည်နှင့် ရရှိသော စာတစ်စောင်ကို ကျွန်ုပ်အား ပြလေရာ ၎င်းစာမှာ အမှုအကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်ထံသို့ ရေးသားလိုက်သည့် အကြောင်းအရာများအပြင် မတင်ညွန့်၏ အကြောင်းများ ထပ်လောင်းပါရှိလေသည်။

မင်းကတော်ကြီးက မတင်ညွန့်သည် မိမိ၏သမီးဖြစ်ပါလျက်နှင့် အဖိုးတစ်သိန်းတန် ပတ္တမြားပျောက်ဆုံးသွားသည်ကိုပင် မိခင်အား အကျိုးအကြောင်း ကုန်စင်အောင် ဖွင့်ဟ၍ မပြောသည်ကို မိမိက သည်းခံလျက်ရှိသည်မှာ အံ့သြဖွယ်ရာတစ်ခု ဖြစ်ပေကြောင်း၊ သို့ရာတွင် မတင်ညွန့်မှာ ယခုအခါ၌ ပတ္တမြားအကြောင်းနှင့် စပ်လျဉ်း၍ ပြောသည်ကိုပင် မခံမရပ်နိုင် ရှိနေကြောင်း၊ မင်းကတော်ကြီးက မေးမြန်းသည့်အခါတိုင်း တုန်တုန်ယင်ယင် ဖြစ်ပြီးလျှင် မမေးမမြန်းပါမည့် အကြောင်းနှင့် အတန်တန်တောင်းပန်သည် ဖြစ်သောကြောင့် မင်းကတော်ကြီးမှာ

mgyoe.com

mgyoe.com


သမီးအပေါ်၌ စိတ်မဆိုးနိုင်ဘဲ သနားကရုဏာဖြစ်ပေါ်လျက် ရှိနေရသေးကြောင်း၊ မောင်မြင့်ဖေ၏အကြောင်းကိုလည်း သမီးအားပြောပြသည့်အခါ ကောင်းစွာ နားမဝင်နိုင်အောင် ရှိသေးသည်ဖြစ်သောကြောင့် ယခုအတောအတွင်း၌ တစ်ဦးနှင့်တစ်ဦး မတွေ့မဆုံသေးဘဲ နောင်အခါကာလမှ အခွင့်သာမည်များကို မျှော်လင့်စောင့်ဆိုင်းသင့်သေးသည် ဖြစ်သောကြောင့် မောင်မြင့်ဖေမှာ မန္တလေးမြို့သို့ မိမိကြံရွယ်သည့်အတိုင်း ပြန်လည်သွားရောက်လျှင် အကောင်းဆုံး ဖြစ်သေးကြောင်းများနှင့် ပါရှိလေ၏။ ၎င်းစာကို ကျွန်ုပ်ဖတ်ပြီးနောက် မောင်မြင့်ဖေက ...

"မျှော်လင့်ဖို့တော့ မရှိပါဘူး ဦးကျောက်ခဲရဲ့။ ပွဲထဲက ပြောသလို သည်ဘဝမှာဖြင့် သည်မျှနှင့်ပဲ ပြီးကြရုံရှိတာပါပဲ ထင်ပါရဲ့ဗျာ ..."

ကျွန်ုပ် ။ ။ "မင်းကတော်ကြီးကတော့ မျှော်လင့်ဖို့ ..."

မြင့် ။ ။ "ဟာ ... ဒေါ်ဒေါ်ကတော့ အားနာလို့၊ ကရုဏာရှိလို့ ပြောရှာတာပေါ့ ခင်ဗျာ။ တကယ်ဆိုရင် အစကတည်းက မချစ်ဘဲ မကြိုက်ဘဲနေခဲ့ရင်လည်း တော်ပါသေးရဲ့။ ယခုတော့ ကောင်းပြီ ကောင်းရဲ့ဆိုပြီးမှ ဘယ်အကြောင်းကြောင့်မှန်း မသိရ၊ ကိုယ့်ကိုလည်း အဖက်လုပ်လို့မှ မပြောဘဲ စိတ်သဘောပြောင်းလဲသွားတာ အခံခက်လှတယ် ဦးကျောက်ခဲရယ်၊ ရှိပါစေလေ ... လောကကြီးကိုက နိုင်ရင်ကိုင်ကြစတမ်းပေပဲကိုး။ ကျွန်တော်က ရန်ငြိုးဖွဲ့လိုတဲ့သဘောနဲ့ ပြောတာမဟုတ်ပါဘူး ခင်ဗျာ။ အများတို့ထုံးစံလို မတင်ညွှန့်တို့ထုံးစံမဟုတ်တာကို ပြောတာပါ။ ကိုင်း ... ကျွန်တော် ပြန်တော့မယ် ... ဦးကျောက်ခဲ"

ကျွန်ုပ် ။ ။ "မန္တလေးရထား အချိန်လိုပါသေးတယ် ... ဝတ်လုံတော်ရမင်း"

မြင့် ။ ။ မန္တလေးကို မပြန်သေးဘူးဗျ။ ဘိလပ်က ပြန်လာကတည်းက ဗုဒ္ဓဂါယာမြို့ကို ဘုရားဖူးသွားချင်နေတာ ဒီတစ်ခါ သွားဖြစ်ပေတော့မယ်"

ဟု ပြောပြီးလျှင် မောင်မြင့်ဖေသည် နောက်တစ်နေ့တွင်ပင် ကာလကတ္တားမြို့သို့ ထွက်သော မီးသင်္ဘောနှင့် စီးနင်းလိုက်ပါသွားလေ၏။

■ ■ ■

mgyoe.com

mgyoe.com

# ၉။

ဝတ်လုံတော်ရမင်း မောင်မြင့်ဖေ ပြန်သွားပြီးသည့် နောက်တစ်နေ့တွင် မိန်းကလေးတစ်ယောက်သည် ခြေကို မသယ်နိုင် သယ်နိုင် သယ်လျက် ဝင်းအတွင်းသို့ ဝင်လာပြီး မျက်လုံးပြူးပြူး မျက်ဆံ ပြူးပြူးနှင့် ကျွန်ုပ်အားကြည့်၍ ဒေါသအမျက်ကြီးသော အမူအရာနှင့် ...

"မောင်မြင့်ဖေ ဆိုတဲ့လူ မရှိဘူးလား"

ဟု မေးရာ ကျွန်ုပ်က မရိမသေရှိသောအမူအရာကို မနှစ်သက်သည်နှင့် ...

"ဝတ်လုံတော်ရမင်း ဦးမြင့်ဖေကို မေးသလား ... အမိရယ်"

ဟု မေးလိုက်ရာ မိန်းကလေးက ...

"ဟုတ်ပါတယ်ရှင်။ ဝတ်လုံတော်ရမင်း ဦးမြင့်ဖေလို့ပဲခေါ်ခေါ် သူသတ်ယောကျ်ား ဦးမြင့်ဖေလို့ပဲ ခေါ်ခေါ် မထူးပါဘူး"

ဟု ပြောလေ၏။

ကျွန်ုပ် ။ ။ "ကိုယ့်ထက် ဂုဏ်သရေကြီးတဲ့လူများကို ရိုရိုသေသေ ခေါ်ငင်ပြောဆိုပါမှပေါ့ ... မိန်းကလေးရယ်"

မိန်း ။ ။ "ဘာဂုဏ်လဲရှင့်။ သူများကို ရင်ကွဲနာနဲ့ သေအောင် လုပ်တဲ့ဟာကို ရှင်တို့က ဂုဏ်ခေါ်သလား"

ကျွန်ုပ် ။ ။ "ဘယ်သူ့ကို သေအောင်လုပ်လို့ကွယ်"

မိန်း ။ ။ "ကျွန်မ သူငယ်ချင်း မစောရှင်ကလေး သေရှာတာ ဒီက မောင်မြင့်ဖေကြောင့် မဟုတ်ရင် ဘယ်သူ့ကြောင့်လဲရှင်"

ကျွန်ုပ် ။ ။ "သူ့ဘာသာသူ စိတ်ညစ်လို့ ရေထဲဆင်းပြီး သေတယ် မဟုတ်ဘူးလားကွဲ့"

မိန်း ။ ။ "ဘာပြုလို့ စိတ်ညစ်ရတာလဲ။ ဘယ်သူ့ကြောင့် စိတ်ညစ်ရတာလဲ"

mgyoe.com

mgyoe.com


ကျွန့်ပ် ။ ။ "ဒါကတော့ မိန်းကလေးရယ် သူစိတ်ညစ်အောင်ဟာ ဦးမြင့်ဖေက ပြုလုပ်တာလည်း မဟုတ်၊ ဒါထက် မိန်းကလေးက ဘယ်ကလဲ"

မိန်း ။ ။ "ကျွန်မ မုန့်ဟင်းခါးသည်ကြီး သမီးပေါ့ရှင်၊ ရှင်တို့တောင် တစ်ခါ ကျွန်မတို့အိမ်ကို ဝင်လာသေးတယ် မဟုတ်လား"

ဟု ပြောလေလျှင် ...

ကျွန့်ပ်မှာ စုံထောက်ကြီး မောင်စံရှား ဟောပြော၍သွားသော ဗေဒင်တွက်ချက် ၃ ချက်အနက် တစ်ချက်ဖြင့် မှန်လေပြီဟု စိတ်တွင် အောက်မေ့မိပြီးနောက် ...

ကျွန့်ပ် ။ ။ "ဦးမြင့်ဖေကို ဘာကိစ္စရှိလို့လဲ မိန်းကလေး"

မိန်း ။ ။ "တွေ့ချင်လို့ရှင်"

ကျွန့်ပ် ။ ။ "ဘာကိစ္စလဲ"

မိန်း ။ ။ "သူ့ပေးဖို့ စာတစ်စောင်ရှိလို့"

ကျွန့်ပ် ။ ။ "ဘယ်သူ့ဆီကလဲ"

မိန်း ။ ။ "သွားလေသူ မစောရှင်က သေခါနီး ရေးပြီးပေးခဲ့တဲ့စာပဲ"

ဟု ပြောလေလျှင် ကျွန့်ပ်မှာ စောရှင်သည်ကား သေခါနီးတွင် ပတ္တမြားကျောက်တို့၏အကြောင်းကို ရှင်းလင်း၍ သွားချေတော့ပြီတကားဟု သိချင်လှသောစိတ်ဖြင့် ၎င်းစာကို မိမိအား ပေးအပ်ခဲ့သည်ဖြစ်က ဦးမြင့်ဖေရှိရာအရပ်သို့ မိမိပို့နိုင်ကြောင်း ပြောလေလျှင် ...

မိန်း ။ ။ "တော်ပြီအဘိုး၊ သည်စာကို သူ့လက်ထဲသို့ ကျွန်မကိုယ်တိုင် ထည့်လိုက်ရမယ်တဲ့၊ သေသေချာချာ မှာပြီးသွားတယ်။ သည့်ပြင် ဘယ်သူ့လက်ကိုမှ ကျွန်မ မအပ်နိုင်ဘူး"

ကျွန့်ပ် ။ ။ "ဒါဖြင့် ယခုလိုအကြောင်းကို စာရေးပြီး အကြောင်းကြားလိုက်ရမလား"

မိန်း ။ ။ "ဟုတ်ကဲ့ စာကိုလိုချင်ရင် သူကိုယ်တိုင် ကျွန်မထံလာပြီး ယူလှည့်လို့ ပြောလိုက်ပါရှင်။ ကိုင်း ... ကျွန်မ သွားဦးမယ်"

ဟု ပြောပြီးလျှင် မိန်းကလေးသည် ခြေထောက်နှဲ့ နင်းလျက် ထွက်သွားလေ၏။ ကျွန့်ပ်သည် ၎င်းမိန်းကလေး၏ လက်သို့ စောရှင်၏စာကို မည်သည့်နည်းနှင့် ရောက်သွား၍ ၎င်းစာတွင်လည်း မည်သည့်အကြောင်းအရာများ ပါရှိလေသည်ကို တွေးတောစဉ်းစားလျက်ရှိစဉ်တွင် စာပို့ကုလားသည် ကျွန့်ပ်၏အမည်နှင့် သတင်းစာတစ်စောင်ကို လာရောက်ပေးပို့လေလျှင် ကျွန့်ပ်မှာ အမည်နှင့် သတင်းစာ

mgyoe.com

mgyoe.com


တစ်စောင်ကို လာရောက်ပေးပို့လေလျှင် ကျွန်ုပ်မှာ သတင်းစာများကို အဘယ်အခါမှ မှာယူဖတ်ရှုဖူးသည်မရှိသဖြင့် အံ့အားသင့်လျက် လိပ်စာတပ်သောလက်ရေးကို ကြည့်ရှုသည်တွင်မှ ရဟူဒီလူမျိုး ဗေးဗစ်အမည်နေရပ်ကို ရေးသားပေးခဲ့သော စုံထောက်မောင်စံရှား၏ လက်ရေးနှင့်တူနေသည်ကို တွေ့ရသဖြင့် စုံထောက်ကြီး ပို့လိုက်သော သတင်းစာဖြစ်ကြောင်း သိရှိရလေ၏။

ထိုအခါ ကျွန်ုပ်သည် မည်သို့သောအကြောင်းထူးများ ပါရှိ၍ စုံထောက်ကြီးသည် ဤသတင်းစာကို ပေးပို့လိုက်လေသနည်းဟု သတင်းစာကို လှန်လှောကြည့်ရှုရာ တစ်ခုသောနေရာ၌ ခဲတံအနီဖြင့် တားလျက်ရှိသည်ကို တွေ့သည်နှင့် ခေါင်းစဉ်ကို ဖတ်ကြည့်ရာ မဂိုလမ်း၌ ရှမ်းများ ထကြွခြင်းအကြောင်းဟု ပါရှိသည်ကို တွေ့မြင်သည်နှင့် အောက်ပါအတိုင်း ဆက်လက်ဖတ်ရှုရလေ၏။

"မဂိုလမ်း တိုက်နံပါတ် (....) ၌ နေထိုင်လျက်ရှိသော ရဟူဒီလူမျိုး ဒေးဗစ်ဆိုသူ၏တိုက်သို့ ရှမ်းလူမျိုး ၃ ယောက်တို့သည် မကြာခဏလာရောက် နှောင့်ယှက်ပြီးလျှင် ရံဖန်ရံခါ သူတောင်းစားအနေဖြင့် ပိုက်ဆံကြေးငွေ တောင်းခံရန်ဟူ၍ ယိုးမယ်ဖွဲ့ပြီးလျှင် တိုက်တွင်းသို့ ဝင်ရန် လုံ့လပြုသည်ဟူ၍ ဆိုင်ရာဌာနသို့ တိုင်တန်း၍ ထားကြောင်း၊ ၎င်းဒေးဗစ်ဆိုသူမှာ ဥစ္စာကြေးငွေ အတော်အတန် ခိုင်လုံကြွယ်ဝသူဖြစ်သဖြင့် ဝတ္ထုပစ္စည်းအမျိုးမျိုးတို့ကို အပေါင်အနှံခံလျက်ရှိသည်ဖြစ်၍ ၎င်း၏တိုက်တွင်း၌ အပေါင်ခံပစ္စည်းတန်ဖိုး မြောက်မြားစွာ ရှိသည်ဖြစ်ရာ ဆိုင်ရာဌာနအရာရှိတို့က ၎င်းပစ္စည်းများကို ကောင်းမွန်လုံခြုံစွာ သိုဝှက်၍ ထားရန်လည်းကောင်း၊ သို့တည်းမဟုတ် သင့်လျော်သော ဘဏ်တိုက်တစ်ခု၌ အပ်နှံ၍ ထားရန်လည်းကောင်း၊ အကြံပေးလိုက်ရကြောင်းနှင့် ကြားသိရလေသည်။

၎င်းအကြောင်းအရာကို ဖတ်ပြီးလျှင် ကျွန်ုပ်မှာ စုံထောက်ကြီး မောင်စံရှား၏ ဗေဒင်တွက်ချက်တို့မှာ သုံးချက်လုံး မှန်၍နေကြောင်း သိရှိရသည်ဖြစ်၍ အံ့သြခြင်းမက အံ့သြလျက်ရှိလေ၏။ ဤမျှလောက် ရေးသားဖော်ပြပြီးလျှင် ကျွန်ုပ်၏ တာဝန် ကုန်ခဲ့ပြီဖြစ်ရာ ကျွန်ုပ်၏တာဝန်မှာ ကျွန်ုပ်နောက်ထပ်သိရှိရသမျှကို ရေးသားရန်မဟုတ်၊ ကျွန်ုပ်ကိုယ်တိုင်မျက်မြင်တွေ့ကြုံရသော အဖြစ်အပျက်များကိုသာလျှင် ရေးသားဖော်ပြရမည်ဟူ၍ အမိန့်ပေးထားသည်ဖြစ်သောကြောင့် ဤမျှနှင့်ပင် ရပ်တန့်လိုက်ရပါသည်။

mgyoe.com

mgyoe.com

## ၁၀။
## သီလရှင် မယ်ဓမ္မစာရီ၏ ရှင်းလင်းဖော်ပြချက်

ကျွန်မသည် စုံထောက်ကြီး ဦးစံရှား၏ မိတ်ဆွေ ဦးသိန်းမောင်၏ တောင်းပန်ချက်အရ 'သိန်းထိုက်' ပတ္တမြားမှုအကြောင်းနှင့်စပ်လျဉ်း၍ ကျွန်မသိသလောက် ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။ မတင်ညွန့်၏ ဖခင် အရေးပိုင်မင်းမှာ ကျွန်မ၏ ဦးလေးတော်စပ်သူ ဖြစ်သော်လည်း ကျွန်မတို့မှာ ဖခင်ပျက်စီးပြီးနောက် ပိုက်ဆံကြေးငွေ နည်းပါးယုတ်လျော့သည်ဖြစ်သောကြောင့် ဆွေမျိုးအရင်းအချာပင် ဖြစ်သော်လည်း တစ်ယောက်ထံသို့တစ်ယောက် အရောက်အပေါက် နည်းပါး၍ နှစ်ပေါင်းများစွာ တစ်ဦးအားတစ်ဦး မမြင်ဖူးအောင်ပင် ရှိခဲ့လေသည်။ ကျွန်မမှာ ဖခင်သေဆုံးပြီးသည့် နောက်တစ်နှစ်၌ပင် မိခင်သေဆုံးပြန်သည် ဖြစ်သောကြောင့် ဝတ်ကြောင်နှင့် လူတို့ဘောင်တွင် နေရခြင်း၌ အလွန်ကြောက်ရွံ့ ငြီးငွေ့လှသည်ဖြစ်၍ သီလရှင်အဝတ်နှင့် စစ်ကိုင်းတောင်ရိုးတွင် နှစ်ပေါင်းအတန်ကြာ နေထိုင်ပြီးမှ ရွှေတိဂုံစေတီတော်မြတ် ဖူးမျှော်ရန် အခြားသီလရှင် မိတ်ဆွေများနှင့် ရန်ကုန်မြို့သို့ စုန်ဆင်းလာရောက်ခဲ့ပါကြောင်း၊ ယင်းကဲ့သို့ လာရောက်သည့်အခါ အဒေါ်မင်းကတော်ကြီး ဒေါ်သန့်စင်နှင့် ညီမ မတင်ညွန့်တို့နှင့် မတွေ့ရသည်မှာ ကြာရှည်လှပြီ ဖြစ်သောကြောင့် ၎င်းတို့နေထိုင်သော ဗဟန်းရပ်ကွက်ရှိ နေအိမ်သို့ သွားရောက်မေးမြန်းရာ ဦးကျောက်ခဲဆိုသူ အဘိုးကြီးက မင်းကတော်ကြီးတို့မှာ မော်လမြိုင်သို့ အလည်အပတ် သွားရောက်၍ ပြန်လာကတည်းက ရန်ကုန်မြို့ လွှစ္စလမ်းရှိ တိုက်တစ်တိုက်တွင် ငှားရမ်းနေထိုင်လျက် ရှိကြကြောင်းနှင့် ပြောဆိုသဖြင့် အကြောင်းမည်သို့ရှိ၍ ပါသနည်းဟု မေးမြန်းရာ မတင်ညွန့်က ဗဟန်းရပ်ရှိအိမ်၌ နေထိုင်ရခြင်းမှာ 'သိန်းထိုက်' ပတ္တမြားမှုနှင့် ပတ်သက်၍ စိတ်မချမ်းမသာရှိသောကြောင့် မနေထိုင်လိုကြောင်း၊ အမိ မင်းကတော်ကြီးမှာလည်း သမီး၏ အလိုလိုက်၍ သမီးပျော်ရာ ရန်ကုန်မြို့၌ပင် တိုက်ခန်းငှား၍ နေထိုင်လျက်ရှိကြောင်း၊ ဦးကျောက်ခဲမှာ ထိုအိမ်၌ အစောင့်အဖြစ်နှင့် နေထိုင်ရကြောင်းများကို ပြောဆိုလေ၏။ ထိုအခါ ကျွန်မက ညီမ မတင်ညွန့်မှာ ယခုခေတ်အခါ၌ ကြေးငွေပိုက်ဆံ ရှားပါးသည် အတွင်း မိမိအိမ်ပိုင်ရှိပါသဖြင့် တိုက်ခန်းငှားရမ်း၍ နေခြင်းသည် ကြေးငွေကို

mgyoe.com